ရှမ်းပြည်နယ်

ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပွဲ

၁၉၅၉ ခု၊ ဧပြီလ ၂၉ ရက်

ရှမ်းပြည်နယ်
ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပ်ပွဲ

E-book is created by *shanyoma*

၁၉၅၉–ခု၊ ဧပြီလ ၂၉–ရက်

ရှမ်းပြည်နယ် သမိုင်းအကျဉ်းချုပ်

လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဖွဲ့စည်းတည်ထောင်ခြင်း မပြုမီက ပြည်ထောင်စု မြန်မာနိုင်ငံတော်အရှေ့ဘက်ခြမ်းတွင် တည်ရှိနေသည့်ရှမ်းပြည်နယ် တောင်တန်းဒေသများမှာ ပဒေသရာဇ်ရှမ်းပြည်နယ်ဟုခေါ်တွင်လျက် မြန်မာနိုင်ငံတော်(ဗြိတိသျှ)အစိုးရဝန်ကြီးဌာနများနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် ဥပဒေပြုလွှတ်တော်၏ ဥပဒေပြုနယ်ပယ်အပြင်အပတွင် ထားရှိခဲ့လေသည်။

ရှမ်းပြည်နယ်ဒေသတွင် အရပ်ရပ်စီမံအုပ်ချုပ်မှု လွယ်ကူစေရန်အလို့ငှါ ရှမ်းစော်ဘွားပိုင် နယ်ပေါင်း ၃၂ နယ်ပါဝင်သည့်ရှမ်းပြည်နယ်ဒေသကို ပဒေသရာဇ်ရှမ်းပြည်နယ်ဟု ခေါ်တွင်စေလျက် မြန်မာပြည်ဘုရင်ခံ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိကာ (ကော်မရှင်နာမင်းကြီး)ဟုခေါ်သော တိုင်းမင်းကြီးတဦးက စီမံအုပ်ချုပ်ခဲ့လေသည်။ ရှမ်းပြည်နယ်အတွင်းရှိ သစ်တော၊ ပြည်သူ့လုပ်ငန်းအစရှိသော အဓိကအစိုးရဌာနများကို ပဒေသရာဇ်ခေါင်းဆောင်များ ပါဝင်ဖွဲ့စည်းသည့်ပဒေသရာဇ်ကောင်စီ၏ အုပ်ချုပ်မှုစက်ယန္တရားအောက်တွင် ထားရှိပြီး စော်ဘွားများ ကိုယ်တိုင်ကလည်း မိမိတို့ဆိုင်ရာ နယ်များကို အစဉ်အလာဥပဒေများအရ အုပ်ချုပ်ခဲ့ကြပေသည်။

ဖေါ်ပြပါ အုပ်ချုပ်မှုအစီအစဉ်အရ ရှမ်းပြည်နယ်အဘို့ ဥပဒေပြုခြင်းနှင့် အရပ်ရပ်စီမံအုပ်ချုပ်ခြင်းဆိုင်ရာ အချုပ်အခြာအာဏာမှာ မြန်မာနိုင်ငံဘုရင်ခံ၏ လက်တွင်း၌ ရောက်ရှိနေပြီး မြန်မာပြည်ဥပဒေပြုလွှတ်တော်မှာ ပဒေသရာဇ် ရှမ်းပြည်နယ်အပေါ်၌ရင်း၊ လုံးဝသြဇာအာဏာ မရှိခဲ့ပေ။

အကြောင်းရင်းကို စီစစ်လျှင် မြန်မာနိုင်ငံတော်တွင် ပြည်မမှာ နိုင်ငံရေးအရ တိုးတက်သင့်သလောက် တိုးတက်ခဲ့သော်လည်း ရှမ်းပြည်နယ်အပါအဝင်ဖြစ်သည့် တောင်တန်းဒေသဟူသမျှတို့သည် အဖက်ဖက်မှ တိုးတက်မှုမရှိသေးသဖြင့် ရှမ်းပြည်နယ်အား ပါလီမန်အစိုးရစံနစ်ကြိုးဝိုင်းအတွင်း ပါဝင်ဆောင်ရွက်ခွင့် မပြုသင့်သေးဟုယူဆ၍ ဗြိတိသျှအစိုးရသည် ရှမ်းပြည်နယ်တဝန်းလုံးသာမက ချင်းတွင်းနှင့်မြစ်ကြီးနားခရိုင်ရှိ ရှမ်းနယ်များအပြင် ကချင်တောင်တန်းဒေသများ၊ နာဂတောင်တန်းများ၊ ဟူးကောင်းတောင်ကြား တြိဂံနယ်မြေဒေသနှင့်သံလွင်ခရိုင်တို့ကို ချန်လှပ်ခဲ့ပေသည်။

E-book is created by *shanyoma*

ပင်လုံစာချုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး မော်ကွန်းတွင် ပေါ်လွင်ထင်ရှားသည့် အောင်ဆန်း–အက်တလီစာချုပ်ကို ၁၉၄၇–ခုနှစ်၊ ဇန္နဝါရီလအတွင်း၊ လန်ဒန်မြို့၌ ချုပ်ဆိုခဲ့ပြီး နောက် မြန်မာနိုင်ငံတော်သမိုင်းတွင် အစဉ်ထာဝရထင်ရှားနေမည့်ပင်လုံညီလာခံကို ကျင်းပခဲ့ကြ ပေသည်။

ပင်လုံအမည်ရှိ ပင်လုံမြို့ကလေးမှာ ရှမ်းပြည်တောင်ပိုင်းနှင့်မြောက်ပိုင်းအကြားခရီး တဝက်ခန့်တွင်ရှိသည့် လဲချားနယ်တွင် တည်ရှိပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ဗိုလ် ချုပ်အောင်ဆန်းအမှူးပြုသည့် ဖ၊ဆ၊ပ၊လခေါင်းဆောင်ကြီးများနှင့်တောင်တန်းဒေသမှ ခေါင်း ဆောင်ကြီးများပါ စည်းလုံးညီညွတ်စွာ ပါဝင်လျက် စိတ်တူသဘောတူသော ပြဋ္ဌာန်းချက်ကို ရယူ လိုသည့်အလျောက် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် မနေမနား ကြိုးပမ်းကာ ပင်လုံညီလာခံကို ကျင်းပရန် လှုံ့ဆော်ခဲ့လေသည်။

၁၉၄၇–ခုနှစ်၊ ဖေဖော် ဝါရီလ ၁၂–ရက်နေ့၌ ရာဇဝင်တွင် မော်ကွန်းတင်ရစ်မည့်ပင်လုံ ညီလာခံကို ကျင်းပရာဝယ် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် ဖ၊ဆ၊ပ၊လခေါင်းဆောင်ကြီးများ နှင့်တကွ တောင်တန်းဒေသဟူသမျှမှ ခေါင်းဆောင်ကြီးများလည်း အစုံအညီ ပါဝင်တက်ရောက် ကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ် တည်ထောင်ရာတွင် မြန်မာပြည်မနှင့်တောင်တန်းဒေသ ဟူသမျှကို ပူးပေါင်းဆောင်ရွက်ကြရန်ကို လှိုက်လှိုက် သဘောတူကြောင်းကို ဆုံးဖြတ်၍ ကမ္ဘာသိ အောင် ကျေညာခဲ့လေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်မနှင့်တောင်တန်းဒေသဟူသမျှတို့မှ တိုင်း ရင်းသားအားလုံးတို့ စည်းလုံးညီညွတ်စွာ လွတ်လပ်ရေးအောင်ပန်း ဆွတ်လှမ်းခဲ့သည့်လမ်းစကို ရှာလိုက်လျှင် မြန်မာနိုင်ငံ၏ အမျိုးသားညီညွတ်မှုအုတ်မြစ်ကို စတင်တည်ထောင်ပန္နက်ရိုက်ရာ ပင်လုံဒေသမှာ ထင်ရှားပေါ်လွင်လျက်ရှိသဖြင့် ယင်းပင်လုံစာချုပ်သည် မြန်မာပြည်မနှင့်တောင် တန်းဒေသတို့ပေါင်းစပ်မှု စည်းလုံးမှုကို ထင်ရှားစွာ ဖော်ပြသောသမိုင်းဝင်ကဏ္ဍတခုအဖြစ် ထင် ရှားနေပေသည်။

တိုင်းပြုပြည်ပြုလွှတ်တော်

အောင်ဆန်း–အက်တလီစာချုပ်ပါ အချက်အလက်များအရ ပြည်ထောင်စုမြန်မာနိုင်ငံ တော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲရန်အလို့ငှါ ၁၀၄၇–ခုနှစ်၊ ဧပြီလ ၇–ရက်နေ့ တွင် တိုင်းပြုပြည်ပြုလွှတ်တော်ကြီးကို ဖွဲ့စည်းခဲ့လေသည်။ အဆိုပါတိုင်းပြုပြည်ပြုလွှတ်တော်သည်

E-book is created by ***shanyoma***

၁၉၄၇–ခုနှစ်၊ ဇွန်လ–၉ရက်နေ့မှ စက်တဘ်ာလ ၂၄–ရက်နေ့အထိ ကာလအတွင်း ညီလာခံ ၃–ကြိမ်ကျင်းပလျက် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် ဟုခေါ် တွင်စေမည့်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းကို သဘောတူအတည်ပြုကြလေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အခန်းပေါင်း ၁၄ ခန်းနှင့်အပိုဒ်ပေါင်း ၂၃၄–ပိုဒ်ပါဝင်ပြီးလျှင် တောင်တန်းဒေသများဖြစ်သည့်ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်(ယခုကယားပြည်နယ်)ခေါ်သော ကရင်နီပြည်နယ်တို့ပါဝင်ဖွဲ့စည်းထားပြီးလျှင် ပြည်နယ်ဟူသမျှတို့မှာ မိမိတို့၏ ဆိုင်ရာ ယဉ်ကျေးမှုနှင့်လူမှုရေး၊ စီးပွားရေးဟူသမျှတို့တွင် မိမိတို့ဆန္ဒအရ လွတ်လပ်စွာ ပြုပြင်ဖန်တီးနိုင်သော ကိုယ်ပိုင်အုပ်ချုပ်မှုကိုလည်း ခွင့်ပြုထားပေသည်။

တိုင်းပြုပြည်ပြုလွှတ်တော်ညီလာခံများ ဆွေးနွေးကြသည့်ကာလအတွင်း ရှမ်းပြည်နယ်ခေါင်းဆောင်များသည် ပြည်မနှင့်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လိုသည့်ဆန္ဒများကို ပေါ်လွင်ထင်ရှားစွာ ထုတ်ဖော်ခဲ့ခြင်းဖြင့် ပြည်ထောင်စုတဝန်းလုံး၏ ခိုင်မာသော ညီညွတ်မှုကို ကမ္ဘာသိအောင် ပြသနိုင်ခဲ့ပေသည်။

ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်ကြီး ဖွဲ့စည်းတည်ထောင်ရာတွင် ပိသုကာကြီးတဦးဖြစ်ခဲ့သော ရှမ်းပြည်နယ်ခေါင်းဆောင်ကြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းမှာမူ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ၁၉၄၇–ခုနှစ်၊ ဇူလိုင်လ ၁၉–ရက်နေ့၌ မသမာသူတို့၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံသွားရရှာလေသည်။

ရှမ်းပြည်နယ်အစိုးရ

၁၉၄၈–ခုနှစ်မှစ၍ ယနေ့ထက်တိုင် ရှမ်းပြည်နယ်တွင် စီမံအုပ်ချုပ်လျက်ရှိသည့် ရှမ်းပြည်နယ်အစိုးရမှာ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပေါ်ပေါက်လာသောအစိုးရဖြစ်ပေသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အပိုဒ် ၁၆၀–တွင် အောက်ပါအတိုင်း ဖေါ်ပြထားပေသည်။

“၁၆၀။ ။ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်၍ ပါလီမန်၏ ရှမ်းပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်များအနက် အမတ်တဦးဦး၏ အမည်ကို တင်သွင်းသော အခါ ထိုသို့အမည်တင်သွင်းခြင်းခံရသော အမတ်ကို နိုင်ငံတော်သမတသည် အောက်တွင် ‘ရှမ်းပြည်နယ်ဝန်ကြီး’ ဟုခေါ်တွင်ရမည်ဖြစ်သော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်ဖြင့် ခန့်

E-book is created by *shanyoma*

ထားရမည်။ ထိုသို့ခန့်ထားခြင်းခံရသော ဝန်ကြီးသည် ဤအခြေခံဥပဒေ၏ ကိစ္စများအတွက် ရှမ်းပြည်နယ်ဥက္ကဋ္ဌလည်း ဖြစ်ရမည်။''

ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး မကြာမြင့်မီပင် အိန္ဒိယပြည်တွင် မြို့ပေါင်းများစွာ ပါဝင်သည့်နယ်ကြီးများကို စိုးမိုးပိုင်သသည့်မဟာရာဇာစော်ဘွားကြီးများကိုယ်တိုင် မိမိတို့၏ ပိုင်နက်များကို စွန့်လွှတ်ကာ ပြည်သူလူထုသို့ အပ်နှင်းသောအခမ်းအနားများကို ဆင်ယင်ကျင်းပခဲ့ကြလေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ရှမ်းပြည်နယ်ဒေသမှ စော်ဘွားကြီးများကလည်း တိုးတက်လျက်ရှိသော ခေတ်ကို လိုက်လျောကာ အိန္ဒိယပြည်မှ မဟာရာဇာစော်ဘွားကြီးများနည်းတူ မိမိတို့၏ အုပ်ချုပ်ရေးအာဏာများကို ပြည်သူလူထုလက်သို့ပြန်လည်အပ်နှင်းလိုသောဆန္ဒများ ပေါ်ပေါက်ခဲ့သည့်အတိုင်း အုပ်ချုပ်ရေးအာဏာများကို ပြန်လည်အပ်နှင်းရန် ဆုံးဖြတ်ခဲ့ကြသည့်အလျောက် ၁၉၅၂–ခုနှစ်၊ အောက်တိုဘာလ ၂၅–ရက်နေ့တွင် ကျင်းပသည့်သတင်းစာဆရာများ အစည်းအဝေးတွင် ရှမ်းပြည်နယ်စော်ဘွားများ အစည်းအရုံးဥက္ကဋ္ဌ(ရှမ်းပြည်နယ်ဝန်ကြီး)စဝ်ခွန်ချို က မိမိတို့ရှမ်းပြည်နယ်စော်ဘွားများသည် မိမိတို့လက်ဝယ်ရှိ ရှမ်းပြည်နယ်၏ အုပ်ချုပ်ရေးအာဏာကို စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ပြီးဖြစ်ကြောင်း ထုတ်ဖော် ကျေညာလိုက်လေသည်။ ထိုကျေညာချက်တွင် ရှမ်းပြည်နယ်စော်ဘွားများမှာ မိမိတို့၏ ရှမ်းပြည်နယ်သူ ပြည်နယ်သားလူအများတို့အား ခေတ်အလျောက် တိုးတက်လျက်ရှိသည့် ဒီမိုကရေစီအခွင့်အရေးများကို ကျပ်ပြည့်တင်းပြည့်ပေးရန် ကာလရှည်ကြာစွာကပင် ဆန္ဒရှိနေခဲ့ကြကြောင်း၊ ထိုဆန္ဒအရ မိမိတို့၏ လုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော်ပြသောအားဖြင့် ရှမ်းပြည်နယ်စော်ဘွားအားလုံးသည် မိမိတို့လက်ဝယ်ရှိ အုပ်ချုပ်ရေးအာဏာဟူသမျှကို စွန့်လွှတ်ရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်းနှင့်ဖော်ပြပါရှိလေသည်။

ယင်းဆုံးဖြတ်ချက်နှင့်အညီ ရှမ်းပြည်နယ်စော်ဘွားများက စေတနာ ရက်ရောစွာ အုပ်ချုပ်ရေးအာဏာစွန့်လွှတ်ကြသည်ကို လေးစားသောအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက ရှမ်းပြည်နယ်စော်ဘွားကြီးများနှင့်တကွ ၎င်းတို့၏ အိမ်ထောင်စုများအား ကတည္တုတကတဝေဒီအနေအားဖြင့် ကျေးဇူးတုံ့ပြန်သည့်သဘောထားကာ စော်ဘွားကြီးများအား ''တလုံးတခဲတည်းပင်ရှင်လစာ''ပေးရန် သဘောတူညီခဲ့လေသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၁၅၄(၂) ပြင်ဆင်ရေး

ယင်းသို့သဘောတူညီပြီးသည့်နောက် ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရလက်ထက် ၁၉၅၉–

E-book is created by *shanyoma*

E-book is created by shanyoma

ခုနှစ်၊ မတ် ၉–ရက်နေ့တွင် ရန်ကုန်မြို့၊ လူမျိုးစုလွှတ်တော်အဆောက်အဦ၌ ကျင်းပသော ရှမ်းပြည်နယ်ကောင်စီ အရေးပေါ် ညီလာခံတွင် ရှမ်းပြည်နယ်အစိုးရ ပြည်ထဲရေးဝန်ကြီးမိုင်းရှူစော်ဘွားကြီး စဝ်မန်ဖက အောက်ပါအတိုင်း အဆိုတရပ်ကို တင်သွင်းခဲ့လေသည်။

မိုင်းရှူစော်ဘွားကြီး စဝ်မန်ဖက တင်သွင်းသောအဆိုမှာ "ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၄၊ ပုဒ်မခွဲ(၂)၏ ပြဋ္ဌာန်းချက်များသည် ယခုတည်ဆဲပြည်သူ့လွှတ်တော်ဖျက်သိမ်းပြီးနောက် နောက်ထပ်တကြိမ်ရွေးကောက်သော ပြည်သူ့လွှတ်တော်ကို ဖျက်သိမ်းသည့်နေ့ရက်၏ နောက်ဆုံးနေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲစေရန် လိုအပ်သည်ဖြစ်သောကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ပေးပါမည့်အကြောင်း၊ ပါလီမန်အားတိုက်တွန်းနှိုးဆော်ရန် ဤကောင်စီက လေးနက်စွာ ထောက်ခံကြောင်း" ဟူ၍ ဖြစ်လေသည်။

ရှမ်းပြည်နယ်အစိုးရ ပြည်ထဲရေးဝန်ကြီးစဝ်မန်ဖက အဆိုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ပုဒ်မ ၁၅၄(၂)တွင်ဆိုထားသော ပြဋ္ဌာန်းချက်များသည် လွန်ခဲ့သော ဆယ်နှစ်ကာလအခြေအနေက သူ့ခေတ်နှင့်သူ လျော်ညီခဲ့သော်လည်း၊ ပြောင်းလဲလာခဲ့ပြီဖြစ်သော ယခုခေတ်နှင့် မကိုက်ညီတော့သဖြင့် ယခုကဲ့သို့ ပြင်ဆင်ရခြင်းဖြစ်ကြောင်း။ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ လူမျိုးစုလွှတ်တော်တွင်ဖြစ်စေ အမတ်ဖြစ်ရန် ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံများတွင် ရွေးကောက်ပွဲဝင်ကြရမည်ဖြစ်ကြောင်း။

ယခုမူ လူမျိုးစုလွှတ်တော်အမတ် ၂၅–နေရာအတွက် ရွေးကောက်ပွဲမရှိဘဲ ၃၃–နယ်စော်ဘွားများက ရွေးကောက်တင်မြှောက်စေခြင်းသည် ပြည်သူလူထုတရပ်လုံး၏ ဆန္ဒအရ ဖြစ်သည်ဟု ယူဆရန် ခဲယဉ်းကြောင်း။ ထို့ပြင် စော်ဘွားများသည် ပြည်သူ့လွှတ်တော် အမတ်ဖြစ်နိုင်ခွင့်မရှိစေရဆိုသောအချက်အရ အခွင့်အရေးဆုံးရှုံးနေကြောင်း။

ထို့ကြောင့် လူမျိုးစုလွှတ်တော်တွင် ရှမ်းပြည်သူပြည်သားများကလည်း အရွေးခံနိုင်ရန်နှင့်ပြည်သူ့လွှတ်တော်တွင်လည်း စော်ဘွားများအရွေးခံနိုင်ရန်အတွက် အခြေခံဥပဒေပုဒ်မ ၁၅၄(၂)၏ အာဏာတည်ရှိနေခြင်းကို ရပ်စဲရန် လိုအပ်ကြောင်းဖြင့် အကျယ်တဝင့်ရှင်းလင်းတင်ပြသွားလေသည်။

၎င်းအဆိုကို ကျိုင်းတုံနယ်အမတ် ဦးကြီးမြင့်၊ ပင်းတယအမတ်ဦးညွန့်မောင်၊ စကားအမတ်ဦးထွန်းရ၊ နမ်းခမ်းအမတ်ဦးထွန်းအေးနှင့်သီပေါအနောက်ပိုင်းအမတ်ဦးဘထွန်းတို့က အသီးသီး ထောက်ခံဆွေးနွေးကြကြောင်း။ သိန္နီမြောက်ပိုင်းအမတ်မဟာဒေဝီစဝ်ဟိန်ခမ်းက ပြင်

ဆင်ချက်အဆိုတရပ်တင်သွင်းသော်လည်း၊ ထောက်ခံသူမရှိသဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၄(၂)ပြင်ဆင်ရန်အဆိုကို ကောင်စီက အတည်ပြုလိုက်၏ ။

ပုဒ်မ ၁၅၄(၂)နှင့်ပုဒ်မ ၁၈၃(၁)

၁၅၄။ ။(၂)လူမျိုးစုလွှတ်တော်၌ ပါဝင်မည့်ရှမ်းပြည်နယ်ဆိုင်ရာ အမတ်အားလုံးကို ရှမ်းပြည်နယ်၏ စော်ဘွားများသည် မိမိတို့၏ စော်ဘွားများထဲမှ ရွေးကောက်တင်မြှောက်ရမည်။ စော်ဘွားများသည် ပြည်သူ့လွှတ်တော်တွင် အမတ်ဖြစ်နိုင်ခွင့်မရှိစေရ။

၁၈၃။ ။(၁)ပါလီမန်က အခြားပြဋ္ဌာန်းချက်ပြုသည့်တိုင်အောင်–

(က) ကန္တာရဝတီ၊ ဘော်လခဲနှင့်ကြယ်ဖိုးကြီးတို့၏ စောဖျာများသည် လူမျိုးစုလွှတ်တော်တွင်၊ ကယားပြည်နယ်ဆိုင်ရာ ကိုယ်စားလှယ်အမတ်များအဖြစ် ပါဝင်ရမည်။

(ခ) တဆက်တည်းဖြစ်သော အထက်ပုဒ်မအရ မိုးဗြဲနယ်ကို ကယားပြည်နယ်အတွင်းသို့ ပေါင်းသွင်းသောအခါ မိုးဗြဲစော်ဘွားသည်လည်း လူမျိုးစုလွှတ်တော်တွင် ကယားပြည်နယ်ဆိုင်ရာကိုယ်စားလှယ်အမတ်တဦးအဖြစ်ဖြင့် ပါဝင်ရမည်။

(ဂ) စောဖျာများသည်၎င်း၊ စော်ဘွားသည်၎င်း၊ ပြည်သူ့လွှတ်တော်တွင် အမတ်ဖြစ်နိုင်ခွင့်မရှိစေရ။

ပါလီမန်သို့တင်ပြီ

အထက်ဖေါ်ပြပါပုဒ်မ ၁၅၄(၂)ပြင်ဆင်ရန်အဆိုကို ကောင်စီမှ အတည်ပြုပြီး ပါလီမန်သို့တင်ရန် လိုအပ်သည့်အလျှောက် ၁၉၅၉–ခု၊ မတ်လ ၁၂–ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ရှမ်းပြည်နယ်ဝန်ကြီး စဝ်ဟုံဖက ၁၉၅၉–ခု၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(ဒုတိယပြင်ဆင်ချက်)ဥပဒေကြမ်းကို တင်သွင်းလေသည်။

ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ

၁။ (၁) ဤအက်ဥပဒေကို ၁၉၅၉–ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(ဒုတိယပြင်ဆင်ချက်)အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည် နောက်ထပ်တကြိမ် ရွေးကောက်တင်မြှောက်သည့်ပြည်သူ့လွှတ်တော်ဖျက်သိမ်းသည့်နေ့ရက်၏ နောက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၄၏ ပုဒ်မခွဲ (၂)နှင့်၁၈၃ပုဒ်မ၏ ပုဒ်မခွဲ(၁) တို့ကို ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

အဆိုကိုတင်သွင်းရာ၌ ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးစဝ်ဟုံဖက ရှမ်းပြည်နယ်ကောင်စီနှင့်က

E-book is created by *shanyoma*

ယားပြည်နယ်ကောင်စီတို့၏ ဆုံးဖြတ်ချက်အဆိုများအရ ဤပြင်ဆင်ချက်ဥပဒေကြမ်းတင်သွင်းရပုံများကို အကျယ်တဝင့်ရှင်းလင်းတင်ပြ၏။

ပြည်နယ်ဥက္ကဋ္ဌကြီးစဝ်ဟုံဖတင်သွင်းသောအဆိုကို ပ၊မ၊ည၊တ၊မုံ့ရွာအမတ်ဦးဘငြိမ်း၊ တည်မြဲ ဖ၊ဆ၊ပ၊လ၊သနပွင်အမတ်သခင်စံမြင့်၊ နမ်းခမ်းအမတ်ဦးထွန်းအေး၊ သန့်ရှင်းဖ၊ဆ၊ပ၊လ၊တံတားဦးအမတ်သခင်ချန်ထွန်းတို့က အသီးသီး အကျယ်တဝင့် ထောက်ခံဆွေးနွေးကြကြောင်း။ သိန္နီမြောက်ပိုင်းအမတ် မဟာဒေဝီစဝ်ဟိန်ခမ်းက ပြင်ဆင်ချက်အဆိုတင်သွင်းသော်လည်း ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးက ထပ်မံရှင်းလင်းပြမှုကြောင့် အဆိုကို ပြန်လည်ရုပ်သိမ်းသွားသဖြင့် ယင်းဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(ဒုတိယပြင်ဆင်ချက်)ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ အတည်ပြုလိုက်လေသည်။

လူမျိုးစုလွှတ်တော်မှလည်း အတည်ပြုပြီ

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(ဒုတိယပြင်ဆင်ချက်)ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပြီးဖြစ်သော်လည်း လူမျိုးစုလွှတ်တော်မှ ထပ်မံအတည်ပြုရန် လိုအပ်သည့်အလျောက် ယင်းဥပဒေကြမ်းကို ၁၉၅၉–ခု၊ မတ် ၁၆–ရက်နေ့တွင် ကျင်းပသော လူမျိုးစုလွှတ်တော်အစည်းအဝေးတွင် ဝန်ကြီးစဝ်ဝဏ္ဏက တင်သွင်း၏။

ဝန်ကြီးစဝ်ဝဏ္ဏ တင်သွင်းသောအဆိုကို မိုးမိတ်စော်ဘွားကြီးစဝ်ခွန်ချိုက စော်ဘွားများ အာဏာကို မည်သို့စွန့်လွှတ်ရမည်ဆိုသောအချက်နှင့်ပတ်သက်၍ အပိုင်း ၄–ပိုင်းခွဲခြားပြီး အကျယ်တဝင့်ထောက်ခံဆွေးနွေးလျက် ဟသ်ာတမြောက်ပိုင်းတည်မြဲအမတ် ဒေါက်တာစိန်ဘန်းနှင့်မအူပင်တောင်ပိုင်း သန့်ရှင်းအမတ် သခင်သိန်းမောင်တို့ကလည်း အသီးသီး ထောက်ခံဆွေးနွေးပြီး အဆိုပါဥပဒေကြမ်းကို လူမျိုးစုလွှတ်တော်မှ ထပ်မံအတည်ပြုလိုက်လေသည်။

လွှတ်တော်နှစ်ရပ်မှ ထပ်မံအတည်ပြုခြင်း

ရှမ်းပြည်နယ်စော်ဘွားများ အာဏာစွန့်လွှတ်ရေးအတွက် တင်သွင်းသော ၁၉၅၉–ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(ဒုတိယပြင်ဆင်ချက်)ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်နှင့်လူမျိုးစုလွှတ်တော်များမှ အသီးသီး အတည်ပြုပြီးဖြစ်သော်လည်း လွှတ်တော်နှစ်ရပ်တွဲဘက်အစည်းအဝေးမှ ထပ်မံအတည်ပြုရန် လိုအပ်သည့်အလျောက် အဆိုပါဥပဒေကြမ်းကို အတည်ပြုရေးအတွက် လွှတ်တော် ၂–ရပ်တွဲဘက်အစည်းအဝေးကို ၁၉၅၉–ခု၊ မတ်လ ၁၇–ရက်နေ့တွင် ကျင်းပပြုလုပ်လေသည်။

E-book is created by *shanyoma*

လွှတ်တော်အစည်းအဝေး စလျှင်စခြင်း ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးစဝ်ဟုံဖက ၁၉၅၉–ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(ဒုတိယပြင်ဆင်ချက်)ဥပဒေကြမ်းကို စဉ်းစားဆွေးနွေးရန် အဆိုတင်သွင်း၏။

၎င်းအဆိုကို နမ်းခမ်းအမတ်ဦးထွန်းအေးနှင့်ညောင်ရွှေမြောက်ပိုင်းအမတ်ဦးတင်ကိုကိုတို့က အကျယ်တဝင့် ထောက်ခံဆွေးနွေးကြပြီးနောက် အဆိုကို မဲခွဲရာ လွှတ်တော် ၂၇ပ်အမတ်ပေါင်း ၃၆၆–ယောက်ရှိသည့်အနက်၊ အမတ်ပေါင်း ၃၁၈–ယောက်က ထောက်ခံမဲပေးကြရာ အမတ် ၃–ပုံ ၂–ပုံကျော်လွန်သဖြင့် ၁၉၅၉–ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ(ဒုတိယပြင်ဆင်ချက်)ဥပဒေကြမ်းသည် အတည်ဖြစ်ပြီဖြစ်ကြောင်းနှင့်နာယကကြီးက ကျေညာလိုက်လေသည်။

ဤသို့ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၅၄၊ ပုဒ်မခွဲ(၂)နှင့်ပုဒ်မ ၁၈၃(၁)ပြင်ဆင်ချက်ဥပဒေကြမ်းကို အတည်ပြုခဲ့ကြပြီးနောက် ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချလက်မှတ်ရေးထိုးပွဲကြီးကို တောင်ကြီးမြို့၌ ၁၉၅၉–ခု၊ ဧပြီလ ၂၄–ရက်နေ့တွင် ကျင်းပခဲ့လေသည်။

ရှမ်းပြည်နယ်ကောင်စီအရေးပေါ် ညီလာခံ

၁၉၅၉–ခု၊ ဧပြီလ ၂၇–ရက်နေ့တွင် တောင်ကြီးမြို့၌ကျင်းပသော ရှမ်းပြည်နယ်ကောင်စီအရေးပေါ် ညီလာခံ၌ (၁) ရှမ်းပြည်နယ် နယ်ရှင်စဝ်ဖလုံများ အာဏာစွန့်လွှတ်သည့်ကိစ္စနှင့်ပတ်သက်၍ ၎င်းတို့အားပေးရမည့်တလုံးတည်းပင်စင်ငွေများအတွက် လိုအပ်သောငွေများကို ပြည်ထောင်စုအစိုးရက ရှမ်းပြည်နယ်အစိုးရသို့ အထူးထောက်ပံ့ငွေအဖြစ် ထောက်ပံ့ခြင်းကို လက်ခံရန်၊ (၂) ရှမ်းပြည်နယ်အစိုးရနှင့်နယ်ရှင်စဝ်ဖလုံတို့ ချုပ်ဆိုသည့်စာချုပ်များကို အတည်ပြုရန်၊ (၃) ရှမ်းပြည်နယ် နယ်ရှင်စဝ်ဖလုံများသည် မိမိတို့နယ်အတွင်း အုပ်ချုပ်မှုအာဏာ၊ စီမံပိုင်ခွင့်အာဏာအစရှိသည့်အာဏာအဝဝတို့ကို ခြွင်းချက်မရှိ ပြည်နယ်အစိုးရလက်သို့ လွှဲပြောင်းခြင်းကို လက်ခံရန်၊ (၄) ရှမ်းပြည်နယ် နယ်ရှင်စဝ်ဖလုံများ စွန့်လွှတ်သည့်အာဏာများကို လက်ခံပြီးလျှင် ရှမ်းပြည်နယ်အစိုးရကိုယ်စား၊ ရှမ်းပြည်နယ်ဥက္ကဋ္ဌက ရှမ်းပြည်နယ်၏ နယ်သူနယ်သားများအကျိုးကို ရှေ့ရှု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိ၏ လက်အောက်ခံအရာရှိများမှတဆင့်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၁၆၁(၁)အရ ဆက်လက်အုပ်ချုပ်သွားရန်၊ (၅) ရှမ်းပြည်နယ်၏ နယ်ရှင်စော်ဘွားများ စွန့်လွှတ်သည့်အာဏာများအနက် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အုပ်ချုပ်မှုအာဏာအတွင်း ကျရောက်လာသော ကိစ္စများအတွက် ပြည်ထောင်စုအစိုးရက ရှမ်းပြည်နယ်သူနယ်သားများ အကျိုးကို ရှေ့ရှု၍ လိုအပ်သလို တရားဥပဒေများအရ ဆက်လက်အုပ်ချုပ်စေရန်၊ (၆)

E-book is created by shanyoma

ဗဟိုအစိုးရဖွဲ့စည်းပြီးနောက် ရှမ်းပြည်နယ်တဝန်းလုံးအတွက် တူညီသော အခွန်တော်များ ကောက်ခံရန်နှုန်းထားများကို သတ်မှတ်ခြင်းမပြုနိုင်သေးမီအတွင်း၊ နယ်အသီးသီးတွင် သောင်းကျန်းမှုကြောင့် ရပ်ဆိုင်းထားရသော ယခင်က ကောက်ခံခဲ့သည့်အခွန်တော်များ၊ အခွန်တော်နှုန်းထားများနှင့်ကောက်ခံရန် ပြဋ္ဌာန်းသတ်မှတ်ပြီးသောမူများစံနစ်များအတိုင်း၊ "ပြည်နယ်အခွန်တော်ပြန်လည်စီစစ်ရေးအကြံပေးအဖွဲ့ ဖွဲ့စည်းပြီး ရှမ်းပြည်နယ်အစိုးရက ဆက်လက်ကောက်ခံသွားရန်" စသည့်အဆိုများကို ကောင်စီမှ သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်ကြလေသည်။

ယင်းသို့ ဧပြီလ ၂၇–ရက်နေ့က ရှမ်းပြည်နယ်ကောင်စီမှ ဆုံးဖြတ်ချက်များ ချမှတ်ပြီးနောက် ဧပြီလ ၂၉–ရက်နေ့တွင် ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချ မင်္ဂလာအခမ်းအနားကြီးကို တောင်ကြီးမြို့၌ ခြိမ့်ခြိမ့်သဲသဲ တခမ်းတနား ဆင်ယင်ကျင်းပရာ အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမတကြီးဦးဝင်းမောင်၊ နိုင်ငံတော်ဝန်ကြီးချုပ် သတိုးသီရိသုဓမ္မဗိုလ်ချုပ်ကြီးနေဝင်းနှင့်တကွ ပြည်နယ်အသီးသီးနှင့်ပြည်မမှဧည့်သည်တော်ကြီးများပါ တက်ရောက်ကြလေသည်။ ဤအခမ်းအနားကြီးသည်ကား ရှမ်းပြည်နယ်၏ ရာဇဝင်တွင် မော်ကွန်းတင်ရမည့်အခမ်းအနားကြီးတရပ်အဖြစ် တည်ရှိနေမည်ဖြစ်ပေသတည်း။

E-book is created by *shanyoma*

နယ်အမည်		မြေခွန်တော်အရပါ မှတည်၍ ၁၉ နှစ် အတွက်တလုံးတည်း ပင်စင်	သစ်ခတာခွန် အပေါ်မှတည် ၍ ၁၅ နှစ် မကောက် တလုံး တည်းပင်စင်	စုစုပေါင်း တလုံး တည်းပင်စင်များ	ဂဏ ကြိမ်မြောက် ပြည်ထောင်စုအစိုးရ နှင့်ကြီးများအသွင်မှ ဆုံးဖြတ်ချက်အရ ပေးရမည့်တလုံး တည်းပင်စင်များ စုစုပေါင်း
		ကျပ်	ကျပ်	ကျပ်	ကျပ်
၂၀။ မိုင်းနောင်	....	၃,၇၂,၉၇၅	၁၀,၀၅၀	၃,၈၃,၀၂၅	၃,၈၃,၀၂၁
၂၁။ သာမိုင်းခမ်း	....	၃,၇၈,၉၁၅	၇၉,၃၅၀	၄,၅၈,၂၆၅	၄,၅၈,၂၅၈
၂၂။ မောက်မယ်	....	၃,၉၀,၄၆၅	၁၈,၂၄၀	၄,၀၈,၇၀၅	၄,၀၈,၇၀၉
၂၃။ ရုပ်မောက်	....	၄,၁၃,၆၇၀	၁၃,၆၀၅	၄,၂၇,၂၇၅	၄,၂၇,၂၇၉
၂၄။ မိုင်းလွန်း	....	၄,၄၇,၅၃၀	....	၄,၄၇,၅၃၀	၄,၄၇,၅၀၆
၂၅။ မိုးနဲ	....	၆,၄၀,၁၄၀	၂၂,၂၄၅	၆,၆၂,၃၈၅	၆,၆၂,၃၈၅
၂၆။ တောင်သိန်း	....	၉,၄၈,၁၀၅	၁၇,၈၀၅	၉,၆၅,၉၁၀	၉,၆၅,၉၁၄
၂၇။ လဲချား	....	၉,၇၉,၈၇၅	၁၄,၆၀၀	၉,၉၄,၄၇၅	၉,၉၄,၄၇၁
၂၈။ မိုင်းကိုင်	....	၁၀,၅၀,၃၇၅	၂၈,၆၉၅	၁၀,၇၉,၀၇၀	၁၀,၇၉,၀၆၆
၂၉။ ညောင်ရွှေ	....	၁၂,၄၅,၈၇၀	၂,၂၀၅	၁၂,၄၈,၀၇၅	၁၂,၄၈,၀၇၅
၃၀။ မိုးမိတ်	....	၁၃,၁၃,၅၀၂	၄၅,၁၇၀	၁၇,၆၄,၆၈၂	၁၇,၆၄,၆၈၃
၃၁။ တောင်ပိုင်	....	၁၇,၀၂,၆၆၅	၂,၂၃၅	၁၇,၀၄,၉၀၀	* ၁၈,၆၇,၉၁၄
၃၂။ သီပေါ	....	၂၇,၆၃,၉၆၀	၁,၀၉,၉၂၀	၂၈,၇၃,၈၈၀	၂၈,၇၃,၈၈၁
၃၃။ မြောက်သိန္နီ	....	၃၄,၆၃,၉၂၀	၆၂,၉၈၅	၃၅,၂၆,၉၀၅	၃၅,၂၆,၉၀၀
၃၄။ ကျိုင်းတုံ	....	၅၀,၆၀,၄၉၀	၅၄၀	၅၀,၆၁,၀၃၀	၅၀,၆၁,၀၃၅
ပေါင်း	....	၂,၄၇,၅၇,၃၂၈	၇,၈၅,၃၃၀	၂,၅၆,၄၃,၆၅၇	၂,၅၇,၆၃,၀၂၉

* တောင်ပိုင်နယ်အတွက် သဘ္ဘာခွန်ငွေ ၁,၆၃,၀၁၂ ကျပ် ပါဝင်ပြီး။

E-book is created by *shanyoma*

E-book is created by ***shanyoma***

အာဏာစွန့်သည့် စော်ဘွားများရရှိသော တလုံးတည်းပင်စင်များ

နယ်အမည်	မြေခွန်ကော်ထမ်းမှုတည်၍ ၁၅ နှစ်အတွက်တလုံးတည်းပင်စင်	သစ်တောခွန်အပေါ်မူတည်၍ ၁၅ နှစ်အတွက်တလုံးတည်းပင်စင်	စုစုပေါင်းတလုံးတည်းပင်စင်များ	၈၈ ကြိမ်မြောက်ပြည်ထောင်စုအစိုးရ ဝန်ကြီးများအဖွဲ့မှ ဆုံးဖြတ်ချက်အရ ပေးရမည့်တလုံးတည်းပင်စင်များ စုစုပေါင်း
	ကျပ်	ကျပ်	ကျပ်	ကျပ်
၁။ စကယ်	၁၃,၈၁၅	၁၅	၁၃,၈၃၀	၅၀,၀၀၀
၂။ ပင်မှို	၃၃,၅၇၅	....	၃၃,၅၇၅	၅၀,၀၀၀
၃။ ကျူး	၄၆,၂၀၀	....	၄၆,၀၀၀	၅၀,၀၀၀
၄။ စကား	၁,၂၀,၇၇၀	....	၁,၂၀,၇၇၀	၁,၂၁,၇၇၆
၅။ သန်းယဉ်	၁,၂၂,၄၄၅	....	၁,၂၂,၄၄၅	၁,၂၂,၄၃၈
၆။ ဘော်	၁,၃၆,၆၀၀	၆,၉၉၀	၁,၄၃,၆၇၀	၁,၄၃,၆၆၆
*၇။ မိုးမြဲ	၁,၄၄,၅၇၅	....	၁,၄၄,၅၇၅	၁,၄၄,၅၇၁
၈။ ရွှာင်	၁,၅၅,၆၇၀	၃၆၀	၁,၅၆,၀၃၀	၁,၅၆,၀၂၆
၉။ မွေးလှ	၁,၅၇,၃၅၀	....	၁,၅၇,၃၅၀	၁,၅၇,၃၅၀
၁၀။ နွန်းခုတ်နောင်မွန်	၁,၈၀,၇၄၅	....	၁,၈၀,၇၄၅	၁,၈၀,၇၄၃
၁၁။ မိုင်းပွန်	၂,၁၅,၀၄၀	....	၂,၁၅,၀၄၀	၂,၁၅,၀၄၄
၁၂။ ပင်းလောင်း	၂,၃၉,၀၇၀	....	၂,၃၉,၀၇၀	၂,၃၉,၀၇၀
၁၃။ ဟိုဂုံး	၂,၅၀,၁၂၅	....	၂,၅၀,၁၂၅	၂,၅၀,၁၂၅
၁၄။ သထုံ	၂,၆၂,၆၂၀	၂,၃၅၅	၂,၆၄,၉၇၅	၂,၆၄,၉၆၀
၁၅။ ကျေးသီး	၂,၆၃,၅၉၅	....	၂,၆၃,၅၉၅	၂,၆၃,၅၉၅
၁၆။ မိုင်းရှူး	၂,၆၄,၀၃၀	....	၂,၆၄,၀၃၀	၂,၆၄,၀၂၃
၁၇။ ပင်းဒယ	၂,၇၀,၁၃၅	....	၂,၇၀,၁၃၅	၂,၇၀,၁၃၉
၁၈။ ကိုးကန့်	၃,၃၂,၅၂၀	....	၃,၃၂,၅၂၀	၃,၃၂,၅၂၄
၁၉။ မိုင်းပန်	၃,၆၅,၈၉၀	၄၁,၉၅၅	၄,၀၇,၈၄၅	၄,၀၇,၈၄၆

* ကလော။

ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပွဲ
အခမ်းအနားကြီး

ရှေးခေတ်များမှစ၍ ရှမ်းပြည်နယ်၌ နယ်ရှင်စော်ဘွား(စဝ်ဖလုံ)များသည် ထုံးတမ်းစဉ်လာ မျိုးရိုးရိုက်ရာအတိုင်း မိမိတို့နယ်များ အတွင်းတွင် အရပ်ရပ်စီရင် အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာ၊ အခွန်တော်ခန့်ခွဲကောက်ခံမှုအာဏာ စသဖြင့် ကျယ်ပြန့်သော အာဏာများနှင့်ခံစားအုပ်ချုပ်လာခဲ့ရာမှ ယခုခေတ်သို့ ရောက်ရှိလာသည့်အခါတွင်မူ ခေတ်နှင့်လိုက်လျောကိုက်ညီသည့်ပြည်သူ့အုပ်ချုပ်ရေးကို ရှေးအုပ်ချုပ်ရေးစံနစ်အစား ပြောင်းလဲလက်ခံရန် သဘောထားကြီးစွာဖြင့် သဘောတူခဲ့ကြရာ ဤကိစ္စမှာ ရှမ်းပြည်နယ်အတွက်သာမက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရာဇဝင်သမိုင်းတွင် အထူးအရေးပါ အရာရောက်သောကိစ္စတရပ်ဖြစ်သည့်အတိုင်း၊ ၎င်းကိစ္စနှင့်လျော်ညီသည့်အခမ်းအနားတရပ်ကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မြန်မာသက္ကရာဇ် ၁၃၂၁–ခုနှစ်၊ တန်းခူးလပြည့်ကျော် ၇–ရက်(ခရစ်သက္ကရာဇ် ၁၉၅၉–ခုနှစ်၊ ဧပြီလ ၂၉–ရက်)နေ့တွင် ထူးခြားသိုက်မြိုက်စွာ တခမ်းတနား ကျင်းပခဲ့ပေသည်။

၎င်းနေ့ရက် မတိုင်မီကပင်လျှင် ဤရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပွဲနှင့်ပတ်သက်၍ အရေးကြီးသောကိစ္စနှစ်ရပ်ကို ရှမ်းပြည်နယ်ကောင်စီတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့လေသည်။

ကိစ္စတရပ်မှာ ၁၉၅၉–ခုနှစ်၊ ဧပြီလ ၂၄–ရက်နေ့က ရှမ်းပြည်နယ်ကောင်စီခန်းမဆောင်၌ ရှမ်းပြည်နယ်အစိုးရနှင့်နယ်ရှင်စော်ဘွားများ(စဝ်ဖလုံ)များသည် ရှမ်းပြည်နယ်တွင် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချရန်ကို နှစ်ဦးနှစ်ဘက် သဘောတူညီကြောင်း လက်မှတ်ရေးထိုးကြသော အခမ်းအနားဖြစ်ပေသည်။ အခြားကိစ္စတရပ်မှာကား ၁၉၅၉–ခု၊ ဧပြီလ ၂၇–ရက်နေ့တွင် ပြည်နယ်အစိုးရနှင့်နယ်ရှင်စော်ဘွားတို့ ၁၉၅၉–ခု၊ ဧပြီလ ၂၄–ရက်နေ့က လက်မှတ်ရေးထိုးချုပ်ဆိုသွားသော သဘောတူစာချုပ်များကို ရှမ်းပြည်နယ်ကောင်စီ(လွှတ်တော်)က ထပ်မံအတည်ပြုသည့်အရေးပေါ် ကောင်စီညီလာခံ အစည်းအဝေးပင်ဖြစ်ပေသည်။

ဧပြီလ ၂၄–ရက်နေ့က ရှမ်းပြည်နယ်ကောင်စီ ခန်းမဆောင်အတွင်းတွင် ကျင်းပခဲ့သော နယ်ရှင်စော်ဘွားများ စာချုပ်များပေါ် တွင် လက်မှတ်ရေးထိုးသော အခမ်းအနားကို ကျင်းပရာ လက်မှတ်ရေးထိုးမည့်စော်ဘွားကြီးများ၊ ကျမိုင်းများ၊ ကိုယ်စားလှယ်တော်များနှင့်ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်အမတ်များ တက်ရောက်ကြလေသည်။

E-book is created by *shanyoma*

E-book is created by shanyoma

၎င်းအခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ အထူးဧည့်သည်တော်ကြီးများအဖြစ် နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ ပြည်ထဲရေးနှင့်ပြန်ကြားရေးဌာနဝန်ကြီးဦးခင်မောင်ဖြူ၊ ဗမာ့တပ်မတော်တပ်မဟာ(၉)တပ်မဟာမှူးဗိုလ်မှူးကြီးတင်မောင်၊ တပ်မဟာ(၄)တပ်မဟာမှူး ဒု–ဗိုလ်မှူးကြီးသိန်းဒုတ်၊ တပ်မဟာ(၆)တပ်မဟာမှူး ဒု–ဗိုလ်မှူးကြီးခင်ဇာမုံ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ရှမ်းပြည်နယ်အစိုးရအရာရှိကြီးများ စုံညီစွာ တက်ရောက်ကြသည့်အပြင် လွှတ်တော်ကောင်စီ ဧည့်သည်တော်ဆောင်နှစ်ခုလုံးတွင်လည်း ဧည့်သည်တော်များ အထူးများပြားစွာ တက်ရောက်ကြလေသည်။

ရှမ်းပြည်နယ်ကောင်စီ(လွှတ်တော်)ညီလာခံတွင်းသို့ ရောက်ရှိနေကြသော ရှမ်းပြည်နယ်နယ်ရှင်စော်ဘွားကြီး(စဝ်ဖလုံ)များသည် ပြည်နယ်ဥက္ကဋ္ဌကြီး၏ ယာဘက်ထိုင်ခုံများတွင်၎င်း၊ ရှမ်းပြည်နယ်ပြည်သူ့လွှတ်တော်အမတ်များက ဥက္ကဋ္ဌကြီး၏ ဝဲဘက်ထိုင်ခုံများတွင်၎င်း အသီးသီးနေရာယူပြီးနောက် နံနက် ၁၀–နာရီ ၅၅–မိနစ်အချိန်တွင် ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးသတိုးမဟာသရေစည်သူစဝ်ဟုံဖသည် ရဲမင်းကြီး၊ ခရိုင်ဝန်၊ ရဲတို့ခြံရံလျက် ကောင်စီညီလာခံ(လွှတ်တော်)ခန်းမဆောင်ရှေ့သို့ ရောက်ရှိလာသည်နှင့်တပြိုင်နက် ပြည်နယ်အစိုးရအတွင်းဝန်ဦးဆန်ဆမ်က ခရီးဦးကြိုပြုပြီး ပြည်နယ်ဥက္ကဋ္ဌကြီးသည် အရာရှိများ ခြံရံလျက် ကောင်စီညီလာခံ(လွှတ်တော်)ခန်းမဆောင်တွင်းသို့ ဝင်ရောက်လာလေသည်။

ထို့နောက် နံနက် ၁၁–နာရီတိတိအချိန်တွင် ရှမ်းပြည်နယ်အစိုးရနှင့်နယ်ရှင်စော်ဘွား(စဝ်ဖလုံ)များ ချုပ်ဆိုမည့်သဘောတူစာချုပ်များပေါ်တွင် လက်မှတ်ရေးထိုးသည့်အခမ်းအနားကို စတင်ကျင်းပလျှင် ကျင်းပခြင်း၊ ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးစဝ်ဟုံဖက မြောက်သိန္နီစော်ဘွားကြီးအနေဖြင့် ရှေးဦးစွာ သဘောတူစာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးအပြီးတွင် တဖန် ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးအနေဖြင့် ပြည်နယ်ဥက္ကဋ္ဌကြီး၏ စားပွဲပေါ်တွင် ဆက်လက်၍ လက်မှတ်ရေးထိုးပြီးနောက် အစီအစဉ်အတိုင်း နယ်ရှင်စော်ဘွား(စဝ်ဖလုံ)များ၊ ကျမိုင်းများနှင့်ကိုယ်စားလှယ်များက စာချုပ်များပေါ်တွင် အသီးသီး လက်မှတ်ရေးထိုးကြပြီး ပြည်နယ်အစိုးရနှင့်နယ်ရှင်စော်ဘွား(စဝ်ဖလုံ)များ ချုပ်ဆိုသည့်သဘောတူစာချုပ်များပေါ်တွင် လက်မှတ်ရေးထိုးသည့်အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

၎င်းနေ့က ရှောင်တခင် ကျန်းမာရေးချို့တဲ့မှုကြောင့်၎င်း၊ ခရီးလမ်းပန်းဝေးလံလှ၍၎င်း မလာရောက်နိုင်သော စော်ဘွားကြီး ၄–ဦးမှအပ၊ အခမ်းအနားသို့တက်ရောက်၍ လက်မှတ်ရေးထိုးကြသော စော်ဘွားများ၏ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) မြောက်သိန္နီစဝ်ဖလုံ သတိုးမဟာသရေစည်သူ စဝ်ဟုံဖ၊

(၂) ကျိုင်းတုံနယ် စဝ်ဖလုံ စဝ်စိုင်းလုံ၊
(၃) မိုးမိတ်နယ် စဝ်ဖလုံ စဝ်ခွန်ချို၊
(၄) မိုးနဲနယ် စဝ်ဖလုံ သရေစည်သူ စဝ်ပြည့်၊
(၅) တောင်ပိုင်နယ် စဝ်ဖလုံ မဟာသရေစည်သူ စဝ်ခွန်ပန်းစိန်၊
(၆) မိုင်းကိုင်နယ်စဝ်ဖလုံ စဝ်ကြည်၊
(၇) တောင်သိန္နီနယ် စဝ်ဖလုံ စဝ်ဆိုဟုံဖ၊
(၈) လဲချားနယ် စဝ်ဖလုံ သရေစည်သူ စဝ်နွံ၊
(၉) ရပ်စောက်နယ် စဝ်ဖလုံ စဝ်ခွန်ဆာ၊
(၁၀) စကားနယ် စဝ်ဖလုံ မဟာသရေစည်သူ စဝ်ခွန်ကြည်၊
(၁၁) မိုင်းပန်နယ် စဝ်ဖလုံ သီရိပျံချီ စဝ်ရွှေကြည်၊
(၁၂) မိုင်းပွန်နယ် စဝ်ဖလုံ စဝ်ဆေဟုန်၊ ဘီ၊အေ၊ (ဂုဏ်ထူး)
(၁၃) သာမိုင်းခမ်းနယ် စဝ်ဖလုံ မဟာသရေစည်သူ စဝ်ထွန်းအေး၊
(၁၄) ကျေးသီးမန်စံနယ် စဝ်ဖလုံ သရေစည်သူ စဝ်ရွှေမှုံ၊
(၁၅) လွှယ်လုံ(ပင်လောင်း)နယ် စဝ်ဖလုံ သီရိပျံချီ စဝ်မိုးကျော်၊
(၁၆) ဘော်နယ် စဝ်ဖလုံ သီရိပျံချီ စဝ်ခွန်အောင်၊
(၁၇) မိုင်းရှုနယ် စဝ်ဖလုံ ဝဏ္ဏကျော်ထင် စဝ်မန်ဖ၊
(၁၈) မိုင်းနောင်နယ် စဝ်ဖလုံ စဝ်အုံးမောင်၊
(၁၉) စကွယ်နယ် စဝ်ဖလုံ စဝ်ခွန်ညွန့်၊
(၂၀) ဘန်းယဉ်နယ် စဝ်ဖလုံ စဝ်စိန်ညွန့်၊
(၂၁) ကျုံးနယ် စဝ်ဖလုံ စဝ်ခွန်ဆောင်း၊
(၂၂) ရွာငံနယ် စဝ်ဖလုံ စဝ်ခွန်ရီ၊
(၂၃) ပင်းတယနယ် စဝ်ဖလုံ စဝ်ဝင်းကြည်၊
(၂၄) ပွေးလှနယ် စဝ်ဖလုံ စဝ်ထွန်းစိန်၊
(၂၅) ပင်မှီနယ် ကျမိုင်း စဝ်ခွန်ဦး၊
(၂၆) နန်းခုတ်နောင်မွန်နယ် ကျမိုင်းကိုယ်စား စဝ်လွန်းအုံ၊
(၂၇) သထုံနယ် စဝ်ဖလုံ စဝ်အောင်မြင့်ကိုယ်စား ဒေါ်အေးသန့်၊
(၂၈) မောက်မယ်နယ် ကျမိုင်း စဝ်ထွန်းဖကိုယ်စား စဝ်ဗိုလ်ခမ်းနှင့်
(၂၉) ဟိုပုံးနယ် ကျမိုင်းခွန်အို့ကိုယ်စား နန်းရွှေဥ
တို့ဖြစ်ကြပါသည်။

ထိုကဲ့သို့ စာချုပ်များ လက်မှတ်ရေးထိုးသည့်အခမ်းအနားကျင်းပပြီးသည့်နောက် ၁၉၅၉ –ခု၊ ဧပြီလ ၂၇–ရက်နေ့ နံနက် ၁၁–နာရီအချိန်တွင် ရှမ်းပြည်နယ်ကောင်စီ အရေးပေါ် ညီလာခံ

E-book is created by *shanyoma*

E-book is created by shanyoma

အစည်းအဝေးတရပ်ကို တောင်ကြီးမြို့ရှိ ကောင်စီညီလာခံခန်းမဆောင်၌ ကျင်းပရာ စကားနယ် စော်ဘွားကြီး မဟာသရေစည်သူ စဝ်ခွန်ကြည်က သဘာပတိအဖြစ် ဆောင်ရွက်ပါသည်။

အဆိုပါအစည်းအဝေးသို့ ပြည်နယ်ဥက္ကဋ္ဌကြီးသတိုးမဟာသရေစည်သူ စဝ်ဟုံဖနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မိုးမိတ်စော်ဘွားကြီးစဝ်ခွန်ချို၊ တောင်ပိုင်စော်ဘွားကြီးမဟာသရေစည်သူ စဝ်ခွန်ပန်းစိန်အပါအဝင် စော်ဘွား ၂၁–ဦး၊ ပြည်နယ်ပြည်သူ့လွှတ်တော်အမတ်များနှင့်တကွ ညှိသည်တော်များအဖြစ် ပြည်နယ်အစိုးရအရာရှိများ တက်ရောက်ကြပါသည်။

အစီအစဉ်အရ ကောင်စီသဘာပတိက အစည်းအဝေးစတင်ကြောင်း ကျေညာအပြီးတွင် ရှေးဦးစွာ ပြည်နယ်အစိုးရ ပြည်ထဲရေးဌာနဝန်ကြီးဝဏ္ဏကျော်ထင်စဝ်မန်ဖက ရှမ်းပြည်နယ် နယ်ရှင်စဝ်ဖများ အာဏာစွန့်လွှတ်သည့်ကိစ္စနှင့်ပတ်သက်၍ ၎င်းတို့အားပေးရမည့်တလုံးတည်းပင်စင်ငွေများအတွက် လိုအပ်သောငွေများကို ပြည်ထောင်စုအစိုးရက ရှမ်းပြည်နယ်အစိုးရသို့ အထူးထောက်ပံ့ငွေအဖြစ် ထောက်ပံ့ခြင်းကို လက်ခံရန်၊ ဤကောင်စီက သဘောတူပါကြောင်း အဆိုကို တင်သွင်းရာ နမ်းခမ်းအမတ်ဦးထွန်းအေး၊ သိန္နီမြောက်ပိုင်းအမတ်စဝ်ဟိန်ခမ်း(မဟာဒေဝီ)နှင့် စကားအမတ်ဦးထွန်းရတို့က အဆိုနှင့်ပတ်သက်၍ အကျယ်တဝင့် ဝေဘန်ဆွေးနွေးကြပြီး ကောင်စီအဆိုကို အများသဘောတူ အတည်ပြုလိုက်လေသည်။

ထို့နောက် ပြည်ထဲရေးဌာနဝန်ကြီးကပင် ရှမ်းပြည်နယ် နယ်ရှင်စဝ်ဖများ အာဏာစွန့်လွှတ်ရေးကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရနှင့်နယ်ရှင်စဝ်ဖလုံတို့ ချုပ်ဆိုသည့်စာချုပ်များကို အတည်ပြုရန် ဤကောင်စီက သဘောတူညီကြောင်း အဆိုကို တင်သွင်းရာ နမ်းခမ်းအမတ်ဦးထွန်းအေးနှင့်ညောင်ရွှေမြောက်ပိုင်းအမတ်ဦးတင်ကိုကိုတို့က ဝေဘန်ဆွေးနွေးပြီး ကောင်စီက အဆိုကို အတည်ပြုလိုက်ပါသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ပြည်ထဲရေးဌာနဝန်ကြီးက ရှမ်းပြည်နယ်၏ ကြီးပွါးတိုးတက်ရေးကို ရှေ့ရှုပြီးလျှင် ရှမ်းပြည်နယ် နယ်ရှင်စဝ်ဖတို့သည် မိမိတို့နယ်အတွင်း အုပ်ချုပ်မှုအာဏာ၊ စီမံပိုင်ခွင့်အာဏာအစရှိသည့် အာဏာအဝဝတို့ကို ခြွင်းချက်မရှိ၊ ရှမ်းပြည်နယ်အစိုးရလက်သို့ လွှဲပြောင်းခြင်းကို ဤကောင်စီက ထောက်ခံပါကြောင်းအဆိုကို လက်ခံရယူပြီးလျှင် ရှမ်းပြည်နယ်အစိုးရကိုယ်စား ရှမ်းပြည်နယ်ဥက္ကဋ္ဌက ရှမ်းပြည်နယ်သူနယ်သားများအကျိုးကို ရှေ့ရှု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိလက်အောက်ခံ အရာရှိများမှတဆင့်ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၆၁(၁)အရ၊ ဆက်လက်အုပ်ချုပ်သွားရန် ဤကောင်စီက ပြဋ္ဌာန်းအတည်ပြုကြောင်းအဆိုနှင့်ရှမ်းပြည်နယ်၏ နယ်ရှင်စော်ဘွားများ စွန့်လွှတ်သည့်အာဏာများအနက်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အုပ်ချုပ်မှုအာဏာအတွင်း ကျရောက်သော ကိစ္စများအတွက် ပြည်ထောင်စုအစိုးရ ရှမ်းပြည်နယ်၏ နယ်သူနယ်သားများအကျိုးကို ရှေ့ရှု၍ လိုအပ်သလို တရားဥပဒေများအရ ဆက်လက်အုပ်ချုပ်စေရန် ဤကောင်စီက ပြဋ္ဌာန်းအတည်ပြုကြောင်း အဆိုများကို တင်သွင်းသွားရာ အဆိုများကို ဆွေးနွေးသူမရှိ၍ ကောင်စီက အဆိုများကို အတည်ပြုလိုက်ပါသည်။

ထို့နောက် ပြည်နယ်အစိုးရဘဏ္ဍာရေးနှင့်အခွန်တော်ဌာနဝန်ကြီးဦးဇော်ဝ်လတ်က ဗဟိုအစိုးရပြုလုပ်ပြီးသည့်နောက် ရှမ်းပြည်နယ်တဝန်းလုံးအတွက် တူညီသောအခွန်တော်များကောက်ခံရန် နှုန်းထားများကို သတ်မှတ်ခြင်းမပြုနိုင်သေးမီအတွင်း နယ်များအသီးသီးတို့တွင် ကောက်ခံလျက်ရှိသော အခွန်တော်များနှင့်သောင်းကျန်းမှုကြောင့် ရပ်ဆိုင်းထားရသော ယခင်က ကောက်ခံခဲ့သည့်အခွန်တော်များ၊ အခွန်တော်နှုန်းထားများနှင့်ကောက်ခံရန် ပြဋ္ဌာန်းသတ်မှတ်ပြီးသော''မူများ''စံနစ်များကို ပြည်နယ်အခွန်တော်ပြန်လည်စီစစ်ရေး အကြံပေးအဖွဲ့တဖွဲ့ ဖွဲ့စည်းစီစစ်ပြီးနောက် ရှမ်းပြည်နယ်အစိုးရက ဆက်လက်ကောက်ခံသွားရန် ဤကောင်စီက သဘောတူထောက်ခံကြောင်း အဆိုကို တင်သွင်းရာ နမ်းခမ်းအမတ်ဦးထွန်းအေးက ဆွေးနွေးထောက်ခံပြီးနောက် ကောင်စီက အဆိုကို အတည်ပြုလိုက်ကြောင်း။ ၎င်းနောက် ဘဏ္ဍာရေးနှင့်အခွန်တော်ဌာနဝန်ကြီးကပင် ရှမ်းပြည်နယ်အစိုးရ၏ ၁၉၅၇–၅၈–ခုနှစ် ရ–သုံးခန့်မှန်းခြေငွေစာရင်း၏ ဖြည့်စွက်ခွင့်ပြုရန် တောင်းဆိုငွေစာရင်းများကို တင်ပြပြီးနောက် ရှမ်းပြည်နယ်အစိုးရ၏ ၁၉၅၇–၅၈–ခုနှစ်၊ အသုံးခေါင်းစဉ်ကြီး(၄၃) ပင်စင်လစာငွေများအတွက် ပြည်နယ်အစိုးရထောက်ခံချက်အရ၊ ဖြည့်စွက်အသုံးစရိတ်ငွေပေါင်း ၂,၆၀,၆၃,၁၀၀–ကျပ်(ငွေပေါင်း နှစ်ရာခြောက်ဆယ်သိန်း ခြောက်သောင်း သုံးထောင် တရာကျပ်တိတိ)ကောင်စီက ခွင့်ပြုရန် တောင်းဆိုကြောင်းအဆိုကို တင်သွင်းရာ နမ်းခမ်းအမတ်ဦးထွန်းအေးက အဆိုကို ဆွေးနွေးသွား၍ ဘဏ္ဍာရေးနှင့်အခွန်တော်ဌာနဝန်ကြီးက ပြန်လည်ဖြေရှင်း တင်ပြသဖြင့် အဆိုကို ကောင်စီက သဘောတူကြောင်း ဆုံးဖြတ်လိုက်ပြီးနောက် ကောင်စီသဘာပတိက ပြည်နယ်ဥက္ကဋ္ဌထံမှ ညီလာခံရုပ်သိမ်းကြောင်း ပြန်တမ်းကို ဖတ်ကြားပြီး ညီလာခံကို ရုပ်သိမ်းလိုက်ပါသည်။

အဆိုပါကိစ္စများကို ဆောင်ရွက်ကြပြီးနောက် ၁၉၅၉–ခု၊ ဧပြီလ ၂၉–ရက်နေ့တွင် ကျင်းပမည့် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချမင်္ဂလာအခမ်းအနားကို ကြွရောက်နိုင်ရန်အတွက် မေမြို့နွေရာသီစံအိမ်တော်သို့ ရောက်ရှိနေသော နိုင်ငံတော်သမတကြီးဦးဝင်းမောင်သည် ၁၉၅၉–ခု၊ ဧပြီလ ၂၈–ရက်နေ့နံနက် ၉–နာရီအချိန်တွင် မေမြို့မှ ဟဲဟိုးလေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ဟဲဟိုးလေဆိပ်မှ နိုင်ငံတော်တရားဝန်ကြီးချုပ် ပြည်ထဲရေးဌာနနှင့်ပြန်ကြားရေးဌာနဝန်ကြီးဦးခင်မောင်ဖြူ၊ ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးစဝ်ဟုံဖ၊ ဗိုလ်မှူးချုပ်စန်းယု အစရှိသည့်ပုဂ္ဂိုလ်ကြီး

E-book is created by shanyoma

များအပြင်၊ ပြည်နယ်ဧည့်သည်တော်များတို့က သောင်းသောင်းဖြဖြ ခရီးဦးကြိုပြုကြသည့်အပြင် ရှမ်း၊ ဗမာ၊ ကရင်၊ ပအို့၊ ပလောင်အမျိုးသမီးများကလည်း ပန်းများဆက်၍ ဂါရဝပြုကြလေသည်။

ထို့နောက် နိုင်ငံတော်သမတကြီးသည် ဟဲဟိုးလေဆိပ်မှ တောင်ကြီးသို့ မော်တော်ကားဖြင့် ကြွရောက်ရာ မော်တော်ကားလမ်းဘေးတဘက်တချက်ရှိ မြို့နယ်၊ ကျေးရွာများမှ ကျောင်းသူကျောင်းသားများ အပါအဝင် လူထုပရိသတ်အပေါင်းတို့က အတီးအမှုတ် အကအခုန်များဖြင့် ကြိုဆိုကြသည့်အပြင်၊ တောင်ကြီးမြို့ပေါ်မှ မြူနီစပါယ်အဖွဲ့အပါအဝင် အသင်းအဖွဲ့ပေါင်းစုံမှ မဏ္ဍပ်များထိုး၍၎င်း၊ အမျိုးသမီးများက ပန်းဆက်၍၎င်း၊ ရှမ်းပြည်နယ်လူထု ကျောင်းသူကျောင်းသား မီးသတ်အဖွဲ့၊ အစိုးရအရာထမ်း အမှုထမ်းများအပါအဝင် အသင်းအဖွဲ့များကလည်း ကြွေးကြော်သံများဖြင့်၎င်း၊ ပြည်ထောင်စုအလံကလေးများနှင့် ရှမ်းအလံကလေးများကို ဝှေ့ရမ်း၍၎င်း သောင်းသောင်းဖြဖြ ခရီးဦးကြိုပြုကြလေသည်။

ထိုနေ့ ၁၉၅၉–ခု၊ ဧပြီလ ၂၈–ရက်နေ့ ညနေ ၃–နာရီအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် ကလောမှတဆင့် တောင်ကြီးမြို့သို့ မော်တော်ကားဖြင့် ရောက်ရှိလာပြီး တပ်မဟာ(၄)တွင် တည်းခိုသည်။ ထိုနေ့ နံနက် ၈–နာရီ ၄၅–မိနစ်အချိန်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဦးတင်သည် ရန်ကုန်မြို့မှ ဟဲဟိုးလေဆိပ်သို့ အထူးလေယာဉ်နှင့်ဆိုက်ရောက်လာရာ အဆိုပါပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး စီးနင်းလိုက်ပါလာသော အထူးလေယာဉ်နှင့်အတူ ရန်ကုန်မြို့မှ ဖ၊ဆ၊ပ၊လ၊(တည်မြဲ)ခေါင်းဆောင်ကြီးများ၊ ဖ၊ဆ၊ပ၊လ၊(သန့်ရှင်း)ခေါင်းဆောင်ကြီးများ၊ အတွင်းဝန်ချုပ်ဦးရွှေမြ၊ ပြန်ကြားရေးဌာနအတွင်းဝန် ဦးခင်မောင်ကြီးစသည်ဧည့်သည်တော်များလည်း ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချအခမ်းအနားသို့ တက်ရောက်ရန်အတွက် လိုက်ပါလာကြသည်။

၁၉၅၉–ခု၊ ဧပြီလ ၂၈–ရက်နေ့ည ၇–နာရီအချိန်တွင် ကမ္ဘောဇအထက်တန်းကျောင်း၌ ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးစဝ်ဟုံဖက ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချအခမ်းအနားအထိမ်းအမှတ် ညစာစားပွဲတရပ် ဆင်ယင်ကျင်းပရာ၊ နိုင်ငံတော်သမတကြီးဦးဝင်းမောင်၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်း၊ နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဦးတင်တို့ကြွရောက်သည့်အပြင် နယ်ရှင်စော်ဘွားများ၊ ပြည်နယ်ဧည့်သည်တော်များ၊ ပြည်မအစိုးရဧည့်သည်တော်များ၊ စစ်ဘက်နှင့်အုပ်ချုပ်ရေးဘက်ဆိုင်ရာ အရာရှိများ စုံညီစွာ တက်ရောက်ကြသည်။

E-book is created by *shanyoma*

၁၉၅၉–ခု၊ ဧပြီလ ၂၉–ရက်နေ့ နံနက် ၇–နာရီအချိန်တွင် ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချမင်္ဂလာအခမ်းအနားကို တောင်ကြီးမြို့ ဘောလုံးကွင်းကြီး၌ တခမ်းတနားဆင်ယင်ကျင်းပရာ နိုင်ငံတော်သမတကြီးဦးဝင်းမောင်နှင့်နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းနှင့်ပြည်နယ်ဥက္ကဋ္ဌစဝ်ဟုံဖတို့ ကြွရောက်၍ မိန့်ခွန်းမြွက်ကြားပါသည်။

အစီအစဉ်အရ ထိုနေ့ နံနက် ၆–နာရီ၊ မိနစ် ၅၀–အချိန်တွင် စစ်ရေးပြကွင်း စစ်ရေးပြတပ်ဖွဲ့များ အဆင့်သင့်ရောက်ရှိနေကြသည့်အပြင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်များမှဧည့်သည်တော်ကြီးများ၊ ပြည်ထောင်စုအစိုးရ ဧည့်သည်တော်ကြီးများ၊ ရှမ်းပြည်နယ်နယ်ရှင်စော်ဘွား(စဝ်ဖလုံ)များနှင့်မဟာဒေဝီများ၊ သားသမီးများ၊ ဆွေတော်မျိုးတော်များသာမက၊ ဗမာ့တပ်မတော်တာဝန်ခံအရာရှိကြီးများ၊ ပြည်သူ့လွှတ်တော်အမတ်များလည်း မဏ္ဍပ်အတွင်းရှိသီးသန့်နေရာများတွင် ကြိုတင်ရောက်ရှိနေကြသည်နှင့်မရှေးမနှောင်းပင် နံနက် ၆–နာရီ ၅၇–မိနစ်အချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် သတိုးသီရိသုဓမ္မဗိုလ်ချုပ်ကြီးနေဝင်းသည် မဏ္ဍပ်တွင်းသို့ကြွရောက်လာရာ ဧည့်သည်တော်များက မတ်တပ်၍ဂုဏ်ပြုကြလေသည်။

ထို့နောက် (နံနက် ၇–နာရီ)တိတိအချိန်တွင် နိုင်ငံတော်သမတကြီးဦးဝင်းမောင်သည် ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးခြံရံလျက် ဗိုလ်ရှုသဘင်မဏ္ဍပ်သို့ ကြွရောက်လာရာ ဒုတိယဗိုလ်မှူးကြီးအောင်ဇင်ဦးစီးသည့်စစ်ရေးပြတပ်ဖွဲ့များက နိုင်ငံသမတကြီးအား အလေးပြုကြလေသည်။ ၎င်းနောက် နိုင်ငံတော်သမတကြီးက ဒုတိယဗိုလ်မှူးကြီး အောင်ဇင်၏ ဦးဆောင်မှုဖြင့် စစ်ရေးပြတပ်ဖွဲ့များအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမတကြီး ဦးဝင်းမောင်က မိန့်ခွန်းမြွက်ကြားလေသည်။ ဆက်လက်၍ ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးစဝ်ဟုံဖက မိန့်ခွန်းပြောကြားလေသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်းက မိန့်ခွန်းမြွက်ကြားလေသည်။

(မိန့်ခွန်းများကို တနေရာတွင် ဖော်ပြထားပါသည်)

၎င်းနောက် နိုင်ငံတော်သမတကြီးအား စစ်ရေးပြတပ်ဖွဲ့များက ချီတက်အလေးပြုကြလေသည်။ ထိုသို့စစ်ရေးပြတပ်ဖွဲ့များက ချီတက်အလေးပြုနေချိန်တွင် ဗမာ့လေတပ်မတော်မှလည်း လေယာဉ်ပျံများပျံသန်း၍ အလေးပြုပြီးနောက် နံနက် ၇–နာရီ ၃၅–မိနစ်အချိန်တွင် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချ အခမ်းအနားကို ရုပ်သိမ်းလိုက်လေသည်။

ထိုနေ့ ၁၉၅၉–ခု၊ ဧပြီလ ၂၉–ရက်နေ့ည ၇–နာရီအချိန်တွင် တောင်ကြီးမြို့ရှိ အစိုးရ

E-book is created by shanyoma

အိမ်တော်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချအခမ်းအနားအထိမ်းအမှတ် ညစာစားပွဲတရပ်ဖြင့် တည်ခင်းဧည့်ခံရာ နိုင်ငံတော်သမတကြီးဦးဝင်းမောင်၊ နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဦးတင်၊ ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီးစဝ်ဟုံဖတို့ ကြွရောက်ကြသည့်အပြင် ပြည်ထောင်စုအတွင်းရှိ ပြည်နယ်အသီးသီးမှ ဧည့်သည်တော်ကြီးများ၊ ပြည်ထောင်စုအစိုးရဧည့်သည်တော်ကြီးများ၊ စစ်ဘက်အုပ်ချုပ်ရေးဘက်ဆိုင်ရာအရာရှိကြီးများ၊ ရှမ်းပြည်နယ်နယ်ရှင်စော်ဘွားများ စုံညီစွာ တက်ရောက်ကြလေသည်။

အဆိုပါ ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချအခမ်းအနားကို အကြောင်းပြုပြီး တောင်ကြီးမြို့ ဘောလုံးကွင်းကြီး အပြင်ဘက်တွင်လည်း ၁၉၅၉–ခု၊ ဧပြီလ ၂၇၊ ၂၈နှင့်၃၀–ရက်နေ့ညများ၌ လျှပ်စစ်မီးရောင်စုံ ထွန်း၍၎င်း၊ မီးရှူးမီးပန်းများလွှတ်၍၎င်း၊ လက်ဝှေ့ပွဲ၊ ခြင်းအလှခတ်ပြိုင်ပွဲများဖြင့်၎င်း၊ ပြည်နယ်အစိုးရ ကျန်းမာရေးဌာန၊ ပြန်ကြားရေးဌာနနှင့်တိရစ္ဆာန်မွေးမြူရေးဌာန အစရှိသည့်ဌာနများကလည်း ပြခန်းများအသီးသီး ဖွင့်လှစ်၍၎င်း၊ ရွှေမန်းတင်မောင်၊ စိန်အောင်မင်းစသော ဇာတ်ပွဲများကို ဗလာပွဲများအဖြစ်ဖြင့်၎င်း မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပခဲ့သည့်အလျောက် ရှမ်းပြည်နယ်လူထုကြီးမှာလည်း လက်ဝှေ့ပွဲ၊ ခြင်းပြိုင်ပွဲ၊ ဇာတ်ပွဲများနှင့်ပြခန်းများတွင် တိုးမပေါက်အောင် စည်ကားစွာ တက်ရောက်ကြလေသည်။

ဤသို့ သုံးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများဖြင့် တခမ်းတနား ဆင်ယင်ကျင်းပခြင်းဖြင့် ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချ အခမ်းအနားကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့လေသည်။

E-book is created by shanyoma

၁၉၅၉–ခု၊ ဧပြီလ ၂၉–ရက်နေ့တွင် တောင်ကြီးမြို့၌ ကျင်းပသော ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန်ကျ အခမ်းအနားတွင် မိန့်ကြားသော နိုင်ငံတော်သမတ ဦးဝင်းမောင်၏ မိန့်ခွန်း

ကြွရောက်လာကြသော လူကြီးမင်းအပေါင်းတို့၊

ဤနေ့ဤရက်သည် ရှမ်းပြည်နယ်သမိုင်း၌ နှစ်တထောင်ကျော်အတွင်း အဓိပ္ပါယ်အထူးခြားဆုံးနှင့်ကျက်သရေမင်္ဂလာအရှိဆုံးနေ့ကြီးတနေ့ပင် ဖြစ်ပါပေသည်။ ရှမ်းပြည်နယ်အုပ်ချုပ်ရေးအစီအစဉ် ပြောင်းလဲမှုကြီးတရပ်သည် ရှမ်းပြည်နယ်လူထု၏ ဆန္ဒအပေါ် အခြေတည်၍၎င်း၊ နယ်ရှင်စော်ဘွားများ၏ မြင့်မြတ်တိုးတက်သော ဒီမိုကရေစီစိတ်ဓာတ်အပေါ် အခြေတည်၍၎င်း၊ ယနေ့မှစ၍ ပန်ကျက်စိုက်ထူ အောင်မြင်ထမြောက်ခြင်းအဖြစ်သို့ ရောက်ခဲ့ပေပြီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ရှမ်းပြည်နယ် နယ်ရှင်စော်ဘွားများကိုယ်တိုင် ပါဝင်ရေးဆွဲခဲ့ကြပြီးနောက် အညီအညွတ်သဘောတူပြဋ္ဌာန်းခဲ့သောဥပဒေကြီးပင် ဖြစ်ပေသည်။ အခြေခံဥပဒေကြီး၏ အနှစ်သာရသည် မူလလူ့အခွင့်အရေးအရပ်ရပ်ကို အသိအမှတ်ပြုထားသော ဒီမိုကရေစီကို ဖေါ်ထုတ်ပြဋ္ဌာန်းလျက် စီးပွားရေးစံနစ်အရာတွင် အများပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို ရှေ့ရှုသော ဆိုရှယ်လစ်စီးပွားရေးစံနစ်ကို လက်ခံကျင့်သုံးကြောင်း ဖေါ်ပြထားပေသည်။ ရှမ်းပြည်နယ်စော်ဘွားများက ပြည်နယ်လူထု၏ အကျိုးကို ရှေ့ရှု၍ မိမိတို့၏ အုပ်ချုပ်အာဏာ၊ တရားစီရင်မှုအာဏာနှင့် အခွန်တော်စည်းကြပ်မှုအာဏာများကို မိမိတို့ဆန္ဒအလျောက် စွန့်လွှတ်ကြပြီး ပြည်သူ့အုပ်ချုပ်ရေးစံနစ်ကို ဖန်တီးပြောင်းလဲ၍ပေးကြခြင်းသည် အခြေခံဥပဒေ၏ မူရင်း ရည်ရွယ်ချက်နှင့်ကိုက်ညီအပ်စပ်သော အပြုအမူအဆောင်အရွက်ပင် ဖြစ်ပေသည်။ တိုးတက်ပြောင်းလဲနေသောခေတ်၏ ဒီမိုကရေစီသွင်ပြင်လက္ခဏာများနှင့်လည်း ညီညွတ်သောသဘောရှိပေသည်။

ဤသို့အားဖြင့် ရှမ်းပြည်နယ်၏ အုပ်ချုပ်ရေးစက်ယန္တရားသစ်သည် ယနေ့မှစ၍ ပန္နက်စိုက်ထူအောင်မြင်ခြင်းအဖြစ်သို့ ရောက်ပေတော့မည်။ အုပ်ချုပ်ရေးအစီအစဉ်ပြောင်းလဲမှုကြီးဖြစ်သကဲ့သို့ ရှမ်းပြည်နယ်၏ စီးပွါးရေးအခြေအနေနှင့်လူမှုရေးအခြေအနေတို့သည် တနေ့တခြားရေတွေ့သော ရွှေကြာပန်းကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာပါစေသော်ဟု ကျွန်ုပ်အနေဖြင့် ဆုတောင်းမေတ္တာပို့သပါသည်။ ယနေ့မှစ၍ ရှမ်းပြည်နယ်၏ အကျိုးနှင့်ပြည်ထောင်စုကြီး၏ အကျိုးအတွက် ကျွန်ုပ်တို့အားလုံး မိသားစုစိတ်ဓာတ်ဖြင့် အားထုတ်ဆောင်ရွက်ကြပါစို့။ ပြည်ထောင်စုကြီး၏ အ

E-book is created by shanyoma

ခြေခံဥပဒေနှင့်လွတ်လပ်ရေးကြီးကို စုပေါင်းကာကွယ်ကြပါစို့။ ပြည်ထောင်စုကြီး၏ ရန်စွယ်အန္တရာယ်များကို ကျွန်ုပ်တို့ညီနောင်သားချင်း အချင်းချင်းလက်တွဲ၍ ပူးပေါင်းနှိမ်နင်းသွားကြပါစို့။

ရှမ်းပြည်နယ်စည်ပင်ဝပြောတိုးတက်ပါစေ။
ပြည်ထောင်စုကြီး အဓွန့်ရှည်ပါစေ။
လွတ်လပ်ရေးကြီး ခိုင်မြဲတည်တံ့ပါစေ။
ဒီမိုကရေစီ တည်မြဲပါစေ။

E-book is created by ***shanyoma***

တောင်ကြီးမြို့၊ ၁၉၅၉–ခု၊ ဧပြီလ ၂၉–ရက်။

၁၉၅၉–ခုနှစ်၊ ဧပြီလ ၂၉–ရက်နေ့၊ တောင်ကြီးမြို့၌ကျင်းပသော၊ ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပွဲ အခမ်းအနားတွင် မိန့်ကြားသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသတိုးသီရိသုဓမ္မနေဝင်း၏ မိန့်ခွန်း

လွတ်လပ်ရေးရတဲ့အချိန်ကစပြီး ကိုယ်လိုရာကိုယ်ဆွဲ အနက်အဓိပ္ပါယ်ဖွင့်ထားတဲ့ဒီမိုကရေစီမျိုးမဟုတ်ဘဲ ဒီမိုကရေစီစစ်စစ်ထွန်းကားရေး၊ ပြည့်ပြည့်ဝဝ ကျင့်သုံးရေး၊ ခံစားရေးများနှင့်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ မူလရည်ရွယ်ချက် သဘောတရားများ အကောင်အထည်ဖေါ်ရေး ထိန်းသိမ်းရေးများဆိုတဲ့ ပန်းတိုင်အရောက် ပြည်ထောင်စုဟာ ခရီးကြမ်းနှင်ခဲ့ရာမှာ ယနေ့ဟာဖြင့် အနှောင့်အယှက်အတားအဆီးတခုကို ကျော်လွန်တဲ့နေ့ထူး နေ့မြတ်တနေ့ရယ်လို့ ပြည်ထောင်စုရာဇဝင်မှာ မှတ်တမ်းတင်ရပါလိမ့်မည်။

ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနိဒါန်းတွင် “တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို အခြေပြုကာ လူသတ္တဝါခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန် သန္နိဋ္ဌာန်ချ၍၎င်း၊ လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွါးရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ လွတ်လပ်စွာ တွေးကြံနိုင်မှု၊ လွတ်လပ်စွာ ဖွင့်ဟရေးသားဖေါ်ပြနိုင်မှု၊ လွတ်လပ်စွာ ယုံကြည်နိုင်မှု၊ လွတ်လပ်စွာကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ဘုရားကျောင်းကန်စသည်တို့သို့ သွားလာဝတ်ပြုနိုင်မှု၊ လွတ်လပ်စွာ ပရိယေသနရှာမှီးနိုင်မှု၊ လွတ်လပ်စွာ စည်းရုံးနိုင်မှု၊ လွတ်လပ်စွာ ပြုမူဆောင်ရွက်နိုင်မှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ကို နိုင်ငံသားအားလုံးတို့ ရှုရှိခံစားနိုင်စေခြင်းငှါ၊ အခိုင်အမာခံဝန်ပြုရန် သန္နိဋ္ဌာန်ချ၍၎င်း၊ မြန်မာသက္ကရာဇ် ၁၃၁၉–ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀–ရက်နေ့(ခရစ်တော်သက္ကရာဇ် ၁၉၄၇–ခုနှစ်၊ စက်တင်ဘာလ ၂၄–ရက်နေ့)တွင် ဤဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကျွန်ုပ်တို့တိုင်းပြည်လွှတ်တော်၌ ကျွန်ုပ်တို့သည် လက်ခံ၍ ဥပဒေအဖြစ် အတည်ပြုပြီးလျှင် ကျွန်ုပ်တို့အား နှင်းအပ်လိုက်သည်”ဆိုသည့်အချက်များက ဒီမိုကရေစီစစ်စစ်သဘောတရားကို အခြေခံအဖြစ် လက်ခံထားကြောင်း အတိအလင်း ညွှန်ပြထားပါသည်။

သို့သော်လည်း ရှေးပဝေသဏီကစပြီး ယနေ့တိုင် ရှမ်းပြည်နယ်မှာ ကျင့်သုံးနေတဲ့စော်ဘွားအုပ်ချုပ်မှုစံနစ်ဟာဖြင့် သဘောနှင့်လက်တွေ့မစပ်ဟပ်မိဖြစ်နေပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာပါတဲ့ ပုဒ်မ ၁၅၄(၂)နှင့်၁၈၃(၁)တို့မှာလည်း မူရင်းသဘောနှင့်မကိုက်ညီဖြစ်နေတာ တွေ့ရပါတယ်။

E-book is created by shanyoma

ဒီလိုမူရင်းနှင့်လွဲပြီး ကျင့်သုံးရမှုနှင့်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ မူလလက်ခံထား ချက်ကို ပျက်ရယ်ပြုစေသည့်အထက်က ပုဒ်မများပါလာရတဲ့နောက်ကြောင်းရာဇဝင်ကလေးကို ပြောပြလိုပါတယ်။

လွတ်လပ်ရေးခေတ်ကြို အချိန်က ဗိုလ်ချုပ်အောင်ဆန်းတို့အဘို့ ပြဿနာအမျိုးမျိုးရှိတဲ့ အထဲမှာ အခက်ဆုံးပြဿနာတခု ပေါ်ပေါက်ခဲ့ပါတယ်။ အင်္ဂလိပ်အစိုးရအနေနှင့် ဗမာပြည်ကို လွတ်လပ်ရေးပေးရသည့်တိုင်အောင် အရင်အခေါ် တောင်တန်းဒေသ၊ ယခုအခေါ် ပြည်နယ်တွေ ကို ပြည်မမှ ခွဲထုတ်ပြီး တတ်နိုင်လျှင် အရင်ကအတိုင်း ဆက်လက်အုပ်စိုးရန်နှင့်ထိုသို့မဖြစ်နိုင်မှ ဓနသဟာယအဖွဲ့အစည်းအတွင်းမှာနေဘို့ အပြင်းအထန် ကြိုးစားခဲ့ပါတယ်။ ပြည်နယ်သားတွေ ရဲ့ရိုးသားမှု၊ အတွေ့အကြုံနည်းမှု၊ အတွေးအခေါ် နောက်ကျမှုတို့ကို အခွင့်အရေးယူပြီး အမျိုး မျိုးဂုံးချောခဲ့ကြတဲ့အတွက် ပြည်နယ်သားတွေအနေနဲ့ ပြည်မက ဗမာများအပေါ် မှာ မယုံသင်္ကာ ဖြစ်ခဲ့ကြပါတယ်။ ထိုအယုံအကြည်ကင်းမှု ပပျောက်အောင် ဗိုလ်ချုပ်အောင်ဆန်းတို့အနေနှင့် အ မျိုးမျိုးကြံဆောင်ခဲ့ရပါတယ်။ ထိုကြိုးစားချက်ထမြောက်အောင် စော်ဘွားကြီးများရဲ့ဆန္ဒကို လိုက် လျောကာ စော်ဘွားအုပ်ချုပ်မှုကို ဆက်လက်ကျင့်သုံးစေခဲ့ပါတယ်။ စော်ဘွားကြီးများအတွက် အထူးအခွင့်အရေးဖြစ်စေမဲ့ ပုဒ်မများကိုလဲ ထည့်သွင်းခဲ့ရပါတယ်။ ညီတူညီမျှ ဆက်ဆံကြောင်း ပြလိုသည့်အတွက် ကယားပြည်နယ်မှ စောဖျာများကိုလည်း အလားတူ အခွင့်အရေးများ ခံစားရ အောင် ဖန်တီးပေးခဲ့ရပါတယ်။

ထိုအချိန်အခါက စော်ဘွားကြီးများနှင့်စောဖျာများရဲ့အတွေးအခေါ် အယူအဆဟာ ခေတ်မမှီကြသေးပေမဲ့ တချိန်ကျရင်တော့ အတွေ့အကြုံများကို သင်္ခန်းစာယူပြီး တိုးတက်တဲ့အ တွေးအခေါ် များ ပေါ်ပေါက်လာမှာသေချာတယ်။ အဲဒီလို တိုးတက်ခေတ်မှီတဲ့အတွေးအခေါ် တွေ၊ ထိုပုဂ္ဂိုလ်ကြီးများရရှိလာတဲ့တနေ့မှာ ထိုပုဂ္ဂိုလ်ကြီးများကိုယ်တိုင်က မူရင်းအခြေခံကို ဆန့်ကျင် နေတဲ့ဥပဒေအစိတ်အပိုင်းတွေကို ပြင်ပစ်ကြဘို့ တင်ပြလာလိမ့်မယ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်း တို့အနေနဲ့ ကြိုတင်တွက်ချက်ထားခဲ့တဲ့အကြောင်းတခုကြောင့်လဲ အဲဒီလို အခြေခံရည်မှန်းချက် နဲ့ဖီလာကျနေတဲ့ပုဒ်မတွေကို ထည့်ခဲ့ခြင်းဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ တွက်ချက်မှုမှန် ကန်တဲ့အကြောင်း၊ လွန်ခဲ့တဲ့မတ်လအတွင်းက ကျင်းပခဲ့တဲ့ရှမ်းပြည်နယ်ကောင်စီနဲ့ကယားပြည် နယ်ကောင်စီများရဲ့ဆုံးဖြတ်ချက်များကရင်း၊ ဖေဖေါ်ဝါရီလ၊ မတ်လ လွတ်တော်နှစ်ရပ်ပေါင်းအ စည်းအဝေးဆုံးဖြတ်ချက်များကရင်း၊ ယခုအုပ်ချုပ်ရေးသစ်ဖြစ်မြောက်အောင် စော်ဘွားကြီးများ နှင့်စောဖျာများရဲ့ဝိုင်းဝန်းကူညီမှုများကရင်း သက်သေခံခဲ့ပါပြီ။

စော်ဘွားအုပ်ချုပ်မှုရဲ့အပြစ်အနာအဆာ စော်ဘွားအချို့ရဲ့အတွေးအခေါ် အယူအဆ

E-book is created by shanyoma

အကျင့်အကြံတွေအပေါ် အပြစ်ပြောစရာ အရင်က တွေ့ခဲ့ပေမဲ့ ယနေ့တော့ဖြင့် စော်ဘွားကြီးများဟာ မိမိတို့ခံစားနေရတဲ့အခွင့်အရေးတွေ၊ အာဏာတွေကို ရက်ရက်ရောရော လက်တွေ့စွန့်လွှတ်ပြလိုက်ကြတာကို တွေ့ရပြီဖြစ်တဲ့အတွက် ကျွန်တော့အနေနဲ့ မချီးကျူးဘဲ မနေနိုင်တော့ပါဘူး။ ဒီလိုမှ မစွန့်လွှတ်ကြဘဲ မိမိတို့ရဲ့အာဏာ အခွင့်အရေးတွေကို ဆက်ပြီး ကိုင်ထားချင်ကြသေးတယ်ဆိုရင်တော့ ရှမ်းပြည်နဲ့ပြည်ထောင်စုမှာ နိုင်ငံရေးရော အုပ်ချုပ်ရေးရော နှစ်ခုစလုံးနဲ့ပတ်သက်တဲ့ ပြဿနာတွေ ပေါ် ပေါက်လာနိုင်ပါတယ်။ အုပ်ချုပ်ရေး အစီအစဉ်သစ်တရပ်ကို ပြေပြေပြစ်ပြစ်နဲ့ ပြောင်းလဲပေးခဲ့ကြတဲ့ စော်ဘွားကြီးတွေ၊ စောဖျာတွေ၊ မိမိတို့ရဲ့အာဏာအခွင့်အရေးတွေကို လိုက်လိုက်လျောလျောနဲ့ စွန့်လွှတ်ခဲ့ကြတဲ့စော်ဘွားကြီးတွေ၊ စောဖျာတွေကို အဲဒီပြဿနာများမပေါ်ပေါက်နိုင်အောင် ဖန်တီးတဲ့ပုဂ္ဂိုလ်တွေအနေဖြင့် မှတ်တမ်းတင်ရပါလိမ့်မယ်။

ဒုတိယအချက်အနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ရှမ်းပြည်နယ်ရဲ့ရှေ့ရေးကိစ္စပါဘဲ။ ယခုလို ရှမ်းပြည်နယ်ရှင်စော်ဘွားကြီးများဟာ မိမိတို့ရဲ့ အခွင့်အာဏာတွေကို စွန့်လွှတ်လိုက်ကြပြီး ခေတ်နဲ့လျော်ညီတဲ့ပြည်သူ့အုပ်ချုပ်ရေးစံနစ်ကို ဖန်တီးပြီးတဲ့နောက်မှာလည်း လူထုနှင့်လက်တွဲပြီး ရှမ်းပြည်နယ်ရဲ့အကျိုး ပြည်ထောင်စုကြီးရဲ့အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ရှမ်းပြည်နယ်ရဲ့စီးပွါးရေး၊ လူမှုရေးဖွံ့ဖြိုးမှုနဲ့စက်မှုလက်မှုထွန်းကားလာမှုတို့ကို လူအား၊ ငွေအား၊ ဉာဏ်အား စိုက်ထုတ်၍ ကြိုးစားဆောင်ရွက်ကြပါလို့လဲ တိုက်တွန်းချင်ပါတယ်။ ရှမ်းပြည်နယ်လူထုကို မေတ္တာရပ်ခံချင်တာကတော့ စော်ဘွားကြီးများကို ယခုအခါသူတို့လက်ထဲမှာ အာဏာအခွင့်အရေးတွေ အရင်တုန်းကလို မရှိတော့ဘူးဆိုပြီး မထီလေးစားမပြုလုပ်မိကြဘို့ပါဘဲ။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ဗိုလ်ချုပ်အောင်ဆန်း ပြုစုပျိုးထောင်ပေးခဲ့တဲ့ပင်လုံစိတ်ဓာတ်ကို ထိန်းသိမ်းကြပါ။ ပြည်ထောင်စုစိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ကို ပွါးများကြပါ။ ပြည်ထောင်စုသွေးခွဲရေးသမား ပြည်ထောင်စုသစ္စာဖောက်များကို တိုက်ဖျက်ကြပါ။ ကျဉ်းမြောင်းသော လူမျိုးစုစိတ်ဓာတ်များကို စွန့်လွှတ်ပြီး ပြည်ထောင်စုတဝန်းလုံးရဲ့တိုးတက်ရေးနဲ့စည်ပင်ဝပြောသာယာရေးကို ရှေ့ရှုကြပါလို့ မေတ္တာရပ်ခံလိုက်ပါတယ်။

E-book is created by shanyoma

ရှမ်းပြည်နယ်ဥက္ကဋ္ဌ၊ သိန္နီစော်ဘွားကြီးစဝ်ဟုံဖ၏ မိန့်ခွန်း

ရှမ်းပြည်နယ်ရှင်စော်ဘွားများကိုယ်တိုင် ပါဝင်ပြီး ရေးဆွဲထားသော ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ဆိုရှယ်လစ်ပန်းတိုင်သို့ ရှေ့ရှုနေသည်ကို အများပြည်သူလူထုအသိပင် ဖြစ်လေသည်။ ကမ္ဘာပေါ် ရှိ အတိုင်းတိုင်း အပြည်ပြည်တို့သည် ခေတ်နှင့်လျော်ညီသော ဒီမိုကရေစီကို ကြိုက်နှစ်သက်ကြသည့်အတိုင်း ၎င်းလမ်းစဉ်ကို လိုက်ကြလေသည်။ ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံတော်လည်း ဒီမိုကရေစီကို နှစ်သက်ယုံကြည်လက်ခံထားသည့်အတိုင်း လွတ်လပ်ရေးရသည့်နေ့ကစပြီး ၎င်းလမ်းစဉ်ကို လက်တွေ့ကျင့်သုံးခဲ့ပါသည်။

၁၉၅၂–ခု၊ အောက်တိုဘာလအတွင်း မိုးမိတ်စော်ဘွားကြီးဦးစီးသော ယခင်ရှမ်းပြည်နယ်အစိုးရက ခေတ်နှင့်လျော်ညီသော ဒီမိုကရေစီအုပ်ချုပ်ရေးရရှိရန်နှင့်ပြည်နယ်အကျိုးအဖက်ဖက်တွင် တိုးတက်ရရှိရေးကို မြော်ကိုးပြီး ရှမ်းပြည်နယ်ရှင်စော်ဘွားများတို့သည် ၎င်းတို့၏ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာ၊ အခွန်တော်စည်းကြပ်မှုအာဏာများကို စွန့်လွှတ်ရန် ကျေညာပြီးကြောင်း အများအသိပင်ဖြစ်လေသည်။ သို့သော် အကောင်အထည် ပေါ် သည့်အချိန်အထိ မကျရောက်ခဲ့ပါ။

အထက်ဖော်ပြပါ ဝါဒလမ်းစဉ်အတိုင်း ယခုကျွန်ုပ်ခေါင်းဆောင်သော ရှမ်းပြည်နယ်အစိုးရသည် အစိုးရသက်ပိုင်း လအနည်းငယ်မျှပင်ရှိသော်လည်း ထိုတိုတောင်းသောအချိန်အနည်းငယ်တွင် ယခင်က မရှိသေးသော အုပ်ချုပ်ရေးစက်ယန္တရားသစ်ကို တီထွင်ပြီး ဤနေ့ဤရက်တွင် ရှမ်းပြည်နယ်ရှင်စော်ဘွားများသည် ၎င်းတို့၏ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာ၊ အခွန်တော်စည်းကြပ်မှုအာဏာများကို ကျွန်ုပ်ထံ စွန့်လွှတ်ပြီး အဆိုပါအာဏာများကို ကျွန်ုပ်က လက်ခံကြောင်း ကျေညာအပ်ပါသည်။

နယ်ရှင်စော်ဘွားများသည် အထက်ဖော်ပြပါ အာဏာများကို စွန့်လွှတ်ကြသော်လည်း မျိုးချစ်ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် ၎င်းတို့နယ်အသီးသီးတွင် နယ်ခေါင်းဆောင်များဖြစ်တုန်းဖြစ်ဆဲဖြစ်သည့်အတိုင်း နယ်လူထုများနှင့်လက်တွဲပြီး ရှမ်းပြည်နယ်၏ အကျိုး ပြည်ထောင်စု၏ အကျိုးများကို ဆထက်ထမ်းပိုး ဦးလည်မသုံ ဆောင်ရွက်မည်ကို စိတ်ချယုံကြည်စေလိုပါကြောင်း။

E-book is created by *shanyoma*

အထက်ဖော်ပြပါ ကျွန်ုပ်ဖွဲ့စည်းတည်ထောင်ထားသော အုပ်ချုပ်ရေးစက်ယန္တရားကို နောင်တွင် ဘယ်အစိုးရတက်သည်ဖြစ်စေ၊ ၎င်းစက်ယန္တရားကြီး ပိုမိုကြီးမားသန်စွမ်းပြီး ပြည်နယ်၏ အုပ်ချုပ်မှုအရပ်ရပ်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ပါရန် အားပေးကြပါဟု မေတ္တာရပ်ခံအပ်ပါကြောင်း။

ပြည်ထောင်စုကြီး တည်မြဲပါစေ။

စဝ်ဟုံဖ

ရှမ်းပြည်နယ်ဥက္ကဋ္ဌ။

တောင်ကြီးမြို့၊ ၁၉၅၉–ခု၊ ဧပြီလ ၂၉–ရက်။

E-book is created by *shanyoma*

E-book is created by *shanyoma*

ရှမ်းပြည်နယ်အစိုးရနှင့်စော်ဘွားများချုပ်ဆိုသော သဘောတူစာချုပ်ပုံစံ

သဘောတူစာချုပ်

. . . . နယ်နှင့်ထိုနယ်ရှိ နယ်သူနယ်သားများ၏ လက်ငင်းမျက်မှောက် အကျိုးစီးပွါးအတွက်၎င်း၊ ရှမ်းပြည်နယ်အစိုးရ၏ အကျိုးစီးပွါးအတွင်၎င်း. . . . . စော်ဘွားစဝ်. . . . . သည်၊ မိမိနယ်အတွင်း အုပ်ချုပ်မှုအာဏာ၊ စီမံပိုင်ခွင်အာဏာ အစရှိသည့်အာဏာအဝဝတို့ကို ခြွင်းချက်မရှိ၊ ရှမ်းပြည်နယ်အစိုးရ၏ လက်သို့ လွှဲပြောင်းအပ်နှင်းလိုသည်ဖြစ်၍တကြောင်း၊ ရှမ်းပြည်နယ်အစိုးရနှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့ကလည်း၊ ယင်းသို့အာဏာလွှဲပြောင်းအပ်နှင်းခြင်းကို နှစ်ထောင်းအားရစွာ လက်ခံလိုသည်လည်းတကြောင်း၊

ထိုအကြောင်းများကြောင့်. . . . . နယ်စော်ဘွား၊ စဝ်. . . . . နှင့် ရှမ်းပြည်နယ်အစိုးရ၏ ကိုယ်စား ရှမ်းပြည်နယ်ဥက္ကဋ္ဌတို့သည် ၁၉၅၉–ခုနှစ်၊. . . . . (၁၃၂၀–ပြည့်နှစ်၊. . . . .)တွင် အောက်ပါအတိုင်း သဘောတူစာချုပ် ချုပ်ဆိုကြပါသည်။

အပိုဒ် ၁

. . . . နယ်စော်ဘွား စဝ်. . . . . သည်၊ မိမိနယ်အတွင်း အုပ်ချုပ်မှုအာဏာ၊ စီမံပိုင်ခွင့်အာဏာ အစရှိသည့်အာဏာအဝဝတို့ကို၊ ရှမ်းပြည်နယ်အစိုးရ၏ လက်သို့ ၁၉၅၉–ခုနှစ်၊. . . . . (၁၃၂၀–ပြည့်နှစ်၊. . . . .)က အစပြု၍ လုံးဝဥဿုံ လွှဲပြောင်းအပ်နှင်းလိုက်ပါသည်။

အပိုဒ် ၂

ယင်းသို့ အာဏာလွှဲပြောင်းအပ်နှင်းရသည့်အတွက်. . . . . နယ်စော်ဘွားစဝ်. . . . . က တလုံးတခဲတည်း ပင်ရှင်အဖြစ် ကျပ်. . . . . (. . . . .)ကို အခွန်အကောက်လုံးဝလွတ်ကင်း၍ လက်ငင်းအပြီးအပြတ် ရရှိစေရမည့်အပြင်၊

ထိုတလုံးတခဲတည်း ပင်ရှင်လစာအဖြစ် ရရှိသောငွေထဲတွင်၊. . . . . နယ် စော်ဘွားစဝ်. . . . . က ဤစာချုပ် မချုပ်ဆိုမီ၊ ပင်ရှင်ရရှိခဲ့သည့်မိမိ၏ ဆွေတော်မျိုးတော်များအား သင့်တော်သလို ပေးနိုင်ခွင့်ရှိသည့်ငွေကြေးများ ပါဝင်သည်ဟု မှတ်ယူရမည့်ပြင်၊ ကိုယ်ရံတော် အစောင့်အကြပ်များထားရှိလျှင်၊ ထိုငွေထဲတွင် ထိုကိုယ်ရံတော် အစောင့်အကြပ်များအတွက် ကုန်ကျစရိတ်များလည်း ပါဝင်သည်။

အပိုဒ် ၃

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို နောင် မည်သို့ပင်ပြင်စေကာမူ၊ . . . . နယ် စော်ဘွား စဝ်. . . . . သည်၊ စော်ဘွားကဲ့သို့ ဆက်လက်ခံယူနိုင်စေရမည်။

အပိုဒ် ၄

ဤစာချုပ် ချုပ်ဆိုသည့်နေ့ရက်တွင်(. . . . . နယ်က ပိုင်ဆိုင်သော ရုံးများ၊ စာသင်ကျောင်းများ၊ ထောင်များ၊ အချုပ်ခန်းများ၊ တည်းခိုရန်အိမ်များ၊ ဆေးရုံများ၊ အခြားအဆောက်အဦများ၊ မြေကွက်များ၊ အစရှိသည့်ပစ္စည်းများမှအပ) စော်ဘွား စဝ်. . . . . ၌ မိမိပုဂ္ဂလိကပိုင်ဆိုင်သည့် ဟော်များ၊ ကိုယ်ပိုင်အိမ်များ၊ လယ်ယာမြေများ၊ ဥယျာဉ်များ၊ ခြံမြေများ၊ လက်နက်များ အစရှိသည့်ပစ္စည်းများကို လုံးဝပိုင်ဆိုင်ခွင့်နှင့်တရားဥပဒေအရ သုံးစွဲခံစားနိုင်ခွင့်ရှိရမည်။

ဤစာချုပ် ချုပ်ဆိုသည့်နေ့ရက်တွင် စော်ဘွား စဝ်. . . . . ပုဂ္ဂလိကပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၏ စာရင်းကို ရှမ်းပြည်နယ်အစိုးရထံသို့ ၁၉၅၉–ခုနှစ်၊. . . . . လ . . . . ရက်နေ့မတိုင်မီ ပေးသွင်းရမည်။

အပိုဒ် ၅

. . . . နယ် စော်ဘွား စဝ်. . . . . သည်၊ မိမိနယ်ကို အုပ်ချုပ်စဉ်ကာလအတွင်း၊ သဘောရိုးဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့သည့်ကိစ္စအရပ်ရပ်နှင့် စပ်လျဉ်း၍သော်၎င်း၊ ပြုလုပ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့်ကိစ္စအရပ်ရပ်နှင့်စပ်လျဉ်း၍သော်၎င်း၊ ရှမ်းပြည်နယ်အစိုးရ၏ အမိန့်အာဏာဖြင့် စုံစမ်းစစ်ဆေးခြင်းမပြုရ။ ထို့ပြင် အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်ရှိ မည်သည့် တရားရုံးတွင်မျှ တရားမှုခင်း စွဲဆိုခြင်းမပြုရ။

အပိုဒ် ၆

ယင်းသို့ အာဏာလွှဲပြောင်းအပ်နှင်းသည့်နေ့ရက်မတိုင်မီကာလအတွင်း၊. . . . . နယ်ဆိုင်ရာအမှုထမ်းအဖွဲ့တွင် ပါဝင်ကြသည့်ရာထမ်းမှုထမ်းများအပေါ်တွင် မိမိတို့၏ တာဝန် ဝတ်တရားရှိသည့်အလျောက် သို့မဟုတ် တာဝန်ဝတ်တရားရှိသည်ဟု မှတ်ယူ၍ ပြုလုပ်ဆောင်ရွက်ခဲ့သည့်ကိစ္စတရပ်ရပ်နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ၏ သဘောတူညီချက် အမိန့်မရဘဲ ရာဇဝတ်မှုစွဲဆိုခြင်း မပြုရ။

အပိုဒ် ၇

(၁) ၁၉၅၈–ခုနှစ်၊ ဇွန်လ ၁–ရက်နေ့တွင်. . . . . နယ်ဆိုင်ရာ အမှုထမ်းအဖွဲ့တွင် အမှုထမ်းလျက်ရှိသော စော်ဘွား စဝ်. . . . . ၏ အမြဲတမ်းရာထမ်းမှုထမ်းများအား၊ အဆိုပါနေ့ရက်တွင် ထိုစော်ဘွား၏ ရာထမ်းမှုထမ်းအဖြစ်ဖြင့် ရရှိခဲ့သော အခွင့်အရေးများအောက် မလျော့သောအခွင့်အရေးများပေး၍ ရှမ်းပြည်နယ်အစိုးရ၏ အမှုတော်ကို ဆက်လက်ထမ်းရွက်စေရန်၊ သို့တည်းမဟုတ် သင့်တော်သည့်လျော်ကြေးငွေပေးရန်၊ ရှမ်းပြည်နယ်အစိုးရက အာမခံ၍ တာဝန်ယူသည်။

(၂). . . . . နယ်ဆိုင်ရာ၊ အမှုထမ်းအဖွဲ့တွင် ရာထမ်းမှုထမ်းဖြင့် အမှုတော်ကို ထမ်းရွက်ခဲ့၍၊ ၁၉၅၈–ခုနှစ်၊ ဇွန်လ ၁–ရက်နေ့တွင် ပင်ရှင်အငြိမ်းစားယူပြီးသော အရာရှိများအား၎င်း၊ ပင်ရှင်ယူရန် ခွင့်ရက်နှင့်နေသူများအား၎င်း ယခင်က ခွင့်ပြုသည့်ပင်ရှင်လစာငွေကို ဆက်လက်ပေးရန်၊ ရှမ်းပြည်နယ်အစိုးရက အာမခံ၍ တာဝန်ယူသည်။

အထက်တွင် ဖော်ပြခဲ့သည့်အပိုဒ်များကို နှစ်ဦးနှစ်ဘက် သဘောတူညီကြပါသဖြင့်၊ ရှမ်းပြည်နယ်အစိုးရ၏ ကိုယ်စား ရှမ်းပြည်နယ်ဥက္ကဋ္ဌနှင့်. . . . . စော်ဘွား စဝ်. . . . . တို့သည်၊. . . . . မြို့၌၊ အထက်တွင် ပဌမဖော်ပြသည့်နေ့ရက်၌ အသီးသီး လက်မှတ်ရေးထိုးကြသည်။ စော်ဘွား စဝ်. . . . . ၏ သဘောတူ လက်မှတ်ရေးထိုးခြင်းသည် မိမိအတွက်၎င်း၊ မိမိ၏ အမွေခံ အမွေစားများနှင့်အရိုက်အရာ ဆက်ခံသူများအတွက်၎င်း၊ ဖြစ်သည်။

. . . .
ရှမ်းပြည်နယ်အစိုးရအတွက် ရှမ်းပြည်နယ်ဥက္ကဋ္ဌ။

. . . .

. . . . စော်ဘွား. . . . .

E-book is created by *shanyoma*

E-book is created by ***shanyoma***

AGREEMENT BETWEEN SHAN STATE GOVERNMENT AND THE SAOPHAS

သဘောတူစာချုပ်

[illegible]

အပိုဒ် ၁

[illegible]

အပိုဒ် ၂

[illegible]

အပိုဒ် ၃

[illegible]

အပိုဒ် ၄

[illegible]

အပိုဒ် ၅

[illegible]

အပိုဒ် ၆

[illegible]

အပိုဒ် ၇

[illegible]

(စဝ်ဟုံ ဖ)

ရှမ်းပြည်နယ်ခေါင်းဆောင်

(စဝ်ဖြည်)

THIS AGREEMENT is made the **24th day of April**............1959 between the Government of the Shan State represented by the Head of the Shan State and the *Saopha* of **Mongnai State**........., hereinafter referred to as the *Saopha*.

WHEREAS in the immediate and the best interests of the........**Mongnai**............... State and its people as well as of the Government of the Shan State, the *Saopha* of **Mongnai**..............State is desirous that the administration of the said State should vest solely in the Government of the Shan State without any reserve of power, authority or jurisdiction in favour of the said *Saopha*.

AND WHEREAS the Government of the Shan State and the Government of the Union of Burma welcome the said transfer of power, authority and jurisdiction.

IT IS HEREBY AGREED AS FOLLOWS:—

ARTICLE 1

The *Saopha* of the........**Mongnai**..............State hereby transfers to and vests in the Government of the Shan State all his powers, authority and jurisdiction in relation to the Government of his State as from the...........**24th**...........day of **April**.... **1959**.........

ARTICLE 2

In consideration of the said transfer the *Saopha* shall be entitled to receive as his commuted pension an outright payment of the sum of K....**6,62,385/-**......(Kyats....**Six Lakhs Sixty-two** **Thousand Three hundred and Eighty-five**.......only) free of all taxes.

The amount so paid is intended to cover payments by the *Saopha* to his relatives of such sums of money and in such manner as he may think fit in lieu of pension received by them prior to this Agreement. The said amount is also intended to cover expenses for the maintenance of the *Saopha's* personal body guards (if any) maintained by him.

ARTICLE 3

Without prejudice to any future amendment of the Constitution of the Union of Burma, the *Saopha* shall be entitled to enjoy the use of the title of *Saopha*.

ARTICLE 4

The *Saopha* shall subject to law be entitled to the full ownership, use and enjoyment of all his private properties, *e.g.*, Haws, Private Houses, paddy fields, gardens, plantations, arms, etc., belonging to him on the date of this Agreement as distinct from the properties, *e.g.*, Offices, Schools, Jails, Lock-ups, Bungalows, Hospitals, other buildings, lands, etc., of the ......**Mongnai**.....................State.

The *Saopha* will furnish to the Government of the Shan State before the...**22nd**.... ....day of..........**April**.....................1959 an inventory of all the immovable property, held by him as his private property.

ARTICLE 5

No enquiry shall be made by or under the authority of the Government of the Shan State and no proceedings shall lie in any court in the Shan State against the *Saopha* in respect of anything done or omitted to be done by him in *bona fide* exercise of his powers, authority or jurisdiction as *Saopha* or under his authority as such during the period of his administration of the.......**Mongnai**...............State.

ARTICLE 6

Except with the previous sanction of the Government of the Shan State, no criminal proceedings shall be instituted against any person in respect of any act done or purported to be done in the exercise of his duties as a servant of the..........**Mongnai**...........State before the day on which the *Saopha* transfers the administration of the said State to the Government of the Shan State.

ARTICLE 7

(1) The Government of the Shan State hereby guarantees *either* the continuance in service of the permanent members of the.........**Mongnai**...............State Services on such conditions as are not less advantageous than those under which they were serving before the 1st June 1959 or the payment to them of reasonable compensation.

(2) The Government of the Shan State further guarantees the continuance of pensions and leave salaries sanctioned by the *Saopha* to members of the..........**Mongnai**.............. State Services who have retired or proceeded on leave preparatory to retirement, before the 1st June 1959.

IN WITNESS WHEREOF the Head of the Shan State for and on behalf of the Government of the Shan State and the *Saopha* on behalf of himself, his heirs and successors have hereunder set their hands at........**Taunggyi**..................the day, month and year first above written.

(SAO HOM HPA)

Head of the Shan State

(For and on behalf of the Government of the Shan State)

(SAO PYE)

Saopha of the.......**Mongnai**........*State*

ရှမ်းပြည်နယ်

ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချပွဲအခမ်းအနားကြီး

ရှမ်းပြည်နယ်ရာဇဝင်တွင် မော်ကွန်းတင်ရမည့်ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေး
ပန္နက်ချလက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပသော
တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်ကောင်စီ လွှတ်တော်အဆောက်အဦကြီး

E-book is created by ***shanyoma***



ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချလက်မှတ်ရေးထိုးပွဲကြီး ကျင်းပနေပုံ

E-book is created by ***shanyoma***



မြောက်သိန္နီစော်ဘွား ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီး သတိုးမဟာသရေစည်သူ စဝ်ဟုံဖ စာချုပ်တွင် လက်မှတ်ရေးထိုးနေပုံ

သာမိုင်းခမ်းစော်ဘွားကြီး မဟာသရေစည်သူ စဝ်ထွန်းအေး လက်မှတ်ရေးထိုးနေပုံ

E-book is created by ***shanyoma***



မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချို လက်မှတ်ရေးထိုးနေပုံ



ဗိုလ်မှူးကြီးတင်မောင်၊ ဒု–ဗိုလ်မှူးကြီးခင်ဇာမုံ၊ ဒု–ဗိုလ်မှူးကြီးသိန်းဒုတ်၊ ဝန်ကြီးဦးခင်မောင်ဖြူနှင့်
နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးမြင့်သိန်းတို့အား လက်မှတ်ရေးထိုးပွဲအခမ်းအနား၌
အခြားဧည့်သည်တော်များနှင့်အတူ တွေ့မြင်ရပုံ

E-book is created by *shanyoma*

စဝ်မုန်ဖ၏အဆိုကိုနန်းခမ်းအမတ် ဦးထွန်းအေး
ဆွေးနွေးနေပုံ

သိန္နီမြောက်ပိုင်း အမတ်
စဝ်ဟိန်ခမ်း (မဟာဒေဝီ)
ဆွေးနွေးနေပုံ

ညောင်ရွှေမြောက်ပိုင်းအမတ် ဦးတင်ကိုကို ဆွေးနွေးနေပုံ

E-book is created by *shanyoma*

ဧပြီလ ၂၇ ရက်နေ့က၊ ကျင်းပသော ရှမ်းပြည်နယ်ကောင်စီ အရေးပေါ် ညီလာခံ၌ ရှမ်းပြည်နယ် အစိုးရ ပြည်ထဲရေး ဌာနဝန်ကြီး ဝဏ္ဏ ကျော်ထင် စဝ်မန်ဖက ရှမ်းစော်ဘွားများ အာဏာစွန့်လွှတ်ရေး အဆိုကို တင်သွင်းနေပုံ

E-book is created by ***shanyoma***

ဧပြီလ ၂၈ ရက်နေ့က ဟဲဟိုးလေဆိပ်သို့ရောက်ရှိလာသော နိုင်ငံတော်သမတဦးဝင်းမောင်အား
ရှမ်း၊ ဗမာ၊ ကရင်၊ ပလောင်နှင့်ပအို့အမျိုးသမီးလေးများက စောင့်ကြို၍ ပန်းဆက်နေပုံ
(ဓာတ်ပုံကို မော်ကွန်းတိုက်မှ ကျေးဇူးပြုသည်)

E-book is created by *shanyoma*

E-book is created by *shanyoma*

ဟဲဟိုးလေဆိပ်၌ နိုင်ငံတော် သမတက
ကိုယ်ရံတော်တပ်ကိုလှည့်လည်စစ်ဆေး
နေပုံနှင့် ကိုယ်ရံတော်တပ်၏ အလေးပြု
ခြင်းကိုခံယူနေပုံ

(ဓါတ်ပုံကို မော်ကွန်းတိုက်မှ
ကျေးဇူးပြုသည်)

(ဓါတ်ပုံကို မောင်ကျွန်းတိုက်
မှကျေးဇူးပြုသည်)

နိုင်ငံတော် သမတ အား
တောင်ကြီးမြို့မှ တခမ်း
တနားကြိုဆိုနေကြပုံ

E-book is created by ***shanyoma***

ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချပွဲ အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ် ဥက္ကဋ္ဌကြီး သတိုးမဟာသရေစည်သူ စဝ်ဟုံဖ က
ဧပြီလ ၂၈ ရက်နေ့ညက ညစာစားပွဲတရပ်ဖြင့် တည်ခင်းဧည့်ခံနေပုံနှင့် ယင်းညစာစားပွဲ၌ ဧည့်ခံဖျော်ဖြေသော ဒေါ်စောမြအေးကြည်

(ဓါတ်ပုံကို မောင်ကျွန်းတိုက်မှ ကျေးဇူးပြုသည်)

ဧပြီလ ၂၉ ရက်နေ့ နံနက်က ကျင်းပသော ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချအခမ်းအနားကြီး၌ တပ်ပေါင်းစုက နိုင်ငံတော်သမတအား အလေးပြုနေပုံနှင့်အခမ်းအနားကြီးသို့ တက်ရောက်သော စစ်ဘက် အရာရှိကြီးများ (ဝဲ မှ ယာ သို့) ဒု–ဗိုလ်မှူးကြီးဂွမ်ရှိန်၊ ဒု–ဗိုလ်မှူးကြီး မျိုးမြင့်၊ ဒု–ဗိုလ်မှူးကြီးထွန်းအုံ၊ ဗိုလ်မှူးကြီးဘသန်း၊ ဗိုလ်မှူးကြီးသန်းစိန်၊ ဗိုလ်မှူးကြီးမင်းသိန်း
(ဓာတ်ပုံကို မော်ကွန်းတိုက်မှ ကျေးဇူးပြုသည်)

E-book is created by *shanyoma*

E-book is created by ***shanyoma***

အခမ်းအနားကြီးသို့ တက်ရောက်ကြသော နယ်ရှင်စော်ဘွားကြီးများ၊ ပြည်မနှင့်ပြည်နယ်အသီးသီးမှ
ဧည့်သည်တော်ကြီးများနှင့်လူထုတစိပ်တဒေသကို တွေ့မြင်ရပုံ
(ဓာတ်ပုံကို မော်ကွန်းတိုက်မှ ကျေးဇူးပြုသည်)

ဒု-ဗိုလ်မှူးကြီး အောင်ဇင် ဦးဆောင်မှုဖြင့် နိုင်ငံတော် စစ်ဆေး



E-book is created by ***shanyoma***

သမတ က တပ်ပေါင်းစုအား ဂျစ်ကားဖြင့် လှည့်လည် နေပုံ



E-book is created by ***shanyoma***



နိုင်ငံတော်သမတ မိန့်ခွန်း
မြွက်ကြားနေပုံ

ပြည်နယ်ဥက္ကဋ္ဌကြီး သတိုး
မဟာသရေစည်သူ စဝ်ဟုံဖ
မိန့်ခွန်းမြွက်ကြားနေပုံ

E-book is created by ***shanyoma***



(အထက်ပုံ) နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း မိန့်ခွန်းမြွက်ကြားနေပုံ

(အောက်ပုံ) အခမ်းအနားကြီးကို ကြီးမှူးကျင်းပသော တပ်မဟာ ၆၊ တပ်မင်း ဒု-ဗိုလ်မှူးကြီး ခင်ဇာမုံ၊ တပ်မဟာ ၉၊ တပ်မင်း ဗိုလ်မှူးကြီး တင်မောင် နှင့်၊ တပ်မဟာ ၄၊ တပ်မင်း ဒု-ဗိုလ်မှူးကြီး သိန်းဒုတ်

(ဓါတ်ပုံကို မော်ကွန်းတိုက်မှ ကျေးဇူးပြုသည်)

E-book is created by ***shanyoma***

ဒု-ဗိုလ်မှူးကြီး အောင်ဇင် ကြီးမှူးသော တပ်ပေါင်းစု က နိုင်ငံတော် သမတအား ချီတက် အလေးပြုနေပုံ

E-book is created by ***shanyoma***

E-book is created by ***shanyoma***



E-book is created by ***shanyoma***

E-book is created by ***shanyoma***

ဧပြီလ ၂၉ ရက်နေ့ညက တည်
ခင်းကျွေးမွေးသောနိုင်ငံတော်
ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး
နေဝင်း၏ ညစာစားပွဲ၌ နိုင်ငံ
တော်သမ္မတ ဦးဝင်းမောင်၊
ရှမ်းပြည်နယ် စော်ဘွားကြီး
များ၊ နိုင်ငံတော် တရားဝန်
ကြီးချုပ် ဦးမြင့်သိန်း၊ ဗိုလ်
မှူးချုပ်အောင်ကြီးနှင့်ဗိုလ်မှူး
ကြီးအာသန်းတို့အား တွေ့မြင်
ရပုံ

အခမ်းအနားကျင်းပသည့်ရက်အတွင်း ပျော်ပွဲ ရွှင်ပွဲများ ကျင်းပပေးစဉ် နှင့် အတီးအမှုတ်များဖြင့် ဧည့်ခံဖျော်ဖြေစဉ် တွေ့မြင်ရပုံ

(ဓါတ်ပုံကိုမော်ကွန်းတိုက်မှ ကျေးဇူးပြုသည်)

E-book is created by ***shanyoma***



ညအချိန်၌ ရောင်ခုံမီးများ ထွန်းညှိထားပုံနှင့် ရွှေမန်းတင်မောင်၊ စိန်အောင်မင်း ဇာတ်များသို့ လာရောက်ကြည့်ရှုသူများပုံ

(ဓါတ်ပုံကို မော်ကွန်းတိုက်မှ ကျေးဇူးပြုသည်)

E-book is created by ***shanyoma***

ရှမ်းပြည်နယ်ရာဇဝင်တွင် မော်ကွန်းတင်ရမည့်ရှမ်းပြည်နယ်ပြည်သူ့အုပ်ချုပ်ရေး
ပန္နက်ချမင်္ဂလာအခမ်းအနားကြီးကို တခမ်းတနားအောင်မြင်စွာ ကြီးမှူးကျင်းပ ပြုလုပ်ပေးခဲ့ကြသော
တပ်မဟာ ၉၊ တပ်မဟာ ၆ နှင့် တပ်မဟာ ၄ တို့မှ စစ်ဘက်အရာရှိကြီးများ
(ဓာတ်ပုံကို မော်ကွန်းတိုက်မှ ကျေးဇူးပြုသည်)

E-book is created by *shanyoma*

သိန္နီစော်ဘွားကြီးစဝ်ဟုံဖ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

သိန္နီစော်ဘွားကြီး သတိုးမဟာသရေစည်သူ စဝ်ဟုံဖသည် ကောဇာသက္ကရာဇ် ၁၂၆၃–ခု(ခရစ်သက္ကရာဇ် ၁၉၀၂ ခုနှစ်) တွင်၊ ခမည်းတော် သိန္နီစော်ဘွားကြီး စဝ်ခွန်ဆံတုန်ဟုမ်း နှင့် မယ်တော် မဟာဒေဝီကြီးတို့မှ မွေးဖွားခဲ့လေသည်။

၁၉၁၂ ခုနှစ်၊ အသက် ၁၂ နှစ်တွင် တောင်ကြီးမြို့ရှိပဒေသရာဇ်စော်ဘွားသားများကျောင်းသို့ ပညာသင်ကြားပြီး၊ ၁၉၁၈ ခုနှစ်၊ ပဌမ ကမ္ဘာစစ်ကြီးတွင် ဘားမားရိုင်ဖယ်စစ်တပ်၌ဝင်ရောက်အမှုထမ်းရာ စူပဒါအဖြစ် ရာထူး ခန့်ထားခြင်းခံရသည်။ ၁၉၂၁ ခုနှစ်တွင် စစ်တပ်မှ ထွက်ပြီး၊ မကွေးခရိုင်သို့ နယ်ပိုင် ဝန်ထောက်အဖြစ် ပြောင်းရွှေ့အမှုထမ်းခဲ့သည်။ ၎င်းမှ တဖန် ၁၉၂၅ ခုနှစ်တွင် နယ်ပိုင်ဝန်ထောက်အဖြစ်မှ နုတ်ထွက်၍ ခမည်းတော် စော်ဘွားကြီး၏ ရိုက်ရာဖြစ်သော သိန္နီစော်ဘွားကြီးအဖြစ် စတင်အုပ်ချုပ်ခဲ့လေသည်။

E-book is created by *shanyoma*

၁၉၃၈ ခုနှစ်တွင် စစ်တပ်မှ စစ်သားဟောင်းများအား ပြန်လည်ခေါ် ယူသောကြောင့် အမှတ်(၁၄)ဘားမားရိုင်ဖယ်တပ်တွင် ဗိုလ်ကြီးရာထူးဖြင့် ပြန်လည်ထမ်းဆောင်ရကာ ကလောမှ ရေတာရှည်အထိ တာဝန်ယူရလေသည်။ ဗိုလ်ကြီးရာထူးမှ ဗိုလ်မှူးရာထူးတိုးတက်ချီးမြှင့်ခြင်း ခံရလေသည်။

၁၉၄၂ ခုနှစ်၊ အင်္ဂလိပ်အစိုးရများ ဆုတ်ခွါသွားပြီးနောက် စစ်တပ်မှထွက်၍ သိန္နီမြို့သို့ ပြန်လာပြီး နယ်ချုပ်မှုကိစ္စများကို ဆက်လက်ဆောင်ရွက်နေရာ ၁၉၄၂ ခု၊ မေလ ၁ ရက်နေ့တွင် သိန္နီသို့ ဂျပန်များ ဝင်ရောက်ကြီးစိုးသိမ်းပိုက်လာသောကြောင့် တောထဲသို့ ရှောင်တိမ်းနေရာမှ ဇွန်လတွင် သိန္နီသို့ပြန်လာပြီး နယ်အုပ်ချုပ်ရေးကို ဆက်လက်ဆောင်ရွက်နေရာ၌ ဂျပန်များက အင်္ဂလိပ်စစ်တပ်၌ အမှုထမ်းခဲ့သူဖြစ်သည့်အတွက် အင်္ဂလိပ်နှင့်ကင်းရှင်းမည်မဟုတ်ကြောင်း အထင်ရှိပြီး ဇူလိုင်လ ၂၄–ရက်နေ့တွင် စော်ဘွားရာထူးမှ ခေတ္တချထားပြီး အကျယ်ချုပ် ချုပ်ထားခြင်းခံရလေသည်။

ဂင်းနောက် မိုင်းခွန်မြို့သို့ ခေါ်ဆောင်သွားပြီး ဂျပန်များကို မည်သည့်အကြောင်းကြောင့် ခုခံတိုက်ခိုက်ကြောင်းကို စစ်ဆေးမေးမြန်းခြင်းပြုသဖြင့်၊ စော်ဘွားကြီးက အင်္ဂလိပ်ဘက်မှနေ၍တိုက်ခိုက်ရခြင်းသည် အင်္ဂလိပ်အား ချစ်၍မဟုတ်ကြောင်း၊ အင်္ဂလိပ်အစိုးရ၏ လက်အောက်ခံတွင် နှစ်ပေါင်းများစွာ လက်အောက်ခံဘဝနှင့်နေခဲ့ရ၍ ဂင်း၏ သစ္စာတော်ကို စောင့်ထိန်းခြင်းအားဖြင့် ကူညီတိုက်ခိုက်ရကြောင်းနှင့် အကယ်၍ ဂျပန်များနှင့်အင်္ဂလိပ်နည်းတူ နေခဲ့ရပါကလည်း ထိုနည်းတူစွာ ကူညီတိုက်ခိုက်ပေးရမည်ဖြစ်ကြောင်း စသည်များကို ရှင်းလင်းပြောပြသဖြင့် ဂျပန်များ ကျေနပ်မှုရရှိသွားပါသည်။ ဂင်းနောက် ယခုအခါ ဂျပန်များ နိုင်သည်မှာ လက်နက်ကြောင့်သာ နိုင်ပါသည်။ ကျုပ်တို့ကို နိုင်ဘို့ တခုကျန်ပါသေးသည်။ ကျုပ်တို့၏ နှလုံးရည်ကို နိုင်အောင်တိုက်ပါမှ၊ အားလုံးနိုင်သည်ဟု ပြန်ပြောသောကြောင့် ဂျပန်ဗိုလ်ချုပ်က သဘောကျပြီး လွှတ်ခွင့်ပြုလိုက်သည်။

၁၉၄၄–၄၅ ခုနှစ်၊ အင်္ဂလိပ်များနှင့်မဟာမိတ်တပ်များ မြန်မာပြည်မြောက်ပိုင်းသို့ ပြန်လည်တိုက်ခိုက်လာရာတွင် တောတွင်းသို့သွားရောက်နေထိုင်၍ နယ်သူနယ်သားများကို စုစည်းပြီး တပ်ဖွဲ့ကာ ခေါင်းဆောင်ပြုလုပ်၍ ဂျပန်များကို ပြန်လည်တော်လှန်တိုက်ခိုက်သည်။ တော်လှန်ရေးအပြီးတွင် သိန္နီနယ်အား အုပ်ချုပ်ရေးသစ်ဖွင့်ကာ ပြန်လည်အုပ်ချုပ်ခဲ့သည်။

မဟာမိတ်နှင့်အင်္ဂလိပ်များ ပြန်ရောက်ပြီးနောက် ပြည်နယ်များစည်းရုံးရေးကိစ္စများအားပြန်လည်ဆောင်ရွက်၍ စည်းလုံးမှု ရရှိပြီးသည်နောက် ၁၉၄၆ ခုနှစ်တွင် ရှမ်းပြည်တောင်ပိုင်း လဲချားနယ် ပင်လုံမြို့၌ စစ်အောင်ပွဲအထိမ်းအမှတ်အနေဖြင့် ပြည်နယ်အသီးသီးမှ စော်ဘွားများအား ဘိတ်ခေါ်ကာ စည်းဝေးပွဲကြီးကို ကျင်းပနိုင်ခဲ့လေသည်။

၁၉၄၇–ခု၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကမ္ဘာကျော် မော်ကွန်းဝင် ပင်လုံစာချုပ်ကြီးကို စော်ဘွားများ ခေါင်းဆောင်တဦးအနေဖြင့် လက်မှတ်ထိုးသောပုဂ္ဂိုလ်တဦးလည်းဖြစ်သည်။

၁၉၄၈ ခု၊ မတ်လ ၂၈ ရက်နေ့တွင် လားရှိုးမြို့အား ရဲဘော်ဖြူနှင့်ကွန်မြူနစ်တပ်နီများဝင်ရောက်သိမ်းပိုက်ရာတွင် အစိုးရငွေတိုက်မှ ငွေပေါင်း ၁၅ သိန်းခန့် ပါသွားသည့်အပြင်၊ အစိုးရအမှုထမ်းများထဲမှ အချို့ရဲဘော်အမှုထမ်းများ၊ စစ်ရဲများပါသွားရာ၊ ရှမ်းပြည်မြောက်ပိုင်းနယ်တွင် တိုင်းပျက်ပြည်ပျက် ဘဝသို့ ရောက်လုဆဲအချိန်တွင် ရှမ်းပြည်နယ်နှင့်ပြည်ထောင်စုကြီး၏အကျိုးကို မျှော်ကိုး၍ ရရှိထားသော လွတ်လပ်ရေးကို မထိခိုက်စေရန်အတွက် မိမိနယ်မှ ရဲအမှုထမ်းများနှင့်နယ်တွင်းမှ လူများစုဆောင်းပြီး လားရှိုးမြို့ကို ၁၉၄၈ ခု၊ မတ်လအတွင်းတွင် ပြန်လည်တိုက်ခိုက်သိမ်းယူပြီး အစိုးရအား ပြန်လည်အပ်နှင်းနိုင်ခဲ့လေသည်။ ဂင်းနောက် ကချင်စစ်

E-book is created by *shanyoma*

ဗိုလ်နော်ဆိုင်းသည် (ကေ–အင်–ဒီ–အို)များနှင့်ပူးပေါင်းပြီး လားရှိုးမြို့အား ဝင်ရောက်တိုက်ခိုက်ရာတွင် ငွေတိုက်မှ ငွေပေါင်း ၆ သိန်းခန့်ဆုံးရှုံးခြင်းခံရသဖြင့် ပြည်ထောင်စုအစိုးရထံ အကူအညီတောင်းရာ လမ်းပန်းဆက်သွယ်ရေးအတွက် စောင့်ရှောက်ရန် ကယားစစ်ရဲတပ်ခွဲတခုသာ ပို့ပေးခဲ့လေသည်။ သို့သော်လည်း စော်ဘွားကြီးသည် မလျှော့သောလုံ့လဖြင့် ဆူပူသောင်းကျန်းသူများအား အားသွန်ကြိုးပမ်းတိုက်ခိုက်ချေမှုန်း၍ လွတ်လပ်သောနိုင်ငံအား ကာကွယ်စောင့်ရှောက်ခဲ့လေသည်။

၁၉၄၉ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးအထိမ်းအမှတ် အောင်ပွဲနေ့တွင် စော်ဘွားကြီး၏ ဂုဏ်သတ္တိ မျိုးချစ်စိတ်အား ချီးကျူးဂုဏ်ပြုခြင်းအားဖြင့် နိုင်ငံတော်သမတကြီးက သတိုးမဟာသရေစည်သူ ဟူသော ဘွဲ့ထူးကြီးကို ချီးမြှင့်ခဲ့လေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် တိုင်းပြည်အခြေအနေ မငြိမ်မသက်ဖြစ်သဖြင့်၊ ရှမ်းပြည်နယ်အတွက် ငြိမ်ဝပ်ပိပြားရေး) (Maintenance of Law and Order) များကို တာဝန်ယူပြီး လစာမဲ့ ရှမ်းပြည်နယ် အထူးတိုင်းမင်းကြီး၏ တာဝန်ဝတ္တရားများကို ၁၉၄၉ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့သည်။

ဤကဲ့သို့ တိုင်းမင်းကြီး ရာထူးကို ဆောင်ရွက်ရင်း ကျူးကျော်ဝင်ရောက်လာသော တရုတ်ဖြူအား ဗမာ့တပ်မတော် တပ်မဟာ(၆)နှင့်ပူးပေါင်း၍ ၁၉၅၃ ခု၊ မတ်လအတွင်း အပြီးတိုင် ချေမှုန်းတိုက်ခိုက်နိုင်ခဲ့လေသည်။

ဖ၊ဆ၊ပ၊လ ၂ခြမ်းကွဲပြီး ဖြစ်ပေါ်လာသော အခြေအနေအရပ်ရပ် ပြဿနာတို့ကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းရာ ပြည်နယ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ၃–၄ ကြိမ် တိုက်တွန်းကြသော်လည်း လက်မခံဘဲ နေရာမှ နောက်ဆုံးမငြင်းသာတော့ဘဲ ပြည်နယ်ဥက္ကဋ္ဌအဖြစ် ၁၉၅၈ ခု၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် လက်ခံခဲ့သည်။ သိန္နီစော်ဘွားကြီးစဝ်ဟုံဖသည် မဟာဒေဝီစဝ်နန်းဆိုင်ဟိန်းနှင့်သားတော် စဝ်လိန်တို့နှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် တိုင်းပြည်အကျိုးကို သည်ပိုးဆောင်ရွက်လျက် ရှိလေသည်။

E-book is created by *shanyoma*

ညောင်ရွှေစော်ဘွားကြီး နာယကကြီး စဝ်ရွှေသိုက်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်လူမျိုးစုလွှတ်တော် နာယကကြီး စဝ်ရွှေသိုက်မှာ မြန်မာ သက္ကရာဇ် ၁၂၅၇ (ခရစ်သက္ကရာဇ် ၁၈၉၆)ခုနှစ်တွင် ညောင်ရွှေစော်ဘွားကြီးဆာစဝ်မောင်နှင့်မဟာဒေဝီတို့မှ ဖွါးမြင်လေသည်။ တောင်ကြီးမြို့ ကမ္ဘောဇကောလိပ်၌ ပညာရင်နို့သောက်စို့ပြီးလျှင်၊ ရှမ်းပြည်နယ် မြောက်သိန္နီနယ်စော်ဘွားကြီးစဝ်ဟုံဖ နှစ်မတော် စဝ်ဟိန်ခမ်းနှင့် ထိမ်းမြား လက်ထပ်ပြီး၊ သားတော် သမီးတော် ၇ ယောက်ထွန်းကားခဲ့လေသည်။ ပဌမကမ္ဘာစစ်ကြီးအတွင်း စစ်ဘက်တွင် ဝင်ရောက်ထမ်းရွက်ခဲ့ရာ ၁၉၂၀–၂၃ ခုနှစ်အတွင်း မြန်မာပြည်အရှေ့မြောက်ပိုင်းနယ်စပ်ဒေသကို ထိန်းသိမ်းရသည့်စစ်သည်တော်တဦးဖြစ်ခဲ့လေသည်။ ၁၉၃၉ ခုနှစ်တွင် စစ်ဘက်သို့ ထပ်မံဝင်ရောက်ခဲ့သည်မှာ ၁၉၄၂ ခုနှစ်တိုင်အောင် ဖြစ်လေသည်။

၁၉၂၉ ခုနှစ်၌ ခမည်းတော် စော်ဘွားကြီး နတ်ရွာစံကံတော်ကုန်ပြီးချိန်တွင် ညောင်ရွှေစော်ဘွားအဖြစ်ဖြင့် ခမည်းတော်၏ အရိပ်အရာကို ဆက်ခံသိမ်းပိုက်ခဲ့လေသည်။

စော်ဘွားကြီးအဖြစ်ဖြင့် ညောင်ရွှေနယ်ကို အုပ်ချုပ်နေစဉ်အတွင်း ခေတ်မှီစော်ဘွားကြီးတဦးဖြစ်သည့်အလျောက် နယ်သူနယ်သား လူအများအား ပညာဗဟုသုတ တိုးပွါးရေးကြီးပွါးရေး၊ ဖွံ့ဖြိုးရေး၊ လူမျိုးတိုးတက်ရေးစသည့်အရေးအဝဝကို အားသွန်ခွန်စိုက် ထမ်းရွက်ခဲ့လေသည်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာ တိုင်းပြုပြည်ပြုလွှတ်တော် ဥက္ကဋ္ဌအဖြစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရလေသည်။

၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့၌ လွတ်လပ်ရေး ကျေညာရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ယာယီသမတကြီးအဖြစ်ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရပြီး ၁၉၅၂ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့အထိ နိုင်ငံတော်သမတအဖြစ်ဖြင့် ထမ်းရွက်ခဲ့လေသည်။

E-book is created by *shanyoma*

၁၉၅၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် သမတသက်တမ်း ကုန်ဆုံးချိန်မှစ၍ ယနေ့ထက်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော်၏ နာယကကြီးအဖြစ်ဖြင့် ဆောင်ရွက်လျက်ရှိပေသည်။

စော်ဘွားကြီးမှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာစသည့် အရေးအဝဝတွင် စွမ်းစွမ်းတမံ ငွေအား လူအားဖြင့် မရပ်မနား ကြိုးပမ်းအားထုတ်၊ အပတ်တကုတ် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့်အတွက် နိုင်ငံတော်အစိုးရက (အဂ္ဂမဟာသရေစည်သူ)နှင့်(အဂ္ဂမဟာသီရိသုဓမ္မ)စသည့်နိုင်ငံတော်၏ အကြီးဆုံးသော ဘွဲ့ထူးကြီးများကို ချီးမြှင့်မြှောက်စားခြင်းခံခဲ့ရလေသည်။

E-book is created by ***shanyoma***

ကျိုင်းတုံစော်ဘွားကြီး စဝ်စိုင်းလုံ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ကျိုင်းတုံစော်ဘွားကြီးစဝ်စိုင်းလုံမှာ (၁၉၇၂)သက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် ဖွါးမြင်လေသည်။ (၁၉၃၄) ၁၂၉၆ ခုနှစ်မှစ၍ ကျိုင်းတုံနယ်ကျောင်းတွင် အခြေခံပညာရပ်များကို သင်ကြားခဲ့ရာ၊ တနှစ်ကာလ အကြာတွင် ၄ တန်း အထိ တတ်မြောက်ခဲ့လေသည်။

၎င်းနောက် အသက် ၁၇ နှစ်အရွယ်တွင် အင်္ဂလန်နိုင်ငံသို့ သွားရောက်ပြီး ကင်ဘာရီမြို့ ဘုရင်ပညာသင်ကျောင်းတွင် တနှစ်မျှ ပညာသင်ကြားပြီး ၁၉၄၀ ခုနှစ်တွင် ကျိုင်းတုံသို့ ပြန်ခဲ့လေသည်။

၁၉၄၁ ခုနှစ်၊ မေလတွင် တဖန် ဩစတြေးလျနိုင်ငံသို့သွားရောက်ပြီး၊ အက်ဒီလိတ်မြို့၊ စိန့်ပီတာကောလိပ်ကျောင်း၌ ၁၉၄၅ ခုနှစ်အထိ ပညာဆက်လက်သင်ကြားခဲ့လေသည်။

၁၉၄၆ ခုနှစ်တွင် အစိုးရ၏ တိုက်တွန်းချက်အရ ဩစတြေးလျမှ ပြန်လာပြီး ၁၉၄၇ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ နယ်အုပ်ချုပ်ရေး တာဝန်ကိုခံယူ၍ ကျိုင်းတုံစော်ဘွားကြီးအဖြစ်ဖြင့် ထမ်းရွက်လာခဲ့လေသည်။

အသက် ၁၉ နှစ်အရွယ် (၁၉၄၇ ခု) ၁၃၀၈ ခုနှစ်တွင် ကျိုင်းတုံနယ် လူမျိုးစုလွှတ်တော်အမတ်အဖြစ်ဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရလေသည်။ (လူမျိုးစုလွှတ်တော်သို့ တက်ရောက်ကြရသည့်အမတ်များအနက်၊ အသက်အရွယ် အငယ်ဆုံးအမတ်ဖြစ်လေသည်။)

E-book is created by *shanyoma*

သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

သီပေါစော်ဘွားကြီးစဝ်ကြာဆိုင်သည် ခမည်းတော်စဝ်အို၊ မယ်တော်စဝိစိန်လ္ဘာတို့မှ ၁၉၂၄ ခု၊ ဇူလိုင်လတွင် ရှမ်းပြည်မြောက်ပိုင်း သီပေါမြို့၌ ဖွါးမြင်သည်။ မွေးချင်းယခုလက်ရှိ ၃ ဦးအနက် အငယ်ဆုံးဖြစ်သည်။
၁၉၃၂ ခုနှစ်မှ ၁၉၃၅ ခုနှစ်အထိ မေမြို့ စိန်ဂျိုးဇက် ကွန်ဗင့်ကျောင်းတွင် ပညာသင်ကြားပြီး ၁၉၃၅ ခုမှ ၁၉၄၁ ခုနှစ်အထိ တောင်ကြီးမြို့ ရှမ်းစော်ဘွား သား မြေးများကျောင်းတွင် ပညာသင်ကြားသည်။ ၁၉၄၁ ခုနှစ်တွင် ၎င်းကျောင်းမှ ၁၀ တန်းအောင်မြင်ပြီး အိန္ဒိယပြည်၊ ဒါဂျီလင်မြို့စိန်ပေါကျောင်း၌ဆက်လက်သင်ကြားရာ စီနီယာကင်းဘရစ်(ချ်) အောင်မြင်သည်။

၁၉၄၄ ခုနှစ်မှ ၁၉၄၅ ခုနှစ်တွင် မိုင်းလုံမြို့စားအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၄၇ ခုနှစ်၊ ဖေဖေါ်ဝါရီလ သီပေါနယ်လူထု၏ တင်မြှောက်ချက်အရ သီပေါစော်ဘွားအဖြစ် သီပေါနယ်အား ဖွါးစားအုပ်ချုပ်သည်။

E-book is created by ***shanyoma***

၁၉၄၉ ခု၊ စက်တင်ဘာလတွင် အမေရိကန်ပြည်၊ ကောင်ရိုရာဒိုမိုင်းအတတ်သင်ကြားသည့် သိပ္ပံကျောင်းသို့ သွားရောက်ပညာသင်ကြားကာ၊ ၁၉၅၃ ခုနှစ်တွင် မိုင်းနင်းအင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် ပြန်ခဲ့သည်။

၁၉၅၄ ခုနှစ်၌ပင် လူမျိုးစုလွှတ်တော်အမတ်အဖြစ် ရွေးချယ်ခြင်းခံရသည်။ စော်ဘွားများအစည်းအရုံးတွင် ၁၉၅၅ ခုနှစ်မှ ယနေ့အထိ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

သီပေါစော်ဘွားကြီးစဝ်ကြာဆိုင်သည် အနောက်တိုင်းသူနှင့်လက်ထပ်ထိမ်းမြားခဲ့ရာမှ သမီးတော် ၂ ဦးထွန်းကားလေသည်။

မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချို၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

မိုးမိတ် စော်ဘွားကြီးစဝ်ခွန်ချိုမှာ ခမည်းတော် စဝ်ခင်မောင်နှင့်မယ်တော်မဟာဒေဝီစဝ်နန်းအိမ်တို့မှ သက္ကရာဇ် ၁၂၇၃ ခုနှစ်၊ တော်သလင်းလ (၁၉၁၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)နေ့တွင် ရှမ်းပြည်မြောက်ပိုင်း မိုးမိတ်မြို့၌ ဖွားမြင်ခဲ့လေသည်။

သက္ကရာဇ် ၁၂၈၃ ခုနှစ်မှ ၁၂၈၇ (၁၉၂၂ မှ ၁၉၂၆)ခုနှစ်အထိ၊ မေမြို့ အစိုးရအင်္ဂလိပ်အထက်တန်းကျောင်းတွင် ပညာရင်နို့ သောက်စို့ခဲ့ပြီးလျှင် ၁၂၈၈ ခုနှစ်မှ ၁၂၉၁ (၁၉၂၇–၁၉၃၄)ခုနှစ်အထိ အင်္ဂလန်နိုင်ငံ ဆပ်ဖော့ခရိုင်၊ ဖရင်လမ်တမ်ကောလိပ်၌၎င်း၊ ၁၂၉၂ ခုနှစ်မှ ၁၂၉၅ ခု (၁၉၃၁–၁၉၃၄)ခုနှစ်အထိ၊ ကင်းဘရစ်ဂ်မြို့၊ မက်(ဂ်)ဒါလီးန် (Magdalene) ကောလိပ်၌၎င်း၊ ဆက်လက်ပညာသင်ကြားခဲ့ရာ၊ ၎င်းကောလိပ်မှ မဟာဝိဇ္ဇာဘွဲ့ထူးကို ဆွတ်ခူးရရှိခဲ့လေသည်။

သက္ကရာဇ် ၁၂၉၇ (၁၉၃၆)ခုနှစ်တွင် မိုးမိတ်နယ် စော်ဘွားကြီး၏ အရိပ်အရာကို ဆက်ခံသိမ်းပိုက်ပြီးနောက် ၁၃၀၁ (၁၉၄၀)ခုနှစ်တွင် ရှမ်းပြည်နယ်ရှိ (Burma Territorial Forces) စစ်တပ်၌ ဝင်ရောက်ထမ်းရွက်ရာ၊ ၁၃၀၂ (၁၉၄၁) ခုနှစ်တွင် ကက်ပတိန်(ဗိုလ်ကြီး)ရာထူးကို ရရှိခဲ့ပြီးလျှင် စစ်ကြီးအပြီးတွင်လည်း ဆုတံဆိပ်များ ရရှိခဲ့လေသည်။

၁၃၀၆ ခု (၁၉၄၅) ခုနှစ်တွင်၊ ကြက်သရေဆောင် ရွှေစလွယ်ရမင်းဟူသော ဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်းခံရလေသည်။

၁၃၀၈ ခုနှစ် (၁၉၄၇)ခု၊ ဇွန်လတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် တိုင်းပြုပြည်ပြုလွှတ်တော်သို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေး အဖွဲ့ဝင်တဦးအဖြစ်ဖြင့် တက်ရောက်ခဲ့ပြီးလျှင် ၁၉၄၇ ခု၊ ဇူလိုင်လ၌ နယ်စပ်ဒေသ အတိုင်ပင်ခံ ဝန်ကြီးအဖြစ်ဖြင့် ဘုရင်ခံ၏ အုပ်ချုပ်မှုအဖွဲ့တွင် ပါဝင်ခဲ့လေသည်။ ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှအစိုးရနှင့်တွေ့ဆုံရသည့် ကာကွယ်ရေးမစ်ရှင်နှင့်ဘဏ္ဍာရေးမစ်ရှင်များတွင်လည်း အဖွဲ့ဝင်တဦးအဖြစ်ဖြင့် ပါဝင်ခဲ့လေသည်။

ထိုမှတပါး ပြည်ထောင်စုနှင့်ကမ္ဘာ့နိုင်ငံကြီးငယ်တို့ ဆက်ဆံရေး အဝဝတွင် အဆင်ပြေမှု

E-book is created by *shanyoma*

ရရှိစေရန် ပြည်ထောင်စုမှ ကိုယ်စားလှယ်အဖွဲ့များကို စေလွှတ်ခဲ့ရာ၌ မကြာခဏ အဖွဲ့ကိုခေါင်းဆောင်၍ လှည့်လည်သွားရောက်ခဲ့ရလေသည်။

ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ယိုးဒယားပြည်သို့ စေလွှတ်သည့်ချစ်ကြည်ရေးမစ်ရှင်တွင် ခေါင်းဆောင်အဖြစ်ဖြင့်၎င်း၊ အိန္ဒိယပြည် ဦးတည်ကမန်းမြို့တွင် ကျင်းပသည့် (ECAFE) ညီလာခံသို့ တက်ရောက်သော ပြည်ထောင်စု၏ ကိုယ်စားလှယ်အဖွဲ့တွင် ခေါင်းဆောင်အဖြစ်ဖြင့်၎င်း တက်ရောက်ခဲ့လေသည်။ (ECAFE) ညီလာခံသို့ တက်ရောက်ခဲ့ရာတွင် ညီလာခံ၌ ဒုတိယသဘာပတိအဖြစ်ဖြင့် ညီလာခံက တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ခြင်းကို ခံခဲ့ရလေသည်။

၎င်းနှစ်တွင်ပင် ဩစတြေးလျပြည်၊ လက်ပစတန်မြို့၌ ဖေါ်ပြပါ ညီလာခံကြီးကို ဆက်လက်ကျင်းပရာ ထိုညီလာခံအတွင်း မူလသဘာပတိ မတက်ရောက်နိုင်သည့်အတွက် စဝ်ခွန်ချိုက သဘာပတိအဖြစ်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ရလေသည်။

၁၉၅၁ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရက အင်ဒိုနီးရှားသို့ ချစ်ကြည်ရေးမစ်ရှင်အဖွဲ့ စေလွှတ်ရာတွင် ခေါင်းဆောင်အဖြစ်ဖြင့် လိုက်ပါခဲ့ရလေသည်။

၁၉၅၄ ခုနှစ်အတွင်း၊ ကနေဒါပြည်၊ အော်တိုဝါမြို့၌ ကျင်းပသည့်ကိုလံဘိုစီမံကိန်းကော်မစ်ရှင်သို့ ခေါင်းဆောင်အဖြစ်ဖြင့် တက်ရောက်ခဲ့လေသည်။ ထိုနှစ်အတွင်းမှာပင် ကုလသမဂ္ဂညီလာခံသို့တက်ရောက်သည့်ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကိုယ်စားလှယ်အဖွဲ့ကိုလည်း ခေါင်းဆောင်ခဲ့လေသည်။

လွတ်လပ်ရေး ရရှိပြီးကာလတွင် ၁၉၄၈ ခု၊ ဖေဖေါ်ဝါရီလမှစ၍ ၁၉၅၈ ခု၊ နိုဝင်ဘာလအထိ ရှမ်းပြည်နယ် ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ခဲ့လေသည်။ ၁၉၅၀ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ နိုင်ငံခြားရေးဌာနဝန်ကြီးတာဝန်ကိုပါ ပူးတွဲဆောင်ရွက်ခဲ့လေသည်။ ၁၉၅၆ ခု၊ အောက်တိုဘာလမှစ၍ ၁၉၅၈ ခု၊ အောက်တိုဘာလအထိ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးအဖြစ်ဖြင့် ပြည်ထောင်စု၏ တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခဲ့လေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြန်မာပြည်တွင် ဖ၊ဆ၊ပ၊လ၊ အဖွဲ့ချုပ်ကြီးက မားမားမတ်မတ်ရပ်တည်ကာ လူထုတရပ်လုံးအား ရှေ့ဆောင်လျက် ရှိသည့်နည်းတူ ရှမ်းပြည်နယ်တခွင်တွင် လူထုတရပ်လုံး၏ မှီခိုအားထားရာ တောင်တန်းသားစည်းလုံးညီညွတ်ရေးအဖွဲ့ချုပ်ကြီးကို

E-book is created by *shanyoma*

တည်ထောင်ပြီး၊ ထိုအဖွဲ့ချုပ်ကြီး၏ ရှေ့ဆောင်ဥက္ကဋ္ဌကြီးအနေနှင့် ယနေ့ထက်တိုင် ပြည်နယ်၏ အကျိုးကို သည်ပိုးလျက် ရှိနေပေသည်။

ထိုနည်းတူစွာ ၁၉၅၁ ခုနှစ်မှစ၍ ရှမ်းပြည်နယ် စော်ဘွားများ အစည်းအရုံး၏ ဥက္ကဋ္ဌ အနေဖြင့်လည်း ယနေ့ထက်တိုင် ဆောင်ရွက်လျက် ရှိနေသည့်ပြင် ၁၉၄၇ ခုနှစ်မှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လူမျိုးစုလွှတ်တော် ပါလီမန်တွင် အမတ်အဖြစ် တိုင်းပြည်၏ အကျိုးကို သည်ပိုးဆောင်ရွက်လာရာ ယခုထက်တိုင် ဖြစ်လေသည်။ စော်ဘွားကြီးသည် မဟာဒေဝီစဝ်သီရိနှင့်သမီးတော်ကြီးစဝ်သီရိနန္ဒမဟေ၊ သမီးငယ် စဝ်သီရိပပဟေနှင့်သားတော်ကြီး ကျမိုင်းစဝ်ခွန်ကျော်၏၊ သားတော်ငယ် နော်မိုင်း စဝ်ခွန်နော်ဆိုင်တို့အား အင်္ဂလန်သို့ ပညာတော်များ သင်ကြားရန် စေလွှတ်ထားပြီး မိမိတဦးတည်းသာ ညီမတော်များနှင့်အတူနေထိုင်၍ တိုင်းပြည်၏ အကျိုးကို ကိုယ်စိတ်ချမ်းသာစွာဖြင့် ဆောင်ရွက်လျက် ရှိနေသည်။

E-book is created by ***shanyoma***

မိုးနဲစော်ဘွားကြီး စဝ်ပြည့်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်



E-book is created by ***shanyoma***

မိုးနဲစော်ဘွားကြီး သရေစည်သူ စဝ်ပြည့်သည် ၁၉၁၄ ခုနှစ်၊ ဧပြီလတွင် မိုးနဲမြို့၌ ဖွါးမြင်၍ ခမည်းတော်မှာ စဝ်ကျော်ဟိုး(စီ၊ဘီ၊အီး)ဖြစ်သည်။
၁၉၂၁ ခုနှစ်တွင် အေ၊ ဘီ၊ အမ်ကျောင်း၌ ပညာသင်ကြားခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် တောင်ကြီးမြို့ရှိ အစိုးရ ရှမ်းစော်ဘွားသားမြေးများကျောင်း၌ ပညာများ ဆက်လက်သင်ကြားခဲ့ရာ ၁၉၃၉ ခုနှစ်၊ မတ်လအတွင်းကျင်းပသော အစိုးရ ၁၀ တန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုပြီးသည့်နောက် ကျောင်းမှထွက်ခဲ့ပါသည်။ ထိုနောက် တောင်ကြီးမြို့၊ မြို့ပြအုပ်ချုပ်ရေးဌာနချုပ်ရုံး၌ တရားသူကြီးသင်တန်းကို တက်ရောက်သင်ကြားခဲ့ပါသည်။ ကျောင်းသားဘဝ၌ ပညာသင်ကြားလျက်ရှိနေစဉ် ကစကားခုန်စား အမျိုးမျိုးဘက်၌ အလွန်ဝါသနာပါ၍ အထူးသဖြင့် ဘောလုံးကန်ခြင်းဘက်မှာ ထူးချွန်သောကြောင့် အထက်ဗမာပြည်ဘောလုံးအသင်းသို့ ၁၉၃၄ ခုနှစ်မှ ၁၉၃၈ ခုနှစ်အထိ ပါဝင်ကစားရန် အရွေးခံခဲ့ရပါသည်။

တောင်ကြီးမြို့ရှိ မြို့ပြအုပ်ချုပ်ရေးဌာနချုပ်ရုံး လက်အောက်တွင် တရားသူကြီးသင်တန်း ပြီးသည့်နောက် ၁၉၃၉ ခုနှစ်တွင် ရှမ်းသေနတ်ကိုင်တပ်တွင် ဝင်ရောက်အမှုထမ်းဆောင်ခဲ့ပါသည်။ ၎င်းနောက် မြန်မာပြည် ရိက္ခာသယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်တပ်ဘက်သို့ ပြောင်းရွှေ့ပြန်ရာ ၁၉၁၃၉ ခုနှစ်၌ အိန္ဒိယပြည်၊ ကာ(လ်)ကူမြို့သို့ ၎င်းတပ်မှ ကိုယ်စားလှယ်အဖြစ် သင်တန်းများ တက်ရောက်သင်ကြားရန် စေလွှတ်ခဲ့ခြင်းခံရပါသည်။ ထိုမှ အိန္ဒိယရိက္ခာသယ်ယူပို့ဆောင်ရေးတပ်မတော်နှင့်အတူ သင်တန်းများသင်ကြားပြီးဆုံးသည့်နောက် ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ရှမ်းသေနတ်ကိုင်တပ်တွင်းသို့ အလုပ်ဝတ်တရားများ ထမ်းဆောင်ခဲ့သည်။ ၁၉၄၂ ခုနှစ်၊ မတ်လတွင် ဗိုလ်ကြီးရာထူးအဆင့်အတန်းသို့ တိုးတက်ခန့်အပ်ခြင်းကို ခံယူ၍ အိန္ဒိယပြည်သို့ ရုပ်သိမ်းသွားသည်အထိ အမှုတော်ကို ထမ်းရွက်ခဲ့ပါသည်။ သို့သော် မိမိသည် လိုက်ပါ၍မသွားဘဲ မြန်မာပြည်တွင် နေရစ်ခဲ့ပါသည်။

၁၉၃၀ ခုနှစ်တွင် မဟာဒေဝီနှင့်လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ၁၉၅၂ ခုနှစ်၌ အမေရိကန်ပြည်တွင်ကျင်းပသော အထွေထွေ ကုလသမဂ္ဂညီလာခံသဘင်သို့ မြန်မာပြည်မှ ကိုယ်စားလှယ်တော်

အဖြစ် စေလွှတ်ခြင်းခံခဲ့ရပါသည်။ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လတွင် ရှမ်းပြည်နယ်အစိုးရ၊ ပြည်ထဲရေးနှင့်တရားရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် အရွေးခံခဲ့ရာ ၁၉၅၈ ခုနှစ်၊ နိုဝဘ်ာလ ၇ ရက်နေ့တွင် ၎င်းဌာနဝန်ကြီးရာထူးမှ စွန့်လွှတ်ခဲ့ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော်တွင် ပါလီမန်အမတ်အဖြစ်ဖြင့်၎င်း၊ ရှမ်းပြည်နယ်ကောင်စီမှ ယနေ့အထိ ပါလီမန်အမတ်နှင့်အဖွဲ့ဝင်တဦးအဖြစ်၎င်း ဆောင်ရွက်လျက်ရှိနေပါသည်။

E-book is created by ***shanyoma***

တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

တောင်ပိုင်စော်ဘွားကြီး စဝ်ခွန်ပန်းစိန်သည် ခရစ်သက္ကရာဇ် ၁၈၉၄ ခုနှစ်၊ စက်တင်ဘာလတွင် ဖွါးမြင်သည်။ စော်ဘွားကြီးသည် ရှမ်းပြည် တပြည်လုံးရှိစော်ဘွားများအနက် တဦးတည်းသော ပလောင်အမျိုးသားစော်ဘွားဖြစ်လေသည်။

ရှေးဦးစွာ ၁၉၀၆ ခုနှစ်တွင် တောင်ကြီးမြို့၊ ရှမ်းစော်ဘွားသားမြေးများ ကျောင်းသို့ ပညာရပ်များ ဆည်းပူး သင်ကြားခဲ့ပြီး၊ ၁၉၁၆ ခုနှစ်၌ ကျောင်းမှထွက်ခါ တောင်ပိုင်နယ် ကျမိုင်း အဖြစ် နယ်အုပ်ချုပ်ရေး ကိစ္စ အဝဝတွင် ခမည်းတော်စော်ဘွားကြီးအား ကူညီဆောင်ရွက်ခဲ့သည်။ ၁၉၂၆ ခုနှစ်တွင် ခမည်းတော်စော်ဘွားကြီး နတ်ရွာစံ ကတော်ကုန်သောအခါ ခမည်းတော်၏ ရိုက်ရာကို ဆက်လက်စိုးစံခဲ့ရာ ယနေ့အထိပင် ဖြစ်လေသည်။

E-book is created by ***shanyoma***

တောင်ပိုင်စော်ဘွားကြီးစဝ်ခွန်ပန်းစိန်သည် နတ်ရွာစံ ရပ်စောက်စော်ဘွားကြီးစဝ်ခွန်လိတ်၏ သမီးတော်အကြီး စဝ်ခင်နွံအား လက်ထပ်ထိမ်းမြားကာ မဟာဒေဝီအဖြစ် တင်မြှောက်ခဲ့လေသည်။ မဟာဒေဝီနှင့်သားတော် သမီးတော် ၆ ဦး ထွန်းကားခဲ့သည်။ မဟာဒေဝီစဝ်ခင်နွံ နတ်ရွာစံပြီးနောက်၊ ပလောင်အမျိုးသမီး စဝ်နန်းကျန်အား မဟာဒေဝီအဖြစ် ဆက်လက်တင်မြှောက်ရာ သားတော် သမီးတော် ၄ ဦးထွန်းကားပြန်သည်။ ဒုတိယမြောက် မဟာဒေဝီ၏ သားတော်အကြီး စဝ်ခွန်အောင်အား ကျမိုင်းအဖြစ် ခန့်အပ်ထားလေသည်။ ၎င်း မဟာဒေဝီ ကံတော်ကုန်ပြန်သောအခါ မြန်မာ–အင်္ဂလိပ်ကပြား ဒေါ်ခင်မေမေဆိုသူအား မဟာဒေဝီ တင်မြှောက်ပြန်ရာတွင် သားတော် သမီးတော် ၁၃ ဦးထွန်းကားခဲ့သည်။ စော်ဘွားကြီးတွင် ပလောင်အမျိုးသမီးတဦးနှင့် တရုပ်အမျိုးသမီးတဦး အားလည်း ကြင်ယာတော်အဖြစ် ထားရှိလေသည်။

စော်ဘွားကြီးသည် ပင်လုံညီလာခံ၌ ရှမ်းပြည်စော်ဘွားများ အစည်းအရုံး၏ ဥက္ကဋ္ဌအဖြစ် စွမ်းစွမ်းတမံ တာဝန်ယူဆောင်ရွက်ခဲ့၍ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သူ ဖြစ်လေသည်။

စော်ဘွားကြီးသည် ၁၉၂၅ ခုနှစ်၌ အင်္ဂလန်–ပြင်သစ်ပြည်များသို့ လေ့လာရေးကြာမျှ သွားရောက်လှည့်လည်ခဲ့ဘူးပြီး ၁၉၃၉ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်အံ့ဆဲဆဲတွင် မာလာယု၊ တရုပ်

ပြည်၊ ဂျပန်ပြည်၊ ဟွန်နာလူလူ၊ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ နော်ဝေးစသော တိုင်းပြည်များ သို့ လှည့်လည်ခဲ့လေသည်။

စော်ဘွားကြီးသည် နမ့်မတူမိုင်း ဘားမားကော်ပိုရေးရှင်းတွင် ပြည်ထောင်စုအစိုးရ၏ ကိုယ်စားလှယ်အဖြစ် (အေ)အဆင့် ဒါရိုက်တာတဦးအဖြစ် ရွေးချယ်ခန့်အပ်ခြင်းခံရသည့်ပြင်၊ ပြည်ထောင်စု စက်မှုလက်မှုလုပ်ငန်း၊ လဘက်ခြောက်ထုတ်လုပ်ရေးအဖွဲ့ဝင်လူကြီး အဖြစ်လည်း ခန့် အပ်ခြင်းခံရလေသည်။ စော်ဘွားကြီးသည် တိုင်းပြုပြည်ပြု လွှတ်တော်ခေတ်မှစ၍ ယနေ့ထိ လူ မျိုးစုလွှတ်တော်တွင် ပါလီမန်အမတ်တဦးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရလေသည်။

တိုင်းကျိုး ပြည်ကျိုးများ ထမ်းဆောင်ခဲ့သည်ကို ထောက်ရှု၍ နိုင်ငံတော်အစိုးရက ၁၉၅၉ ခုနှစ်တွင် မဟာသရေစည်သူဘွဲ့ထူးဖြင့် ချီးမြှင့်ခံရလေသည်။

E-book is created by shanyoma

မိုင်းကိုင်စော်ဘွားကြီး စဝ်ကြည်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

မိုင်းကိုင်နယ် စော်ဘွားကြီး စဝ်ကြည်သည် မြန်မာသက္ကရာဇ် ၁၂၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်နေ့တွင် ခမည်းတော်စော်ဘွားကြီးစဝ်ခွန်မှုံနှင့်မယ်တော် မဟာဒေဝီစဝ်မြယ်ပိုင်တို့မှ ဖွါးမြင်ပြီး စော်ဘွားကြီးစဝ်ခွန်မှုံ၏ သားတော်နှစ်ပါးအနက် ဒုတိယသားတော်ဖြစ်သည်။

သက္ကရာဇ် ၁၂၈၇ ခုနှစ်တွင် ခမည်းတော်စော်ဘွားကြီးစဝ်ခွန်မှုံ နတ်ရွာစံသွားသဖြင့် သားတော်အကြီး နောင်တော်စဝ်နွံသည် သက္ကရာဇ် ၁၉၂၇ ခုနှစ်တွင် မိုင်းကိုင်နယ်စော်ဘွားကြီး၏ အရိုက်အရာကို ဆက်ခံအုပ်ချုပ်ရသည်။

ငယ်စဉ် တောင်ကြီးမြို့ ရှမ်းစော်ဘွားသားမြေးများကျောင်း၌ ပညာသင်ကြားပြီးလျှင် နောင်တော်စဝ်နွံသည် စော်ဘွားကြီးအဖြစ် အုပ်ချုပ်နေစဉ်၌ ၎င်းသည် မိုင်းကိုင်နယ်၏ ကျေမိုင်းအဖြစ်ဖြင့် အခွန်တော်အမတ်ကြီးရာထူးကိုပါ ပူးတွဲထမ်းရွက်ခဲ့ရသည်။

၁၂၉၁ ခုနှစ်လောက်တွင် နောင်တော်စော်ဘွားကြီး စဝ်နွံနှင့်အတူ အင်္ဂလန်နိုင်ငံသို့ အထူးပညာရပ်များ လေ့လာရန် သွားရောက်ခဲ့ရသည်။ အင်္ဂလန်နိုင်ငံတွင် နောင်တော်စော်ဘွားကြီး စဝ်နွံ၏ ကျန်းမာရေး ချို့တဲ့မှုကြောင့် မိုင်းကိုင်မြို့သို့ ပြန်လည်ထွက်လာခဲ့ရသည်။

သက္ကရာဇ် ၁၉၃၂ ခုနှစ်တွင် နောင်တော်ကြီး စဝ်နွံ နတ်ရွာစံသွားသဖြင့် ၎င်း၏ အရိုက်အရာကို ဆက်လက်ဆက်ခံအုပ်ချုပ်ခဲ့ရသည်။

ထိုသို့ မိုင်းကိုင်နယ်ကို စော်ဘွားကြီးအဖြစ်ဖြင့် ၁၉၃၂ ခုနှစ်မှစ၍ အုပ်ချုပ်လာခဲ့သည့်အပြင် ဒုတိယကမ္ဘာစစ်ကြီး အတွင်း၌၎င်း၊ ကော၊အင်၊ဒီ၊အိုခေါ် ကရင်သူပုန်များထကြွစဉ်အခါ၌၎င်း၊ မိမိနယ်သူ နယ်သားများနှင့်တကွ အစိုးရအား အဘက်ဘက်မှ ကူညီစောင့်ရှောက်လာခဲ့သူ တဦးဖြစ်ပေသည်။

၎င်းမှ ယခုအချိန်အထိ စော်ဘွားကြီးအဖြစ်ဖြင့် အုပ်ချုပ်လျက်ရှိပြီး တိုးတက်နေသော ကမ္ဘာကြီး၏ အခြေအနေအရ၊ တိုးတက်သစ်လွင်သည့် အုပ်ချုပ်ရေးအပြောင်းအလဲများဖြစ်ပေါ်လာနိုင်ရန် ရှမ်းပြည်နယ် နယ်ရှင်များက မိမိတို့၏ အုပ်ချုပ်ရေးအာဏာစွန့်လွှတ်ပေးရေးကိစ္စတွင် အထူးစိတ်ဝင်စားလျက်ရှိသော စော်ဘွားကြီးတဦး ဖြစ်ပေသည်။

E-book is created by *shanyoma*

ထိုသို့စိတ်ဝင်စားလျက်ရှိသည့်အလျောက် ဦးစွာပဌမ စံပြုအနေဖြင့် အာဏာစွန့်လွှတ်ပေးလိုသော စော်ဘွားကြီးတဦးဖြစ်ကြောင်းကို ၎င်း၏ပြောဆိုမိန့်ကြားချက်များအရ သိရှိခဲ့ရလေသည်။

E-book is created by ***shanyoma***

တောင်သိန္နီနယ် မိုင်းရယ်စော်ဘွားကြီး စဝ်ဆိုဟုံဖ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

မိုင်းရယ်စော်ဘွားကြီးစဝ်ဆိုဟုံဖ(Sao So Home)သည် နတ်ရွာစံလွန်ပြီးသော ခမည်းတော်စော်ဘွားကြီး စဝ်စုံ (Sao Sone) နှင့်လက်ရှိမယ်တော် နန်းခမ်းဆာ(တောင်ဆောင်)အကြီးတို့၏ ပဥ္စမသားတော်ဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ်တွင် ဖွါးမြင်တော်မူ၍ ၎င်းနှင့်မိရင်းတူမွေးဘက်နှမတော် စဝ်ရွှေခင် တယောက်ထည်းသာလျှင်ရှိကြောင်း။

စဝ်ဆိုဟုံဖသည် မြန်မာသက္ကရာဇ် ၁၂၈၉ ခု၊ အင်္ဂလိပ်သက္ကရာဇ်အားဖြင့် ၁၉၂၈ ခုနှစ် သက်တော် ၁၁ နှစ်အရွယ်တွင် တောင်ကြီးမြို့ ရှမ်းပြည်စော်ဘွားသားမြေးများကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး၊ မန္တလေးနှင့်ရန်ကုန်တက္ကသိုလ်ကျောင်း၌ (အိုင်၊အေ)အထိ ပညာသင်ကြားအောင်မြင်ပြီးနောက် ၁၉၃၇ ခုနှစ်တွင် တက္ကသိုလ်ကျောင်းမှ ထွက်ခဲ့လေသည်။ ထိုနောက် ၁၉၃၈ ခုနှစ်တွင် တောင်ပိုင်းရှမ်းပြည် ရပ်စောက်မြို့၌ ရပ်စောက်စော်ဘွားကြီး စဝ်ခွန်ဆာ၏ သမီးတော်အကြီးဆုံး စဝ်ညွန့်ကြည်နှင့်လက်ထပ်မင်္ဂလာပြု၍ ယခုအခါ သမီးတော် ၈ ယောက်သာလျှင် ထွန်းကားလေရာ (၁) စဝ်တင်မိုင်း၊ (၂) စဝ်တမ်းဟုံ၊ (၃) စဝ်စမ်နွမ်း၊ (၄) စဝ်စမ်ဖုံး၊ (၅) စဝ်စမ်ခမ်း၊ (၆) စဝ်ဆိုင်မိုင်း၊ (၇) စဝ်ဟီးယားဆိုင်၊ (၈) စဝ်ဆိုင်ဟိန်းတို့ဖြစ်ကြသည်။

ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ

စော်ဘွားကြီးသည် ကျောင်းမှထွက်လာပြီးနောက် ကျောက်ဆည်မြို့တွင် အုပ်ချုပ်ရေးရာအဖြာဖြာ သင်တန်းများကို လေ့လာဆည်းပူးခဲ့၍ ခမည်းတော်စော်ဘွားကြီး ရှိစဉ်ကပင် နယ်အုပ်ချုပ်ရေးတွင် တာဝန်ယူထမ်းဆောင်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖေါ်ဝါရီလတွင် ဆနတ်ရ၍၊ ကဆုန်လတွင် စော်ဘွားအဖြစ် ဘိသိက်မင်္ဂလာကို ခံယူပါသည်။

စော်ဘွားကြီးသည် ၁၉၄၉ ခုတွင် မြောက်ပိုင်းရှမ်းပြည်တခွင်တွင် ဝင်ရောက်နှောင့်ယှက်ခဲ့သော ကေ၊အင်၊ဒီ၊အို နော်ဆိုင်းတို့ကိုလည်း မိုင်းရယ်နယ်တွင် တာရှည်ခိုအောင်း မနေနိုင်အောင်ကြိုးစားဆောင်ရွက်ခဲ့ပြီး တရုပ်ဖြူအရေးတွင်လည်း လွယ်မော်တန့်ယန်း တလျှောက်ကို မိမိ၏နယ်ပုလိပ်၊ နယ်သူနယ်သားများနှင့်တွန်းလှန်တိုက်ထုတ် ကာကွယ်ခဲ့လေသည်။

စော်ဘွားကြီးသည် ရှမ်းပြည်နယ် နိုင်ငံရေးဆောင်ရွက်ရာ၌ စော်ဘွားများ ကောင်စီအ

E-book is created by shanyoma

ဖွဲ့သို့ဝင်၊ ရ၊တ၊စ၊ည၊ဖ၊အဖွဲ့သို့ဝင်း အခြားအဖွဲ့ဝင်များနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ခဲ့လေသည်။

စော်ဘွားကြီးသည် ကျောင်းနေစဉ်အခါ၌ ဘောလုံးကန်ခြင်း အထူးဝါသနာပါရှိသူဖြစ်၍ ကျောင်းဘောလုံးအသင်းတွင် ပါဝင်ကစားခဲ့သူတဦး ဖြစ်သည်။

ဝင်းပြင် မိမိ၏ဝါသနာအလိုက် ဓါတ်ပုံရိုက်ကူးခြင်း၊ လျှပ်စစ်ပညာ၊ မော်တော်ကားစက်ကိရိယာပြုလုပ်ပြင်ဆင် တပ်ဆင်ခြင်း၊ ဂီတာအတီးနှင့်ယိုးဒယားစောင်းကြိုးအတီးတွင် အလွန်ပင်ဝါသနာပါ၍ တီးခတ်ခြင်းများ၊ လက်သမားပညာ၊ ပန်းဘဲပညာ အစရှိသည့်အနုပညာအကြမ်းပညာတို့ကိုလည်း လေ့လာတတ်ကျွမ်းသော စော်ဘွားကြီးတဦး ဖြစ်လေသည်။

E-book is created by *shanyoma*

လဲချားစော်ဘွားကြီးစဝ်နွံ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ခရစ်သက္ကရာဇ် ၁၉၀၆ ခု၊ အောက်တိုဘာလ(မြန်မာသက္ကရာဇ် ၁၂၆၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်)နေ့တွင် ခမည်းတော်လဲချားစော်ဘွားကြီးစဝ်ခွန်လိုင်းနှင့် မယ်တော် နန်းဆိုင်မွန်းမှ တတိယမြောက် သားတော်လဲချားစော်ဘွားစဝ်နွံအား ဖွါးမြင်ခဲ့သည်။

၆ နှစ်သား အရွယ်သို့ရောက်သော် လဲချားမြို့ မြန်မာစာသင်ကျောင်းတွင် ပဥ္စမတန်း အထိ ပညာ သင်ကြားပြီး တောင်ကြီးမြို့၊ ရှမ်းစော်ဘွားသားမြေးများ ကျောင်း၌ ဆက်လက်၍ အထက်တန်း ပညာရပ်များ ဆည်းပူး သင်ကြားခဲ့ရာမှ ၁၉၂၇ ခုနှစ်တွင် မန္တလေးမြို့၊ ရဲအရာရှိသင်တန်းကျောင်းတွင် ပညာများဆက်လက်သင်ကြားခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ မဒရပ်မြို့တွင် "ပရိုဗင်စဲ(လ်)ထရိမ်းနင်ကောလိပ်ကျောင်း" ၌ ၂ နှစ်ခန့်မျှ ဥပဒေပညာရပ်များကို သင်ကြား၍ မိတ္ထီလာ၌ပင် နယ်ဝန်ထောက်ရာထူးဖြင့် အမှုထမ်းဆောင်ပြီး သာစည်မြို့တွင် ငွေတိုက်အရာရှိသင်တန်းကို ၁၉၃၀ ခုနှစ်အထိ သင်ကြားခဲ့ပါသည်။ ထိုမှတဖန် တောင်ကြီးမြို့ ဝန်ရှင်တော်မင်းကြီးရုံးတွင် ဘတ်ဂျက်ရေးဆွဲနည်းပညာရပ်များကိုလည်း ဆက်လက်ဆည်းပူးလေ့လာသင်ကြားခဲ့ပါသည်။

၁၉၃၁ ခုနှစ်တွင် လဲချားနယ်ရှင် ခမည်းတော်၏ ရိပ်ရာ နယ်ရှင်စဝ်ဖလုံအဖြစ် ခံယူခဲ့ပြီး ၁၉၄၀ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်အတွင်း၌ ရှမ်းအပျော်ထမ်း စစ်တပ်နံပါတ် ၁၃ တွင် ဒု-ဗိုလ်ရာထူးဖြင့် မေမြို့တွင် အမှုထမ်းဆောင်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင်၊ ဂျပန်ခေတ်တွင် လဲချားနယ်သို့ ပြန်လည်ကြည့်ရှုအုပ်ချုပ်ရန် အရေးတကြီးလိုအပ်နေသဖြင့် နယ်ကို ပြန်လည်အုပ်ချုပ်ခဲ့ရသည်။

၁၉၄၅ ခုနှစ်၌ မဟာမိတ်တပ်များ ပြန်လည်ဝင်ရောက်လာချိန်တွင် ဂျပန်များ၏ ဖမ်းဆီးခြင်းကို ခံရ၍ ၎င်းတို့လက်မှ ထွက်ပြေးတိမ်းရှောင်ပြီး ၅ ရက်အကြာတွင် မဟာမိတ်တပ် အမှတ် ၁၀၁ တပ်မတော်နှင့်ပူးပေါင်းကာ နယ်ရှိလူထုများကို စုရုံးပြီး ဂျပန်ကို တော်လှန်ခဲ့သည်။ ၁၉၄၆-၄၇ ခုနှစ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် ပြည်ထောင်စုသားအားလုံး စည်းလုံးညီညွတ်ရေးပင်လုံစာချုပ် ချုပ်ဆိုကြရာတွင် ရှမ်းကော်မတီအဖွဲ့ဝင် ၁၄ ဦးအနက် တဦးအပါအဝင်အဖြစ် လက်မှတ်ရေးထိုးပြီး လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရပါသည်။

E-book is created by *shanyoma*

၁၉၄၉ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် တဝန်းလုံးတွင် သောင်းကျန်းသူများ အင်အားကြီးမားစဉ်က ရှမ်းပြည်နယ်တွင်လည်း ကော၊အင်၊ဒီ၊အိုမျာကေ ဦးစီးခေါင်းဆောင်လျက် ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့မှစပြီး ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မြောက်ပိုင်းနှင့်လွယ်လင် စသည့်မြို့အသီးသီးတို့ကို သိမ်းယူထားကြရာ လဲချားနှင့်မိုးနဲနယ်သူနယ်သားများကို စုရုံးပြီး ဦးစီးခေါင်းဆောင်ပြုလျက် လွယ်လင်မြို့ကို သောင်းကျန်းသူများလက်မှ ပြန်လည်သိမ်းပိုက်ခဲ့သည်။

တဖန်ဆက်လက်၍ မြောက်ပိုင်း ရှမ်းပြည်တောင်ပိုင်း၊ သီပေါ၊ မြောက်သိန္နီ၊ မိုင်းရယ်၊ ဝနယ်၊ ကျေးစီး၊ မိုင်းနောင်၊ မိုင်းရှူ၊ မိုင်းကိုင်၊ မောက်မယ်၊ မိုင်းပန်နယ်များမှ နယ်ရှင်ညီတော်နောင်တော်များနှင့်ကူညီစောင့်ရှောက်ရန် လူများကို စုရုံးလျက် သောင်းကျန်းသူများ နှိမ်နင်းရေးဦးစီးချုပ်အနေဖြင့် တွန်းလှန်တိုက်ခိုက်ပြီး နယ်များကို ပြန်လည် သိမ်းပိုက်ခဲ့ပါသည်။ ထိုကဲ့သို့ တွန်းလှန်တိုက်ခိုက်ရာတွင် တပ်မတော်မှ သေနတ်ကိုင်တပ်ရင်း(၁)၊ တပ်ခွဲတခွဲကို ဗိုလ်ကြီးတင်ဦးကိုယ်တိုင်ဦးစီးလျက် မြောက်ပိုင်းတိုင်း ဗိုလ်မှူးချုပ်ဘလိတ်က စေလွှတ်ခဲ့ပါသည်။

ဎင်းနောက် ဆက်လက်၍ တပ်မတော်နှင့်အတူ ပူးပေါင်းပြီး ၄ လကြာမျှ သောင်းကျန်းသူများအား တွန်းလှန်တိုက်ခိုက်ခါ တောင်ကြီးမြို့တော်ကို ပြန်လည်သိမ်းယူခဲ့ရာ ၁၉၅၁–၅၂ ခုနှစ်အထိ မိုင်းကိုင်နှင့်လဲချားနယ်တွင် ကြွင်းကျန်နေသေးသည့်သောင်ကျန်းသူများအား ဆက်လက်တွန်းလှန်ဖြိုဖျက်ခဲ့ပါသည်။ ထို့ပြင်လည်း ရှမ်းပြည်နယ် အစိုးရအဖွဲ့တွင် ပြည်သူ့ငွေစာရင်းကော်မတီ၌ သဘာပတိအဖြစ် ဆောင်ရွက်လျက်ရှိသည်။

၁၉၅၈ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်မှ သရေစည်သူဘွဲ့နှင့်ရွှေတံဆိပ်ဆုချီးမြှင့်ခြင်းခံရပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော်တွင် အမတ်တဦးအဖြစ်ဖြင့်လည်း လွှတ်လပ်သော ပြည်ထောင်စုကြီး၏ တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။

E-book is created by *shanyoma*

ရပ်စောက်စော်ဘွားကြီး စဝ်ခွန်ဆာ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ရပ်စောက် စော်ဘွားကြီး စဝ်ခွန်ဆာသည် ၁၂၅၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့တွင် ခမည်းတော်စော်ဘွားကြီးစဝ်ခွန်လိတ်(K.S.M.)နှင့်မယ်တော်စဝ်နန်း မမြင့်တို့မှ ဖွါးမြင်သည့် တဦးတည်းသော သားတော် ဖြစ်သည်။

၁၂၇၂ ခုနှစ်တွင် တောင်ကြီးမြို့၊ ရှမ်းစော်ဘွားများ၏ သားမြေးကျောင်း၌ စတင် ပညာသင်ကြားပြီး ၁၂၈၀ ခုနှစ်တွင် ကျောင်းမှ ထွက်ကာ အုပ်ချုပ်ရေးပညာများကို တောင်ကြီးမြို့ မြူနီစပါယ်ရုံး၌၎င်း၊ မဏ္ဍိုမဝန်ထောက်ရုံး၌၎င်း၊ အရေးပိုင်ရုံး၌၎င်း တနှစ်တာမျှ လေ့လာဆည်းပူးပြီး ရပ်စောက်နယ်သို့ ပြန်လာကာ၊ တရားသူကြီး အဖြစ်၎င်း၊ နယ်ချုပ်အဖြစ်၎င်း ပြန်လည်ထမ်းဆောင်သည်။

၁၂၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့တွင် ရပ်စောက်နယ် ကျမိုင်းအဖြစ် ခမည်းတော်က ခန့်အပ်ခဲ့သည်။ (၁၉၄၇ ခုနှစ်၊ ဖေဖော် ဝါရီလ ၇ ရက်နေ့) ၁၃၀၈ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့တွင် ခမည်းတော်၏ ရိုက်ရာကို ဆက်ခံမည့်စော်ဘွားကြီးအဖြစ် ဗမာပြည်ဘုရင်ခံက ခန့်အပ်ခြင်းခံရသည်။

စော်ဘွားကြီး စဝ်ခွန်ဆာသည် ၁၂၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်နေ့တွင် ကျိုးတုံ စော်ဘွားကြီး၏ သမီးတော် စဝ်နန်းဝင်းကျောက်နှင့်ထိမ်းမြားလက်ထပ်ရာ သမီးတော်လေးဦးနှင့် သားတော် နှစ်ဦး ထွန်းကားခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်မှ ယနေ့လူမျိုးစုလွှတ်တော်အထိ ပါလီမန်အမတ်တဦးအနေဖြင့် ရွေးချယ်ခြင်းခံရသည်။

ရှေးဦးစွာ လက်ထပ်ခဲ့သည့်မဟာဒေဝီ နတ်ရွာစံပြီးနောက် ၁၃၁၉ ခု၊ ဝါဆိုလဆန်း ၁၂ ရက်နေ့တွင် ညောင်ရွှေစော်ဘွားကြီးစဝ်ရွှေသိုက်၏ တူမတော် စဝ်နှံနှင့်နောက်ထပ် အိမ်ထောင်ပြုရာ နောက်ထပ်သားတော် အမွှာနှစ်ဦး ထွန်းကားပြန်သည်။ ယခု သက်တော် ၆၃ နှစ်ရှိပြီး ကျန်းမာသန်စွမ်း ရွှင်လန်းလျက် ရှိလေသည်။

E-book is created by shanyoma

စကားစော်ဘွားကြီးစဝ်ခွန်ကြည်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

စကားစော်ဘွားကြီး မဟာသရေစည်သူ စဝ်ခွန်ကြည်သည် ခမည်းတော်သူရဲကောင်း ငွေခါးရဲ စော်ဘွားကြီးစဝ်စိန်ဖူးနှင့် မယ်တော်စဝ်နန်းခင်ဖြူတို့မှ ၁၈၉၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း စကားမြို့၌ ဖွါးမြင်သည်။

အသက် ၈ နှစ်အရွယ်တွင် စကားမြို့ ဂိုဏ်းချုပ်ဆရာတော်ကြီးကျောင်းတွင် ဘာသာရေးဆိုင်ရာ စာပေများကိုစတင်လေ့လာဆည်းပူးပြီး၊ အသက် ၉ နှစ်အရွယ်တွင် တောင်ကြီးမြို့ ၁၉၀၂ ခုနှစ်၊ ပဌမဦးစွာ ဖွင့်လှစ်သည့် ရှမ်းစော်ဘွားသားမြေးများ ကျောင်းတွင် ပြောင်းရွှေ့ ပညာသင်ကြားခဲ့သည်။ ထိုကျောင်း၌ပင် နဝမတန်းအောင်မြင်ပြီး ထိုခေတ်က ၁၀ တန်းမရှိသောကြောင့် ကျောင်းမှထွက်ခဲ့ရသည်။ အသက် ၁၇ နှစ်အရွယ်တွင် ခမည်းရင်းတော် စော်ဘွားကြီး စဝ်စိန်ဖူးနတ်ရွာစံလေရာ၊ နယ်အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက်ရန်အတွက် မဏ္ဍိမဝန်ထောက်ရုံးတွင်၎င်း၊ မင်းကြီးရုံးတွင်၎င်း အုပ်ချုပ်ရေးပညာများကို လေ့လာသင်ကြားရပြီး အသက် ၂၃ နှစ်အရွယ်တွင် စကားစော်ဘွားကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ စဝ်ပြားစိုင်းမှ စတင်ရေတွက်သော် ၁၁ ဆက်မြောက်သော စကားစော်ဘွားဖြစ်လေသည်။

စော်ဘွားကြီးစဝ်ခွန်ကြည်သည် နတ်ရွာစံသုံးဆက်စော်ဘွားကြီးစဝ်ခွန်ဘိုး၏ မြေး၊ နတ်ရွာစံ ရပ်စောက်စော်ဘွားကြီး ကြက်သရေဆောင်ရွှေစလွယ်ရ၊ စဝ်ခွန်လိတ်၏ တူမတော် စဝ်နန်းခင်မေနှင့်ထိမ်းမြားလက်ထပ်ခါ မဟာဒေဝီတင်မြှောက်ရာ သားတော် သမီးတော် ၁၀ ဦးထွန်းကားခဲ့သည်။ ၁၉၄၁ ခုနှစ်၌ မဟာဒေဝီစဝ်နန်းခင်မေ နတ်ရွာစံသောအခါ စကားမြို့သူ နန်းမြတင်၊ နန်းမြရင်၊ နန်းမြဇင်တို့နှင့်နောက်ထပ် အိမ်ထောင်ပြုရာမှ သားသမီး ၁၁ ဦး ထွန်းကားပြန်သည်။

၁၉၄၇ ခုနှစ်တွင် စကားနယ်ချုပ်ရေးအား သားတော်ကျမိုင်းအား နယ်ချုပ်အဖြစ်ခန့်အပ်ပြီး၊ ရှမ်းပြည်နယ်ကောင်စီ(လွှတ်တော်)သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရရာ၊ ယနေ့အထိပင် ဖြစ်လေသည်။

စော်ဘွားကြီး စဝ်ခွန်ကြည်သည် ရှမ်းပြည်နယ်သာသနာရေးအဖွဲ့တွင်လည်း စေတနာ့

E-book is created by *shanyoma*

ဝန်ထိမ်းအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့တွင် ဒေသကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ၁၉၅၀ ခုဉ္ဇ သီဟိုဠ်တွင်ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်တဦးအဖြစ် တက်ရောက်ခဲ့ပြီး ၁၉၅၂ ခုနှစ်၌ ဂျပန်ပြည်တွင်ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံသို့ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရသည်။ ၁၉၅၅ ခုနှစ်တွင် တရုပ်ပြည်သို့ မြတ်စွာဘုရား၏ အံတော်ပင့်ဆောင်ရေးအဖွဲ့တွင် ပါဝင်သွားရောက်ခဲ့ရသည်။ ပြည်ထောင်မြန်မာနိုင်ငံတော် လွတ်လပ်ရေးအောင်ပွဲ ဗဟိုကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် ယနေ့တိုင် ဆောင်ရွက်လျက် ရှိသည်။

၁၉၅၈ ခုနှစ်တွင် နိုင်ငံတော်အစိုးရက မဟာသရေစည်သူဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်းခံရသည်။

E-book is created by ***shanyoma***

မိုင်းပန်စော်ဘွားကြီး စဝ်ရွှေကြည်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

မိုင်းပန်နယ်စော်ဘွားကြီး သီရိပျံချီစဝ်ရွှေကြည်သည် မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဟန်၊ မိုင်းကျွတ်၊ မိုင်းထား ၅မြို့ပိုင်မိုင်းပန် နယ်လုံးဆိုင်ရာကို ဘွားစား အုပ်ချုပ်သူ နတ်ရွာစံ (K.S.M) ကြက်သရေဆောင်ရွှေစလွယ်ရစော်ဘွားကြီး စဝ်ခွန်အုံနှင့် မဟာဒေဝီစဝ်နန်းယုံတို့မှ ပေါက်ဖွား ထွန်းကားသည့်သားသမီး နှစ်ဦးအနက် သားကြီးဖြစ်၍၊ မြန်မာသက္ကရာဇ် ၁၂၇၂ ခု(အင်္ဂလိပ်သက္ကရာဇ် ၁၉၂၀ ခု)နှစ်တွင် မိုင်းပန်မြို့၌ ဖွါးမြင်သည်။

စော်ဘွားကြီးစဝ်ရွှေကြည်သည် ၁၉၃၁ ခုနှစ်တွင် ရှမ်းစော်ဘွားသားမြေးများကျောင်း၌ စတင်၍ ပညာများသင်ကြားဆည်းပူးပြီးလျှင် ၁၉၄၀ ခုနှစ်တွင် ကျောင်းကထွက်ပြီး၊ အုပ်ချုပ်မှု ကျွမ်းကျင်ရေးအတွက် ရုံးအလုပ်ဝတ်တရားများ နားလည်ရန် လွယ်လင်ဝန်ထောက်ရုံးတွင် တနှစ်အလုပ်သင်၍ ကွယ်လွန်သူ ရှမ်းပြည်နယ်၏ ခေါင်းဆောင်ကြီးမိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းထံတွင်လည်း တနှစ်မျှ ဆက်လက်၍ ရုံးလုပ်ငန်းများကို ဆည်းပူးလေ့လာခဲ့ပါသည်။

၎င်းနောက် ခမည်းတော်၏ နယ်အုပ်ချုပ်မှု အလုပ်ဝတ်တရားများကို ကူညီဆောင်ရွက်ရင်း ၁၉၄၀ ခုနှစ်တွင်၊ မိုင်းပန်ကျမိုင်းအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။

စဝ်ရွှေကြည်သည် မိုင်းပန်မြို့ သမားတော်ဦးလှိုင်၏ ဒုတိယသမီး စဝ်နန်းမြင့်နှင့်ထိမ်းမြားလက်ထပ်ခဲ့ပါသည်။ ၁၉၄၇ ခုနှစ်၊ ဇန္နဝါရီလအတွင်း ခမည်းတော်စော်ဘွားကြီး နတ်ရွာစံကံတော်ကုန်သောအခါ နယ်လူထုများ၏ သဘောဆန္ဒမြော်လင့် တောင့်တချက်နှင့်ကိုက်ညီစွာ ၁၉၄၇ ခုနှစ်၊ ခမည်းတော်၏ ရိပ်ရာကို ခံယူလျက် မိုင်းပန်စော်ဘွားအဖြစ် ဆက်ခံအုပ်ချုပ်လျက်ရှိပါသည်။

စော်ဘွားကြီးစဝ်ရွှေကြည်မှာ သားထောက်သမီးခံ ထွန်းကားခြင်းမရှိသော်လည်း နှစ်မတော်စဝ်ပန်းစိန်နှင့်ကောင်စီသဘာပတိစကားစော်ဘွားကြီး မဟာသရေစည်သူ စဝ်ခွန်ကြည်၏ တူနိုင်ငံတော်သစ်ထုတ်ရေး စဝ်စိန်ဖွင့်နှင့်လက်ဆက်၍ ထွန်းကားပေါက်ဖွါးသည့် (၁) ပဌမသားကြီး စဝ်ဟတ်၊ (၂) ဒုတိယသားစဝ်ခွန်ဆစ်၊ (၃) တတိယသမီး စဝ်ခင်သော်တာနှင့်စဝ်နန်းမြင့်၏ တူမ စဝ်လှဝင်းတို့အား သားသမီးများ စောင့်ရှောက်ပြီး ပြုစုလျက်ရှိပါသည်။

E-book is created by shanyoma

၁၉၅၀ ခုနှစ်အတွင်း၊ ဒေသန္တရဗဟုသုတအဖြစ် ယိုးဒယားပြည်၊ ဘန်ကောက်၊ ဇင်းမယ် စသည်မြို့များသို့လည်း သွားရောက်လည်ပတ်ခဲ့ပါသည်။

၁၉၄၉ ခုနှစ်တွင် ကေ၊ အင်၊ ဒီ၊ အို၊ အရေးပေါ် ပေါက်လာသောအခါ စစ်ဝန်ထမ်းများ စုဆောင်းဖွဲ့စည်းရာ လွယ်လင်မြို့လာရောက်၍ သောင်းကျန်းသူများကို သစ္စာရှိစွာ ပါဝင်တွန်းလှန်တိုက်ခိုက်ရာတွင် စစ်ဝန်ထမ်းရိက္ခာထောက်ပံ့ရေးအရာရှိအဖြစ် တာဝန်ယူကူညီဆောင်ရွက်ခဲ့ပါသည်။

၁၉၅၂ ခုနှစ်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါလီမန်လူမျိုးစုလွှတ်တော်အမတ်အဖြစ် ရွေးချယ်ခြင်းခံရသည်မှစ၍ ယခုတိုင် တိုင်းပြည်အကျိုးကို သည်ပိုးရွက်ဆောင်လျက် ရှိပါသည်။

၁၉၅၃ ခုနှစ်တွင် ပြည်ထောင်စုနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်သည့် ကေ၊ အမ်၊ တီ၊ တရုပ်ဖြူများကို တွန်းလှန်ဖြိုဖျက်သည့်နဂါးနိုင်စစ်ဆင်ရေးတွင် မိမိနှင့်တကွ နယ်သူလူထုများပါ စိတ်ဓာတ်ကြွခိုင်စွာဖြင့် တပ်မဟာ(၉)တပ်မင်းကြီး၊ ဗိုလ်မှူးကြီးကျော်ဇောနှင့်အတူ ရှေ့တန်းစာမျက်နှာ၌ ရွတ်ရွတ်ချွံချွံ ပါဝင်ကူညီတိုက်ခိုက်ခဲ့ပါသည်။

၁၉၅၄ ခုနှစ်တွင်လည်း ဘုရင့်နောင်စစ်ဆင်ရေးနှင့် တဖန် ပြည်ထောင်စုရန်သူတရုပ်ဖြူများကို ဆက်လက်ချေမှုန်းရာတွင်၊ ဘုရင့်နောင်လမ်းမကြီး စတင်ဖောက်လုပ်ရာ၌၎င်း၊ တိုက်ခိုက်ချေမှုန်းရာတွင်၎င်း၊ လိုအပ်သည့်ရဲဘက်များစုရုံးကာ၊ တပ်မတော်နှင့်အတူ အားကြိုးမာန်တက်ပါဝင်ကူညီခဲ့ပါသည်။

၁၉၅၅ ခုနှစ်တွင် တဖန် ကျွမ်းကျင်သည့်တရုပ်ဖြူများကို ရန်ကြီးအောင်စစ်ဆင်ရေးနှင့် နှိမ်နင်းရန်လည်း မိမိနယ်များဖြစ်သော မိုင်းပန်–မိုင်းတုံဒေသများမှ၊ ရဲဘက်များရရှိရေးအတွက် စွမ်းအားရှိသမျှ တပ်မတော်ကို ကူညီခဲ့ရပါသည်။ ဤကဲ့သို့ ရန်သူတရုပ်ဖြူများကို အကြိမ်ကြိမ်တိုက်ထုတ်နှိမ်နင်းရာတွင် တပ်မတော်အား အကြိမ်တိုင်းတွင် မဆုတ်နစ်သော လုံ့လနှင့်အဘက်ဘက်မှ ပါဝင်ကူညီခဲ့ရသည်။ လုပ်ငန်းစွမ်းရည်များကြောင့်ပင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ နှစ်ထောင်းအားရခြင်းခံရသည်နှင့်အမျှ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုပင် လင်းရှိဘာကားတစီး၊ ရုပ်ရှင်ပြစက်နှင့်အင်ဂျင်စက်တလုံးကို မေတ္တာလက်ဆောင်အဖြစ် ဆုချီးမြှင့်ခံခဲ့ရရုံမက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ၁၉၅၆ ခု၊ လွတ်လပ်ရေးနှစ်ပတ်လည်အောင်ပွဲအတွက် သီရိပျံချီဘွဲ့ဖြင့် ချီးမြှင့်မြှောက်စားခြင်းခံခဲ့ရပါသည်။

E-book is created by shanyoma

ဤကဲ့သို့ ပြည်ထောင်စုသားကောင်းရတနာပြီသစွာ ပြည်ထောင်စုကောင်းကျိုးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ သည်ပိုးရွက်ဆောင်ခဲ့ခြင်းကြောင့် အများပြည်သူတို့၏ ယုံမှတ်ကိုးစားခြင်း ခံခဲ့ရသည်နှင့်အမျှ ၁၉၅၈ ခု၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် အသစ်တဖန် ဖွဲ့စည်းသော ရှမ်းပြည်နယ် အစိုးရအဖွဲ့တွင် ပညာရေးနှင့်ကျန်းမာရေးဝန်ကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။

E-book is created by *shanyoma*

မိုင်းလင်းစော်ဘွားကြီး စဝ်မန်လိတ်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်



မိုင်းလင်းစော်ဘွားကြီး စဝ်မန်လိတ်သည် ခရစ်သက္ကရာဇ် ၁၉၁၉ ခုနှစ်၊ ဇန္နဝါရီလ ၁ ရက်နေ့တွင် မိုင်းလင်းနယ် (တကိတ်) ရွာတွင် ဖွါးမြင်၍ ခမည်းတော် စဝ်ခနန်၊ မယ်တော် စဝ်နန်းအုံတို့၏ မွေးချင်း ၁၁ ယောက်အနက် ဒုတိယမြောက်သားတော်ဖြစ်သည်။ စော်ဘွားကြီးစဝ်မန်လိတ်၏ အထက်တယောက်မှာ သမီးတော်ဖြစ်နေပါ၍ မိမိအား ၁၉၃၉ နှစ်တွင် ခမည်းတော်စော်ဘွားကြီး နတ်ရွာစံ ကံတော်ကုန်သွားသောအခါ စဝ်မန်လိတ်သည် ခမည်းတော်၏ အရိုက်အရာကို ဆက်လက်ခံစားခဲ့ပါသည်။ စော်ဘွားကြီးသည် ခေတ်ပညာအင်္ဂလိပ်ဘာသာနှင့်မြန်မာဘာသာများကို တတ်ကျွမ်းသည့်အပြင် မိမိတိုင်းရင်းပညာဖြစ်သော ရှမ်းဘာသာကို ကောင်းစွာတတ်ကျွမ်းပါသည်။

စော်ဘွားမှာ သား ၂ ယောက်၊ သမီး ၃ ယောက်၊ သားသမီး ၅ ယောက်ထွန်းကားသည့်အနက် သားနှစ်ယောက်နှင့်သမီးအကြီး တယောက်တို့မှာ ခေတ်ပညာကို ဆည်းပူးကြလျက်ရှိပါသည်။

စော်ဘွားကြီးသည် အုပ်ချုပ်မှု၌ ကျွမ်းကျင်မှုရှိသည့်အလျောက် ၁၉၅၃ ခုနှစ်တွင် တရုပ်ဖြူများ လာရောက်နှောင့်ယှက်သော်လည်း ရပ်ရွာလူထုများမှာ ဆုံးရှုံးနစ်ခြင်းမရှိခဲ့ပါ။

စော်ဘွားကြီးသည် ပြည်သူပြည်သားတို့၏ အကျိုးကို အထူးရှေ့ရှုသူတဦး ဖြစ်သည့်အလျောက် ပြည်သူလူထု၏ လေးစားခြင်းကို ခံစားရသူတဦး ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအပေါ်၌လည်း သစ္စာရှိသူတဦးဖြစ်သည့်အပြင် အစိုးရလိုလားချက်များကို အင်တိုက်အားတိုက် ဆောင်ရွက်ကူညီသူတဦးဖြစ်ပါသည်။

E-book is created by *shanyoma*

မိုင်းပွန်စော်ဘွားကြီးစဝ်ဆေဟုံ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

မိုင်းပွန်စော်ဘွားကြီး စဝ်ဆေဟုံသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းပြည်၏ ကောင်းကျိုးအတွက် အသက်ပေးသွားသူ အမျိုးသားခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းနှင့် မိုင်းမဟာဒေဝီ စဝ်ခင်သောင်းတို့၏ သားတော်ဖြစ်လေသည်။

ခမည်းတော်စော်ဘွားကြီးစဝ်စံထွန်းနတ်ရွာစံသည့် ၁၉၄၇ ခုနှစ်တွင် စဝ်ဆေဟုံမှာ အသက် ၁၂ နှစ်အရွယ်မျှသာ ရှိသေးသဖြင့် ခမည်းတော်၏ ရိပ်ရာတော်ကို ချက်ခြင်းဆက်ခံနိုင်ခြင်း မရှိခဲ့ပါ။ မယ်တော်စဝ်ခင်သောင်းလည်း ၁၉၄၅ ခုနှစ်ကပင် နတ်ရွာစံကံတော်ကုန်ခဲ့လေပြီဖြစ်သဖြင့် စဝ်ဆေဟုံသည် ဘကြီးတော်မိုးမိတ်စော်ဘွားကြီးစဝ်ခွန်ချိုထံသို့ ပြောင်းရွှေ့နေရင်း ပညာကို ဆည်းပူးခဲ့သည်။

မိုင်းပွန်နယ်ကိုမူ ခမည်းတော်၏ နောင်တော်က နယ်ချုပ်အနေနှင့် အုပ်ချုပ်ကြည့်ရှုပေးလေသည်။ ကရင်သူပုန်များ ကြီးစိုးသောအချိန်တွင် နယ်ချုပ်ကြီးက တိမ်းရှောင်နေရလေသည်။ မိုင်းပွန်နယ်အစိုးရလက်တွင်းသို့ပြန်ရောက်သောအခါ ရှမ်းပြည်နယ်အစိုးရ၏ မဏ္ဍိုမဝန်ထောက်ကို နယ်ချုပ်အနေဖြင့် ခန့်အပ်၍ အုပ်ချုပ်လေသည်။

စဝ်ဆေဟုံသည် ပညာသင်ကြားရာတွင် ၁၉၅၂ ခုနှစ်၌ တောင်ကြီးမြို့ ကမ္ဘောဇကျောင်းမှနေ၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကောင်းစွာအောင်မြင်လေသည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဥပစာဝိဇ္ဇာအတန်းတွင် ပဌမရသဖြင့် ဆုတံဆိပ်ချီးမြှင့်ခြင်းကို ခံရလေသည်။

၁၉၅၇ ခုနှစ်တွင် ကျင်းပသော ရန်ကုန်တက္ကသိုလ်၏ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို ချီးမြှင့်ခြင်းခံရလေသည်။ ထို့နောက် ရှမ်းပြည်နယ်ကောင်စီ၏ အကြံပေးချက်အရ ၁၉၅၇ ခု၊ မေလ ၁၈ ရက်နေ့တွင် နိုင်ငံတော်သမတကြီးသည် စဝ်ဆေဟုံအား မိုင်းပွန်စော်ဘွားအဖြစ် ခန့်အပ်လိုက်လေသည်။

E-book is created by shanyoma

သာမိုင်းခမ်းစော်ဘွားကြီး စဝ်ထွန်း၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

သာမိုင်းခမ်းစော်ဘွား မဟာသရေစည်သူစဝ်ထွန်းသည် တော်နင်းမြို့စားကြီး စဝ်ခွန်ထီးနှင့်သာမိုင်းခမ်းမြို့စားကြီး အေ–တီ–အမ်ဘွဲ့ရ စဝ်ခွန်ဖိုး၏ သမီးတော်အကြီးစဝ်ခင်ထားတို့၏ သားတော် ဖြစ်ပါသည်။ စဝ်ထွန်းတွေင် မောင်နှမသုံးယောက်ရှိရာ (၁) စဝ်ခင်ရင်၊ (၂) စဝ်ခင်စိန်၊ (၃) စဝ်ထွန်းတို့ဖြစ်ကြပါသည်။ အစ်မတော်အကြီး စဝ်ခင်ရင်မှာ စဝ်မောင်နှင့်အကြောင်းပါပြီး ယခုအခါ ၎င်း၏ ခင်ပွန်းစဝ်မောင်မှာ သာမိုင်းခမ်းနယ် ကိုယ်စားလှယ်တော်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ အစ်မတော်စဝ်ခင်စိန်မှာ ရန်ကုန်တက္ကသိုလ်ကျောင်းမှ ဥပစာအထက်တန်းကို အောင်မြင်ပြီး ၁၉၃၉ ခု၊ စက်တဘ်ာလတွင် ကွယ်လွန်သွားပါသည်။ စဝ်ထွန်းသည် တောင်ကြီးမြို့၊ ရှမ်းစော်ဘွားသားမြေးများကျောင်း၌ ၁၀ တန်းအထိ ပညာရင်နို့သောက်စို့ခဲ့ပါသည်။ ၁၉၃၆ ခုနှစ်တွင် ရှမ်းပြည်နယ် ခရိုင်ဝန်ရှင်တော်မင်းကြီးရုံးတွင် အုပ်ချုပ်ရေးပညာရပ်များကို နှစ်နှစ်ခန့် လေ့လာဆည်းပူးခဲ့ပြီး ၁၉၃၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှစ၍ ရွှေစလွယ်ရမင်း ပွေးလှမြို့စားကြီးစဝ်စံမြ၏ လက်မှ သာမိုင်းခမ်းနယ်ကို လက်ခံယူပြီး ကိုယ်တိုင်အုပ်ချုပ်ခဲ့ပါသည်။

၁၉၃၈ ခု၊ မေလ ၁ ရက်နေ့တွင် ရှမ်းပြည်နယ်ကောင်စီ သဘာပတိစကားစော်ဘွားကြီး မဟာသရေစည်သူ စဝ်ခွန်ကြည်၏ ဒုတိယသမီးတော် စဝ်ကြည်ထူးနှင့်လက်ထပ်ထိမ်းမြားခြင်းပြုပါသည်။ သမီးတော်စဝ်မြစ်ဦး တယောက်ထည်းသာ ထွန်းကားရာ ယခုအခါ ပညာသင်ကြားလျက်ရှိပါသည်။ သားတော်ရင်းချာ မထွန်းကားသဖြင့် အစ်မတော်စဝ်ခင်ရင်၏ သားအကြီးစဝ်မောင်ရင်ကို သားတော်အဖြစ် မွေးစားပြီး သာမိုင်းခမ်းနယ်၏ ကျမိုင်းရာထူး ချီးမြှင့်ထားပါသည်။

သာမိုင်းခမ်းစော်ဘွားကြီး မဟာသရေစည်သူစဝ်ထွန်းသည် ၁၉၃၉ ခုနှစ်တွင် ရှမ်းပြည်နယ်အနောက်ပိုင်း နယ်ရှင်စော်ဘွားများ၏ ကိုယ်စားလှယ်အဖြစ် ရှမ်းပြည်နယ်ပဒေသရာဇ်ကောင်စီတွင် ကောင်စီအမတ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသည်။ ၁၉၄၂ ခုနှစ်၊ ဖက်ဆစ်ဂျပန်များ စိုးမိုးအုပ်ချုပ်စဉ် မိမိနယ်၏ စည်းရုံးညီညွတ်မှုအတွက် ရှာတိုင်းဓွေ့ လှည့်လည်ကာ စည်းလုံးညီညွတ်မှုကို ရယူအောင်မြင်ခဲ့ပါသည်။ ၁၉၄၅ ခုနှစ်၊ မဟာမိတ်တို့ မြန်မာပြည်သို့ ဝင်ရောက်လာချိန်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်အထက်ဗမာပြည်နှင့်ရှမ်းပြည်၊ တိုင်းမှူးဗိုလ်မှူးကြီးဗထူး

E-book is created by *shanyoma*

၏ တပ်နှင့်ပူးပေါင်းကာ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို အစစအရာရာတွင် အစွမ်းကုန်အကူအညီပေးခဲ့ပါသည်။ တချိန်တည်းမှာပင် ရှမ်းပြည်နယ် အနောက်ပိုင်း နယ်ရှင်စော်ဘွားများ၏ စည်းလုံးညီညွတ်မှုကိုလည်း ကြိုးပမ်းခဲ့ပါသည်။

၁၉၄၆ ခုနှစ်တွင် ပဌမအကြိမ်မြောက် ပင်လုံညီလာခံကြီးဖြစ်မြောက်ရေးကို ကြိုးပမ်းရင်း အနောက်ပိုင်းစော်ဘွားများ၏ ခေါင်းဆောင်ကိုယ်စားလှယ်ပုဂ္ဂိုလ် ဖြစ်လာခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ပင်လုံမြို့တွင် ဗမာပြည်နှင့်တောင်တန်းဒေသတို့ ပူးပေါင်းကာ လွတ်လပ်ရေးကို အရယူရန် ဆုံးဖြတ်ခဲ့သည့်ကမ္ဘာကျော်ပင်လုံစာချုပ်ကြီးတွင် ရှမ်းပြည်ကိုယ်စားလှယ်အဖြစ်ဖြင့် လက်မှတ်ရေးထိုးခဲ့သူတဦးဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်မှာပင် တိုင်းပြုပြည်ပြုလွှတ်တော်အမတ်အဖြစ် ရွေးချယ်ခြင်းခံရပါသည်။ ၁၉၄၈ ခုနှစ်တွင် ပြန်လည်ထူထောင်ရေးအဖွဲ့(ပ၊လ၊က၊ဖ)၏ ဥက္ကဋ္ဌနှင့်စော်ဘွားများအစည်းအရုံး၏ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရပါသည်။

၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့ တောင်ကြီးမြို့ကို ရောင်စုံသူပုန်တို့ သိမ်းပိုက်ထားစဉ် အနောက်ပိုင်းနယ် စော်ဘွားများနှင့်တကွ လူထုကို စည်းရုံးကာ တပ်မတော်ဖြင့် ပူးပေါင်းပြီး တွန်းလှန်တိုက်ခိုက်ခဲ့ပါသည်။ တောင်ကြီးမြို့ကို သူပုန်များ သိမ်းပိုက်ထားစဉ် အောင်ဘန်းမြို့တွင် ခေတ္တရုံးစိုက်၍ အနောက်ပိုင်းနှင့်မဏ္ဍိုင်ပိုင်းဆိုင်ရာ စေတနာ့ဝန်ထမ်းအရေးပိုင်အဖြစ် ဆောင်ရွက်ပြီး၊ တောင်ကြီးမြို့ကို အစိုးရက ပြန်လည်သိမ်းပိုက်သည့် ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှစ၍ ၁၉၅၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ရှမ်းပြည်တောင်ပိုင်း အရေးပိုင်အဖြစ် စေတနာ့ဝန်ထမ်းသက်သက် ထပ်မံဆောင်ရွက်ခဲ့ပါသည်။ ဤကဲ့သို့ ပြည်ထောင်စုကြီး၏ အကျိုးကို စွမ်းစွမ်းတမန် ကြိုးစားဆောင်ရွက်မှုကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက နှစ်ထောင်းအားရရှိလှပါသဖြင့် ၁၉၅၀ ခုနှစ်၊ လွတ်လပ်ရေးနှစ်ပတ်လည်နေ့တွင် ပြည်ထောင်စု၏ သားကောင်းရတနာတဦးအနေဖြင့် နိုင်ငံတော်သမတကြီးက မဟာသရေစည်သူဘွဲ့ဖြင့် အပ်နှင်းချီးမြှင့်ခြင်းကို ခံရပါသည်။

၁၉၅၂ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်သူ့ကျန်းမာရေးနှင့်တိုးတက်ရေးဝန်ကြီးအဖြစ် ရှမ်းပြည်နယ် ပါလီမန်ကောင်စီမှ ခန့်အပ်ခြင်းကို ခံခဲ့ရပါသည်။ ထိုနှစ်မှာပင် တရားလွှတ်တော်ချုပ် ဦးမြင့်သိန်းခေါင်းဆောင်သော အိန္ဒိယပြည်မဟာရာဇာစော်ဘွားများ၏ အုပ်ချုပ်ရေးအာဏာစွန့်လွှတ်မှု စုံစမ်းရေးကော်မရှင်တွင် ဒုတိယခေါင်းဆောင်အဖြစ် ပါဝင်ခဲ့ပါသည်။ တဖန် ၁၉၅၄ ခု၊ မတ်လကစ၍ ရှမ်းပြည်နယ် ပြည်ထဲရေး၊ သာသနာရေး၊ စည်ပင်သာယာရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်ကြားရေးဝန်ကြီးအဖြစ် ၁၉၅၆ ခု၊ မေလအထိ ထမ်းရွက်ခဲ့ပါသည်။ ၎င်းပြင် ရ၊တ၊စ၊ည၊ဖခေါ် ရှမ်းပြည်တောင်တန်းသားစည်းလုံးညီညွတ်

E-book is created by shanyoma

ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့်လည်း ပူးတွဲဆောင်ရွက်ခဲ့ပါသည်။

၁၉၅၆ ခု၊ ဇွန်လ ၁ ရက်နေ့မှစ၍ ၁၉၅၇ ခု၊ မေလ ၃၁ ရက်နေ့အထိ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့ဝင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ၁၉၅၇ ခု၊ ဇွန်လ ၁ ရက်နေ့မှစ ၁၉၅၈ ခု၊ အောက်တိုဘာလ ၂၈ ရက်နေ့အထိ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဌာနဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါဝန်ကြီးအဖြစ် ဆောင်ရွက်နေစဉ်ခိုက်၊ ၁၉၅၈ ခု၊ မာလာယုပြည် ကွာလာလံပူမြို့တွင် ကျင်းပသော (ECAFE) ခေါ် အရှေ့ဖျားနိုင်ငံစီးပွါးရေးနှင့်ချွေတာစုဆောင်းရေးအစည်းအဝေးသို့ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား ခေါင်းဆောင်အဖြစ် တက်ရောက်ခဲ့ပါသည်။

၁၉၅၇ ခုနှစ်တွင် ဗြိတိသျှဘုရင်မ အလဇ္ဇဘက်၏ ဘိသိက်ခံပွဲသို့ ဧည့်သည်တော်အဖြစ် တက်ရောက်ပြီး အမေရိကန် (Full Bright) အကူအညီဖြင့် အမေရိကန်၊ ပြင်သစ်၊ ဟွန်းနားလူးလူး၊ ဂျပန်၊ ဟောင်ကောင်၊ ယိုးဒယား အစရှိသောနိုင်ငံများသို့ လှည့်လည်ကာ ပညာများဆည်းပူးလေ့လာခဲ့ပါသည်။

၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့မှစ၍ လူမျိုးစုလွှတ်တော်အမတ်အဖြစ် ယခုတိုင် ဆောင်ရွက်လျက်ရှိပါကြောင်း။

E-book is created by ***shanyoma***

ကျေးသီးမန်စံစော်ဘွားကြီး စဝ်ရွှေမှုံ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ကျေးသီးမန်စံစော်ဘွားကြီး စဝ်ရွှေမှုံသည် ၁၉၀၇ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ခမည်းတော် ကျေးသီးမန်စံစော်ဘွားကြီးစဝ်ခွန်လူနှင့် မယ်တော်စဝ်နန်းထွေးတို့မှ ကျေးသီးမြို့တွင် ဖွားမြင်သည်။ ညီအစ်ကို ၃ ဦးတွင် အကြီးဆုံးသားတော်ဖြစ်သည်။

အသက် ၁၀ နှစ်၌ ကျေးသီးမြို့ဆရာတော်ကြီးကျောင်း၌ ၁၃ နှစ်ထိ ပညာသင်ကြားပြီး ၎င်းမှဖြူးမြို့ ဇယားဘုန်းတော်ကြီးကျောင်း၌ ဗုဒ္ဓဘာသာစာပေများကို ၁ နှစ်မျှ ဆည်းပူးလေ့လာသည်။ ဖြူးမှတဖန် သီပေါမြို့နယ်၊ အင်္ဂလိပ်–မြန်မာအလယ်တန်းကျောင်း၌ ပညာသင်ကြားသည်။ ၁၉၂၇ ခုနှစ်တွင် တောင်ကြီးမြို့၊ ရှမ်းစော်ဘွားသားမြေးများကျောင်းသို့ တက်ရောက်ပြီး ပညာသင်ကြား၍ ၁၉၃၀ ခုနှစ်တွင် အဌမတန်း အောင်မြင်ပြီး ၁၉၃၁ ခုနှစ်၌ မန္တလေးမြို့၊ ရဲအရာရှိသင်တန်းကျောင်းသို့ တက်ရောက်သင်ကြားသည်။

မန္တလေးကျောင်းမှ ဆင်းပြီး တောင်ကြီးမြို့ မင်းကြီးရုံးတွင် ၄ လမျှ အုပ်ချုပ်ရေးဆိုင်ရာ အလုပ်ဝတ်တရားများကို လေ့လာဆည်းပူးခဲ့သည်။ ယင်းသို့ အုပ်ချုပ်ရေးပညာများ လေ့လာနေစဉ် ၁၉၃၁ ခုနှစ်၊ မေလ၌ ကျေးသီးကျမိုင်းအဖြစ် ခန့်အပ်ခြင်းခံရသည်။

မင်းကြီးရုံးမှ တဖန် မြို့မဝန်ထောက်ရုံးတွင် ဒုတိယတန်း အာဏာရတရားသူကြီးအဖြစ် ၁ နှစ်လုပ်ကိုင်ဆောင်ရွက်ပြီး ငွေတိုက်ဝန်ထောက်ရုံးတွင် ၄ လမျှ ငွေစာရင်းများကို လေ့လာသင်ကြားသည်။ ၎င်းမှတဖန် တရားမ တရားသူကြီးအဖြစ် ၆ လမျှ ဥပဒေများကို လေ့လာသင်ကြားသည်။

၁၉၃၃ ခုနှစ်တွင် ကျေးသီးမန်စံနယ်သို့ပြန်ကာ အမတ်ချုပ်အဖြစ် ဆောင်ရွက်သည်။ ၎င်းနှစ်၌ပင် ပဌမတန်းအာဏာရတရားသူကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၄၅ ခု၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှစ၍ မဟာမိတ်တို့၏ (၁၀၁)နံပါတ်စစ်တပ်နှင့်အဆက်အသွယ်ယူကာ ဖက်ဆစ်ဂျပန်များအား မိမိကိုယ်တိုင် ခေါင်းဆောင်ပြီး တော်လှန်တိုက်ခိုက်ခဲ့ရာ မိုင်းရယ်နယ်စပ်မှ မိုးနဲ အထိ လိုက်လံ တိုက်ထုတ်ခဲ့သည်။

၁၉၄၇ ခု၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ခမည်းတော်စော်ဘွားကြီး နတ်ရွာစံသောအခါ ခ

E-book is created by shanyoma

မည်းတော်၏ ရိုက်ရာကို ဆက်လက်ခံစားခဲ့သည်။ ၎င်းနှစ်၌ပင် တိုင်းပြုပြည်ပြုလွှတ်တော်အမတ် အဖြစ် ရွေးချယ်ခြင်းခံရသည်။ ၁၉၄၉ ခုနှစ်၊ ကေ၊အင်၊ဒီ၊အိုများ ဆူပူသောင်းကျန်းချိန်တွင် စစ်ဝန်ထမ်းများဖွဲ့စည်းကာ လွယ်လင်ကို ဗဟိုပြု၍ ဟိုပုံးအနီး နွားလပို့တောင်အထိ တိုက်ခိုက်ခဲ့သည်။

၁၉၅၁ ခုနှစ်၊ ရှမ်းပြည်စော်ဘွားများ အာဏာစွန့်လွှတ်ရန်အတွက် အိန္ဒိယပြည်၊ မဟာရာဇာစော်ဘွားများ၏ စံနစ်ကို သွားရောက်လေ့လာသည့်အဖွဲ့တွင် အဖွဲ့ဝင်တဦးအဖြစ် ရွေးချယ်ခြင်းခံရသည်။ ၁၉၅၄ ခုနှစ်တွင် ဂျပန်ပြည်သို့ ကိုလံဘိုစီမံကိန်းအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရပ်များကို သွားရောက်လေ့လာခဲ့သည်။

ရှမ်းပြည်နယ်တွင် စော်ဘွားများ အာဏာစွန့်လွှတ်ပြီးနောက် ရှေ့အနာဂတ်တွင် ရှမ်းပြည်အား မည်သို့မည်ပုံ ဆက်လက်အုပ်ချုပ်ရန် စုံစမ်းရေးကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် ၁၉၅၇ ခုနှစ်၌ ရှမ်းပြည်တဝန်းလုံး လှည့်လည်စုံစမ်း စစ်ဆေးခဲ့သည်။

၁၉၅၀ ခုနှစ်တွင် နိုင်ငံတော်သမတကြီးက သရေစည်သူဘွဲ့ဖြင့် ချီးမြှင့်ခြင်းခံရသည်။

E-book is created by ***shanyoma***

ပင်လောင်းစော်ဘွားကြီးစဝ်မိုးကျော်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

သီရိပျံ့ချီစဝ်မိုးကျော်သည် ကြက်သရေဆောင်ရွှေစလွယ်ရ၊ လွယ်လုံစော်ဘွားကြီးစဝ်ခွန်ခမ်းချုပ်နှင့်စဝ်မြစ်စစ်တို့၏ ပဉ္စမသားတော်ဖြစ်၍ ၁၉၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် မွေးဖွားသည်။

၎င်းသည် တောင်ကြီးမြို့၌ ရှမ်းစော်ဘွားသားမြေးများကျောင်းနှင့်ကလောမြို့ စိန့်ဂျွန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။

၁၉၃၈ ခုနှစ်တွင် ၎င်း၏ဘခမည်းတော် ကွယ်လွန်သွားပြီး ကလောမြို့ အနောက်ပိုင်းဆိုင်ရာနယ်မှုဝန်ထောက်မင်းရုံးနှင့်တောင်ကြီးမြို့၊ မြို့မဝန်ထောက်မင်းရုံးတွင် ပညာသင်ကြားရာ ဒုတိယတန်း ရာဇဝတ်တရားသူကြီးအထိ သူကောင်းပြု ချီးမြှင့်ခြင်းခံရသည်။

လွယ်လုံ နယ်သူနယ်သားများတို့၏ ဆန္ဒအရ အလုပ်သင်နေရာမှ ၁၉၄၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ခမည်းတော်ရိပ်ရာ လွယ်လုံနယ်ကို အုပ်ချုပ်ရန်အတွက် စော်ဘွားအဖြစ် ခန့်ထားခြင်းခံရသည်။ ဂျပန်ခေတ်အတွင်းလည်း နယ်ကို ဆက်လက်အုပ်ချုပ်ခဲ့သည်။

၁၉၄၇ ခုနှစ်အတွင်း ပျဉ်းမနားမှ လွယ်လုံနယ် အနောက်ပိုင်းသို့ ဝင်ရောက်လာသော အလံဖြူကွန်မြူနစ်သူပုန်တို့ကို မိမိနယ်ရဲနှင့်ဖွဲ့ထားသော စေတနာ့ဝန်ထမ်း ကာကွယ်ရေးသမားများအား ဦးစီး၍ နှိမ်နင်းခဲ့လေသည်။

၁၉၄၈ ခုနှစ်တွင် မြန်မာပြည်၊ ပျဉ်းမနားနယ်တွင် ကေ၊ အင်၊ ဒီ၊ အိုနှင့်ကွန်မြူနစ်တို့ ဖိနှိပ်ရက်စက်မှုကို မခံနိုင်၍ ဆုတ်ပြေးခဲ့ကြသော အစိုးရအမှုထမ်း အရာထမ်း၊ ဝန်ထမ်းတပ်သားနှင့်အရပ်သူအရပ်သားများ တထောင်ကျော်တို့ကို အကူအညီများပေးပြီး ကယ်တင်ခဲ့သည်။

၎င်းပြင် ကယားနယ်၊ လွယ်ကော်မြို့ကို သောင်းကျန်းသူ ကေ၊အင်၊ဒီ၊အိုတို့ တိုက်ခိုက်မှုကြောင့် ဆုတ်ပြေးခဲ့ရသော ကယားအရေးပိုင်နှင့်တကွ အစိုးရအဖွဲ့သားများ၊ စစ်ဝန်ထမ်းများတို့ကိုလည်း ၂ ကြိမ်တိုင်တိုင် ကူညီပေးခဲ့သည်။

၁၉၄၉ ခုနှစ်တွင် တောင်ကြီးမြို့ကို ရောင်စုံသူပုန်များ ဝင်ရောက်သိမ်းပိုက်နေစဉ် ရှမ်း

E-book is created by shanyoma

ပြည်နယ်ဥက္ကဋ္ဌကြီးအမိန့်အရ အနောက်ပိုင်းနယ် စစ်ဝန်ထမ်း(လဲဗီး) ၂၅၀ ခန့်ကိုဖွဲ့၍ ကွပ်ကဲစေပြီး စကားနယ်တွင် တာဝန်ယူစောင့်ထိန်းစေခဲ့သည်။

၁၉၅၀–၅၁ ခုနှစ်တွင် ရောင်စုန်သူပုန်တို့သည် ပင်လောင်းမြို့ကို အကြိမ်ကြိမ်ဝင်ရောက်တိုက်ခိုက်သော်လည်း စော်ဘွားကြီးဦးစီးသော နယ်ရဲအဖွဲ့ လဲဗီးနှင့်ရပ်ရွာကာကွယ်ရေးတို့က ရွတ်ရွတ်ချွံချွံ တွန်းလှန်တိုက်ခိုက် နှိမ်နင်းခဲ့လေသည်။

ဤကဲ့သို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အကျိုးကို ရွတ်ရွတ်ချွံချွံ အားကြိုးမာန်တက် ဆောင်ရွက်သဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက နှစ်ထောင်းအားရရှိလှသဖြင့် ၁၉၅၂ ခုနှစ်၊ လွတ်လပ်ရေး အထိမ်းအမှတ် အောင်ပွဲတွင် မြန်မာနိုင်ငံတော်သမတကြီးက သီရိပျံချီဘွဲ့တံဆိပ်ကြီးကို ချီးမြှင့်ခြင်းခံရသည်။

၁၉၅၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော်အမတ်အဖြစ် တိုင်းပြည်၏ အကျိုးကို ဆောင်ရွက်လာရာ ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလအတွင်း ရှမ်းပြည်နယ်ဥက္ကဋ္ဌအမိန့်အရ အိမ်တွင်းစက်မှုလက်မှု ပညာဆည်းပူးရန် ဂျပန်ပြည်သို့ စေလွှတ်ခဲ့ပြီး တရုပ်–မြန်မာချစ်ကြည်ရေး အစည်းအဝေးသို့ ရှမ်းပြည်နယ်၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ရန်အတွက် တရုပ်ပြည် ယူနန်နယ်၊ မန်းရှီးမြို့သို့ အဖွဲ့ဝင်အဖြစ် သွားရောက်ခဲ့ရသည်။ လွယ်လုံနယ် စော်ဘွားကြီး စဝ်မိုးကျော်သည် ပေါင်းသင်းဆက်ဆံရေးတွင်၎င်း၊ နယ်အုပ်ချုပ်ရေးတွင်၎င်း အထူးကောင်းမွန်သူ ဖြစ်သည့်အလျောက် နယ်သူနယ်သား၊ မိတ်ဆွေသင်္ဂဟများ၏ ချစ်ကြည်မှုကို ခံယူရရှိပြီး မိမိပိုင်နယ်ကို ချေမ်းစွာ အုပ်ချုပ်လျက်ရှိသည့်ပြင် ရှမ်းပြည်နယ်ကောင်စီ၏ အမတ်အဖြစ်ဖြင့်၎င်း ပြည်ထောင်စုမြန်မာနိုင်ငံတော်လူမျိုးစုလွှတ်တော်ပါလီမန်တွင်၎င်း အမတ်အဖြစ် တိုင်းပြည်၏ အကျိုးကို သည်ပိုးထမ်းဆောင်လျက် ရှိလေသည်။ စော်ဘွားကြီးသည် မဟာဒေဝီနန်းလှတင်နှင့် သားတော် သမီးတော် ၄ ယောက်နှင့်အတူ ကျန်းမာချမ်းသာ ပျော်ရွှင်စွာဖြင့် ရှိနေလေသည်။

E-book is created by *shanyoma*

ဘော်စော်ဘွားကြီး စဝ်ခွန်အောင်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ဘော်နယ်မှာ ရှမ်းပြည်နယ်မြေလပ်ပိုင်းရှိ နယ်တနယ်ဖြစ်သည့်အောင်ဘန်းမြို့၏ မြောက်တည့်တည့်တွင် တည်ရှိသည်။ ဘော်နယ်စော်ဘွား၏ ရုံးစိုက်ရာဒေသမှာ ရေဦးဖြစ်၍ မြန်မာပြည်ကျောက်ဆည်မြို့နယ်နှင့်နယ်ခြင်းဆက်စပ်လျက်ရှိပေသည်။ အောင်ဘန်းမြို့မှ ကားဖြင့် သွားပါမူ ကျုံးမြို့ကိုဖြတ်၍ သွားရ၏။ ၄၀ မိုင်ကွာဝေးသည်။ နယ်၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၇၄၀ ရှိပြီး လူဦးရေမှာ (၉,၀၀၀)ကိုးထောင်ကျော်မျှသာ ရှိပေသည်။ တောတောင်ထူထပ်သောနယ်ဖြစ်ပြီး နေထိုင်ကြသော လူမျိုးများမှာ ဓနုလူမျိုးများသာ ဖြစ်ကြပေသည်။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်မှာ တောင်ယာပဲခင်စိုက်ပျိုးလုပ်ကိုင်ခြင်းသာဖြစ်ပြီး လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်း ရှာဖွေစားသောက်သူ မရှိသလောက်ပင် ဖြစ်သည်။

ဘော်စော်ဘွားစဝ်ခွန်အောင်မှာ မြို့စားကြီးဦးညိုလှိုင်း[အေ၊တီ၊ အမ်။(ကေ၊အက်(စ်)၊ အမ်]၏ မြေးဖြစ်၍ အဘစဝ်ခန်စိန်နှင့်အမိဒေါ်စိန်ဥတို့၏ သားများအနက် ဒုတိယမြောက်သားဖြစ်သည်။ ငယ်ရွယ်စဉ်အခါတွင် မန္တလေးမြို့ ဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟအင်္ဂလိပ်အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၃၆ ခုနှစ်၌ ၉ တန်း အောင်မြင်ခဲ့လေသည်။

၁၉၃၆ ခုနှစ်တွင် ကျောင်းမှထွက်ပြီး တောင်ကြီးမြို့၌ အုပ်ချုပ်ရေးပညာကို သင်ကြားရာ ရဲဘက်တွင် အမှုလိုက်အရာရှိနှင့်စုံစမ်းရေးအရာရှိဖြင့်၎င်း၊ တရားဘက်တွင် တတိယတန်းတရားသူကြီးအဖြစ်ဖြင့်၎င်း တနှစ်သင်ကြားပြီးနောက် နောင်တော်မြို့စား စဝ်ခွန်နောင်၏ လက်အောက်တွင် အမတ်ကြီးအဖြစ်ဖြင့် အမှုထမ်းခဲ့လေသည်။

၁၉၃၇ ခုနှစ်၌ မန္တလေးမြို့ ရှမ်းပွဲရပ်နေ ပွဲစားကြီး ဦးဘစိန်–ဒေါ်မြရင်တို့၏ သမီး မလှမေနှင့်အိမ်ထောင်ပြုပြီး နောင်တော်မြို့စားကြီးစဝ်ခွန်နောင် နတ်ရွာစံသောအခါ ၎င်း၏ ရိုက်ရာကို ဆက်ခံရလေသည်။

ထိုစဉ် ရေဦး၌ ပဌမမြို့စားရာထူး ဆက်ခံရန် ထပ်မံ၍ အလုပ်သင်စေရာ ၁၉၃၉ ခုနှစ်မှ ၁၉၄၂ ခုနှစ်၊ မတ်လကုန် ဗြိတိသျှတို့ ဆုတ်ခွာသည့်အထိ တောင်ကြီးမြို့ မြို့မဝန်ထောက်ကြီး

E-book is created by shanyoma

ရုံးတွင် တရားဘက်၌ အလုပ်သင်ခဲ့လေသည်။

ဂျပန်ခေတ်အတွင်း ဘော်နယ်၌ ပြန်လည်နေထိုင်၍ ဗြိတိသျှများ ပြန်လည်ဝင်ရောက်လာသည့်အခါ ၁၉၄၅ ခု၊ ဇန္နဝါရီလတွင် မြို့စားရာထူး၌ ခန့်အပ်ခြင်းခံရသဖြင့် ထိုအချိန်မှစ၍ မြို့စားအဖြစ် ဆောင်ရွက်ခဲ့လေသည်။

၁၉၄၅ ခုနှစ်မှစ၍ ဘော်နယ်လူထုတရပ်လုံး၏ ကြီးပွါးရေး၊ စီးပွါးရေး၊ လူမှုအဆင့်အတန်းမြှင့်ရေး၌ အရေးကြီးဆုံးမှာ လမ်းပန်းဆက်သွယ်ရေး ပြေပြစ်မှုသာလျှင် အရင်းခံဖြစ်သည်ဟု ယုံကြည်သည့်အတိုင်း ရေဦးနှင့်ကျောက်ဆည်အကြား လူထုအား၊ ငွေအားဖြင့် ၃၇ မိုင်ရှည်လျားသော ကားလမ်းမကြီးကို ၁၉၅၁ ခုနှစ်အထိ ၆ နှစ်တိုင်တိုင် အောင်မြင်သည့်အထိ ဇွဲကောင်းကောင်းဖြင့် ဖောက်လုပ်အောင်မြင်ခဲ့လေသည်။

၁၉၅၂ ခုနှစ်တွင် ပါလီမန်အမတ်အဖြစ် ဆက်လက်ဆောင်ရွက်ခွင့် ရလေသည်။

၁၉၅၁ ခုနှစ်တွင် တရားဝန်ကြီးဦးမြင့်သိန်း ခေါင်းဆောင်လျက် အိန္ဒိယပြည် စော်ဘွားများအခြေအနေ စုံစမ်းမှုကော်မရှင်ဖွဲ့စည်းရာတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပေသည်။

ရှမ်းပြည်နယ်က စော်ဘွားများ အုပ်ချုပ်မှုကို လိုလားမှု ရှိ မရှိ စုံစမ်းရေးတရပ်ကို ၁၉၅၂ ခုနှစ်၌ တရားဝန်ကြီးဦးမြင့်သိန်း ခေါင်းဆောင်၍ ကော်မရှင်ဖွဲ့စည်းပြန်ရာတွင်လည်း အဖွဲ့ဝင်အဖြစ်ဖြင့် ပါဝင်ခဲ့ပေသည်။

၎င်းပြင် ၁၉၄၉ ခုနှစ်တွင် ရှမ်းပြည်နယ်အစိုးရက ခန့်အပ်သော ဟဲဟိုးလေကြောင်းဘုတ်အဖွဲ့၌ ဒုတိယဥက္ကဋ္ဌအဖြစ်ဖြင့်၎င်း၊ ၁၉၅၃ ခုနှစ်၌ စော်ဘွားကြီးဦးစီးသည့်မောက်မယ်စော်ဘွားရွေးချယ်ရေးအဖွဲ့ဝင်အဖြစ်ဖြင့်၎င်း၊ ၁၉၅၄ ခုမှ ၁၉၅၆ ခုနှစ်အထိ ရှမ်းပြည်နယ်အစိုးရ တက္ကသိုလ်ပညာသင်ထောက်ပံ့ရေး ဘုတ်အဖွဲ့ဝင်အဖြစ်ဖြင့်၎င်း၊ ၁၉၅၄ ခုမှစ၍ ယနေ့တိုင် ရှမ်းပြည်နယ်တောင်တန်းသား စည်းလုံးညီညွတ်ရေးအဖွဲ့(ရ၊တ၊စ၊ည၊ဖ)တွင် အထွေထွေအတွင်းရေးမှူးချုပ်အဖြစ်ဖြင့်၎င်း ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၅၃ ခုနှစ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်သမတကြီးက သီရိပျံချီဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်းခံရလေသည်။

E-book is created by *shanyoma*

၁၉၅၆ ခုနှစ်၌ ရှမ်းပြည်နယ် ကောင်စီမှ ဝန်ကြီးအဖြစ် ရွေးကောက်တင်မြှောက်ရာ ပြန်ကြားရေးဌာနဝန်ကြီးအဖြစ် ၁၉၅၇ ခု၊ နိုဝင်ဘာလအထိ ထမ်းဆောင်ခဲ့လေသည်။

ဘော်နယ်တွင် နယ်ပယ်အုပ်ချုပ်မှုအရပ်ရပ်ကို ၁၉၅၃ ခုနှစ်မှစ၍ အတွင်းဝန်ဦးတင်ဦးအားလွှဲအပ်ပြီးနောက် နိုင်ငံရေးဘက်တွင် (ရ၊တ၊စ၊ည၊ဖ)အဖွဲ့၌ ထမ်းဆောင်လျက် ယခုအခါ စော်ဘွားကြီး၌ သားများဖြစ်သော စဝ်နေလင်း၊ စဝ်နေဝင်း၊ စဝ်နေမင်း၊ သမီးစဝ်မြင့်မေ၊ ဇနီးဒေါ်လှမေနှင့်အတူ တောင်ကြီးမြို့၌ နေထိုင်လျက် ရှိလေသည်။

E-book is created by ***shanyoma***

မိုင်းရှူစော်ဘွားကြီးစဝ်မန်ဖ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

မိုင်းရှူစော်ဘွားကြီးဝဏ္ဏကျော်ထင်စဝ်မန်ဖသည် ခမည်းတော်မိုင်းရှူစော်ဘွားကြီး စဝ်ခွန်ထွန်းနှင့် မယ်တော် စဝ်နန်းခမ်းတို့၏ သားတော်သမီးတော် ၄ ပါးအနက် ဒုတိယသားတော်ဖြစ်ပြီး အင်္ဂလိပ် သက္ကရာဇ် ၁၉၂၂ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ဖွားမြင်သည်။ အသက် ၇ နှစ်အရွယ်မှစတင်၍ တောင်ပိုင်းရှမ်းပြည် တောင်ကြီးမြို့ စော်ဘွားသားမြေးများကျောင်းတွင် စတင်၍ ပညာများ လေ့လာဆည်းပူးခဲ့သည်။

ထိုကျောင်းကြီးတွင် ပညာများကို လေ့လာ ဆည်းပူးစဉ် အင်္ဂလိပ်သက္ကရာဇ် ၁၉၃၇ ခုနှစ်၌ မိုင်းရှူမြို့တွင် မိုင်းရှူကျမိုင်းရာထူးအဖြစ်ခန့်အပ်ခြင်းခံပြီး ဆက်လက်၍ အထက်တန်းပညာရပ်များကို သင်ကြားလျက်ရှိရာ ၁၉၄၀ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာချိန်တွင် ကျောင်းမှထွက်ခဲ့ရသည်။

၁၉၄၇ ခုနှစ်တွင် ခမည်းတော်ဖြစ်သော မိုင်းရှူစော်ဘွားကြီးစဝ်ခွန်ထွန်းသည် မမာမကျန်းဖြစ်လာသည်နှင့် မိုင်းရှူစော်ဘွားကြီးစဝ်မန်ဖသည် မိုင်းရှူမြို့နယ်ချုပ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရပြန်ပေသည်။

၁၉၅၃–၅၄ ခုနှစ်၊ ကေ၊အင်၊ဒီ၊အို၊တရုပ်ဖြူများ ဝင်ရောက်ကျူးကျော်သည်တွင် မိုင်းရှူစော်ဘွားကြီးစဝ်မန်ဖသည် ပြည်ထောင်စုဗမာ့တပ်မတော်ခြေလျင်တပ်ရင်း(၄)နှင့် ချင်းတပ်ရင်း(၄)တို့နှင့်ပူးပေါင်းပြီး ပြည်ထောင်စုကြီးအား ဝင်ရောက်ကျူးကျော်သော တရုပ်ဖြူတို့ကို တိုက်ခိုက်ချေမှုန်းရာတွင် ကိုယ်ထိလက်ရောက် ပါဝင်ဆင်နွှဲခဲ့သောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက နှစ်ထောင်းအားရရှိလှသဖြင့် ၁၉၅၆ ခု၊ လွတ်လပ်ရေးအထိမ်းအမှတ် အောင်ပွဲတွင် နိုင်ငံတော်သမတကြီးက ဝဏ္ဏကျော်ထင်ဟူသော ဘွဲ့ထူးကြီးကို ချီးမြှင့်ခြင်းခံရလေသည်။

၁၉၅၂ ခုနှစ်၊ စက်တဘာလအတွင်း ခမည်းတော်ကြီးစဝ်ခွန်ထွန်း နတ်ရွာစံလွန်သောအခါ ဒုတိယသားတော်ကြီးဖြစ်သည့် မိုင်းရှူစော်ဘွားကြီးစဝ်မန်ဖသည် စော်ဘွားကြီးအဖြစ် ခမည်းတော်၏ ရိုပ်ရာတော်ကို ဆက်ခံရလေသည်။

မိုင်းရှူစော်ဘွားကြီးစဝ်မန်ဖသည် ၁၉၅၃ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါလီ

E-book is created by *shanyoma*

မန်တွင် လူမျိုးစုလွှတ်တော်အမတ်အဖြစ် ရှမ်းပြည်နယ်စော်ဘွားများ အစည်းအရုံးမှ ရွေးချယ်ခြင်းခံရပြီး နောက်တဖန် ရှမ်းပြည်နယ်စော်ဘွားကြီးအစည်းအရုံး၌ "အတွင်းရေးမှူး"အဖြစ် ၁၉၅၄–၅၅ ခုနှစ်တွင် တင်မြှောက်ခြင်းခံရပြန်သည်။ ၎င်းနောက် ဩဂုတ်လ ၁ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရ ပညာရေးနှင့်ကျန်းမာရေးဌာနတွင် ပြည်နယ်ဝန်ကြီးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရလေသည်။

စော်ဘွားကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့်ဂျပန်နိုင်ငံတို့၏ စစ်လျော်ကြေးအရ ပစ္စည်းများ ဝယ်ယူရေးတွင် ပြည်ထောင်စုအစိုးရ အဝယ်တော်မစ်ရှင်အဖွဲ့၏ အဖွဲ့ဝင်တဦးအဖြစ် ခန့်ထားခြင်းခံရပြီးနောက် ထိုအဝယ်တော်အဖွဲ့နှင့် ၁၉၅၇ ခုနှစ်တွင် တကြိမ်၊ ၁၉၅၈ ခုနှစ်အတွင်း တကြိမ်၊ ၂ ကြိမ်တိုင်တိုင် ဂျပန်ပြည်သို့ သွားရောက်ရပြန်ပေသည်။

၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလ၌ မန္တလေးမြို့တွင် ဖွဲ့စည်းတည်ထောင်သည့် မန္တလေးတက္ကသိုလ်ကောင်စီတွင် ကောင်စီလူကြီးမင်းအဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခြင်းခံရကာ ၎င်းနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့၌ပင် အသစ်တဖန် ပြန်လည်ဖွဲ့စည်းသော ရှမ်းပြည်နယ်အစိုးရအဖွဲ့၌ ပြည်ထဲရေးနှင့်တရားရေးဌာနဝန်ကြီးအဖြစ် ပြန်လည်၍ အရွေးခံရပြန်လေသည်။

မိုင်းရှူးစော်ဘွားကြီး ဝဏ္ဏကျော်ထင်စဝ်မန်ဖသည် ၁၉၅၇ ခုနှစ်တွင် ဇနီးဖြစ်သူ ကွယ်လွန်သွားပြီးနောက် ယခုအခါ မဟာဒေဝီအသစ် ဆက်လက်လက်ထပ်ခြင်း မပြုသေးဘဲ သားတော်သမီးတော် ၅ ယောက်နှင့်အတူ ယခုအခါ ကျန်းမာပျော်ရွှင်လျက် ရှိလေသည်။

E-book is created by shanyoma

ကိုးကန့်စော်ဘွားကြီးရန်ကြင်းဆိုင်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ခရစ်သက္ကရာဇ် ၁၉၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကိုးကန့်မြို့နယ် စင်ကိုင်မြို့တွင် ဖွါးမြင်ပါ၍ ခမည်းတော်(ရန်ဝင်ပြင်းနှင့်မယ်တော်ကျမ်းတီ) တို့၏ မွေးချင်း ၁၄ ယောက် ရှိသည့်အနက် ဒုတိယမြောက်သားတော်ဖြစ်ပါသည်။ မိမိ၏ အထက် တယောက်မှာ ခမည်းတော်ရှိစဉ်အခါကပင်နတ်ရွာစံလေသည်။ ခမည်းတော်စော်ဘွားကြီးသက်တော်ကြီးမြင့်၍ အမှုတော်ကို မထမ်းဆောင်နိုင်ပါတော့သဖြင့် မိမိအား ၁၉၃၉ ခုနှစ်တွင် ခမည်းတော်ကြီး၏ အရိုက်အရာကို လွှဲအပ်ပေးခဲ့ခြင်းကြောင့် ယနေ့တိုင်ဆက်လက်၍ ခံစားလျက်ရှိပါသည်။

စော်ဘွားကြီးသည် တောင်ကြီးမြို့ စော်ဘွားသားမြေးများကျောင်းတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ရန်ကုန်မြို့ရှိ တက္ကသိုလ်ကျောင်းတွင် ဥပစာ (ခ)တန်းကို အောင်မြင်ခဲ့ပါသည်။ ရှမ်းစာနှင့်တရုပ်စာလည်း ကောင်းစွာ ရေးနိုင်ဘတ်နိုင်ပါသည်။ စော်ဘွား၏ သားသမီးများမှာ ၇ ယောက်ဖြစ်၍ သားထွေးမှလွဲ၍ ကျန်သမီး ၆ ယောက်နှင့်သားတယောက်မှာ ခေတ်ပညာများကို ဆည်းပူးကြလျက်ရှိပါသည်။

စော်ဘွားကြီးသည် အုပ်ချုပ်ရေးဘက်တွင် အထူးကျွမ်းကျင်သူတဦးဖြစ်ပြီးလျှင် ခေတ်ပညာတတ်မြောက်၍ အမြင်ကျယ်သူတဦးဖြစ်သည့်အလျောက် မိမိ၏ နယ်သူ နယ်သားများတိုးတက်မည့်အရေးကို ရှေးရှု၍ ကိုးကန့်နယ်မှ အရွယ်ရောက်ကျောင်းသူကျောင်းသားများအားထောက်သင့်ထောက်ထိုက်သော ထောက်ပံ့ကြေးများပေး၍ ခေတ်ပညာများကိုဆည်းပူးစေသည်။ ၎င်းပြင် နယ်အတွင်း၌လည်း ပြင်ပရန်သူများ ဝင်ရောက်တိုက်ခိုက် စော်ကားမှုများ မဖြစ်ပေါ်လာနိုင်စေရန်အလို့ငှါ နယ်စောင့်ရဲအဖွဲ့များအား အထူးအင်အားကြီးမား ခိုင်ခံ့စွာ ဦးစားပေး၍ ဖွဲ့စည်းပေးထားပါသည်။

၁၉၄၉ ခုနှစ်တွင် ကိုးကန့်နယ်အတွင်းသို့ တရုပ်ဖြူများဝင်ရောက် စော်ကားခြင်းကို စော်ဘွားကြီးနှင့်အဖွဲ့သားများက အောင်မြင်စွာ တွန်းလှန် တိုက်ခိုက်ခဲ့ဘူးပါသည်။

စော်ဘွားကြီးသည် သစ်ပင်စိုက်ဝါသနာပါသူတဦးဖြစ်သည့်အလျောက် မိမိနယ်တွင်း၌

E-book is created by shanyoma

လဘက်ပင်များစိုက်စေပါသဖြင့်၊ (ကိုးကန့်)လဘက်ခြောက်သည် မြန်မာပြည်၌ နာမည်ထင်ရှား ကျော်ဇောသော လဘက်ခြောက်ဖြစ်ပါသည်။

E-book is created by ***shanyoma***

မိုင်းနောင်စော်ဘွားကြီး စဝ်အုံးမောင်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

မိုင်းနောင်စော်ဘွားကြီး စဝ်အုံးမောင်ကို ၁၂၇၅ ခုနှစ်တွင် ခမည်းတော်စော်ဘွားကြီး စဝ်ခွန်လုံနှင့်မယ်တော်ကြီးစဝ်နန်းခမ်းမှ ဖွါးမြင်သည်။
ငယ်စဉ် အသက် ၁၁ နှစ်တွင် တောင်ကြီးမြို့ အေ၊ဘီ၊အမ် ကျောင်း၌ ပညာသင်ကြား၍ ၁၉၃၇ ခုနှစ်တွင် ကျောင်းမှထွက်ပြီး မန္တလေးမြို့ ရဲအရာရှိ သင်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားခဲ့သည်။ ၎င်းကျောင်းမှထွက်၍ တောင်ကြီးမြို့၊ ဝန်ရှင်တော်မင်းကြီးရုံး၌ အလုပ်များကို ဆက်လက်သင်ကြားခဲ့ပြီးနောက်၊ ၁၉၃၉ ခုနှစ်တွင် မေမြို့ ရှမ်းအပျော်ထမ်းစစ်တပ်တွင် စစ်သင်တန်းတက်ရောက် သင်ကြား အောင်မြင်ခဲ့သည်။

၁၉၄၀ ခုနှစ်တွင် တောင်ကြီးမြို့သို့ တဖန် ပြန်ရောက်ခဲ့ပြီးနောက် အိန္ဒိယပြည် မော်တော်ကားတပ်တွင် ၄ လကြာမျှ သင်တန်းတက်ရောက်သင်ကြား၍ ၎င်းမှ တောင်ကြီးမြို့ သယ်ယူပို့ဆောင်ရေးတပ်တွင် ပြန်လည်အမှုထမ်းခဲ့သည်။

ထိုအချိန်အခါတွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွါး၍ ဂျပန်များ မြန်မာပြည်သို့ ဝင်ရောက်လာရာတွင် မဟာမိတ်များ၏ မော်တော်ကားတပ်တွင် ဒုတိယဗိုလ်ကြီးရာထူးဖြင့် ဦးစီးကွပ်ကဲ၍ ရွှေ့တန်းစစ်မျက်နှာသို့ ခဲယမ်းမီးကျောက်မှစ၍ မဟာမိတ်စစ်တပ်ကို သယ်ယူပို့ဆောင်ပေးခဲ့သည်။

၁၉၄၂ ခုနှစ်တွင် ဂျပန်များ မြန်မာပြည်သို့ဝင်ရောက် သိမ်းပိုက်စဉ်တွင် မိုင်းနောင်နယ်တော်၏ အခွန်တော်ဌာနတွင် တာဝန်ဝင်ရောက်ထမ်းရွက်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဂျပန်များ မြန်မာပြည်မှ စစ်ရှုံး၍ ဆုတ်ခွါထွက်ပြေးချိန်၌ မဟာမိတ်စစ်တပ်များ ပြန်လည်ဝင်ရောက်လာသည့်အခါတွင် မဟာမိတ်တို့၏ (၁၀၁)စစ်တပ်၌ စူပဒါရာထူးဖြင့် ဂျပန်များကို မိုင်းနောင်၊ မိုးနဲ၊ မောက်မယ်၊ မိုင်းပန်နယ်များမှနေ၍ ပြန်လည်တော်လှန်မောင်းထုတ်ခဲ့သည်။

ဂျပန်တော်လှန်ရေးကိစ္စ ပြီးဆုံးပြီးနောက် သက်ဆိုင်ရာမှ နာမည်ကောင်းလက်မှတ်နှင့် တကွ သေနတ် ၃ လက်ကို ဆုအဖြစ် ချီးမြှင့်ခြင်းခံခဲ့ရသည်။ ထိုမှ မိမိ၏နယ်တွင် ပြန်လည်ဝင်ရောက်၍ တာဝန်များထမ်းရွက်နေခိုက် ၁၉၄၉ ခုနှစ်တွင် ကေ၊အင်၊ဒီ၊အိုမျာ ပြည်ထောင်စုမြန်

E-book is created by *shanyoma*

မာနိုင်ငံတော်အတွင်းရှိ မြို့ရွာအများအပြားကို သိမ်းပိုက်ခဲ့ရာတွင် ရှမ်းပြည်နယ်တွင် မြို့ရွာအချို့ကိုပါ အသိမ်းခံခဲ့ရာမှ ယခုရှမ်းပြည်နယ်ဥက္ကဋ္ဌကြီး(သိန္နီစော်ဘွားကြီး)က မိုင်းနောင်နယ်၊ ကွန်ဟိန်းတံတားတွင် လူပေါင်း ၅၀ ခန့်နှင့်ထိုကေ၊အင်၊ဒီ၊အိုတို့ဘေးမှကာကွယ်ရန် သွားရောက်စောင့်ရှောက်စေခဲ့သည်။

၎င်းမှနေ၍ မိုးနဲနယ်သို့ ကေ၊အင်၊ဒီ၊အိုများကို ခုခံတိုက်ခိုက်ရန် မှာကြား၍ မိုးနဲ၊ လဲချားနယ်များမှ ရှိသမျှ အင်အားဖြင့်စု၍ လွယ်လင်မြို့ကို ထိုကေ၊အင်၊ဒီ၊အိုတို့လက်မှ ပြန်လည်တိုက်ခိုက်သိမ်းယူခဲ့သည်။

၎င်းသူပုန်ရန်ချေမ်းသည်အထိ လွယ်လင်မြို့မှာပင် အမှုထမ်းခဲ့ရပြီး၊ တိုင်းပြည်ငြိမ်သက်ချေမ်းသွားပြီးနောက် မိမိနယ်သို့ပြန်၍ နယ်၏ အလုပ်တာဝန်များကို ထမ်းရွက်ခဲ့ရာ ၁၉၄၄ ခုနှစ်တွင် နောင်တော်စော်ဘွားကြီး စဝ်ခွန်ဆာ နတ်ရွာစံကံတော်ကုန်သွားသဖြင့် နယ်ချုပ်ကြီးအဖြစ်ခန့်အပ်ခြင်းခံရ၍ အလုပ်တာဝန်များကို ဆက်လက်တာဝန်ယူ ထမ်းရွက်ခဲ့သည်။

၎င်းနယ်ချုပ်ကြီးအဖြစ်မှ တဖန် ယခုအချိန်အထိ မိုင်းနောင်နယ်ကို စော်ဘွားကြီးအဖြစ် ဆက်လက်အုပ်ချုပ်လျက်ရှိသည်။

E-book is created by *shanyoma*

စကွယ်စော်ဘွားကြီး စဝ်ခွန်ညွန့်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

စကွယ်စော်ဘွားကြီးစဝ်ခွန်ညွန့်သည် ၁၂၄၂ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့တွင် ဖွါးမြင်၍ ဘခမည်းတော် စဝ်ခွန်ထို၊ အမိမယ်တော် စဝ်နန်းခမ်း၏ သားတော် သမီးတော် ၃ ယောက်အနက် တဦးတည်းသော သားတော်ဖြစ်သည်။ အသက် ၁၂ နှစ်အရွယ်တွင် စကွယ်မြို့မှ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြား၍ အသက် ၂၅ နှစ်တွင်လွယ်ပေါတိုက်အုပ်ဟိန်အဖြစ် အမှုတော်ကို ထမ်းဆောင်ရလေသည်။

၁၂၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်နေ့တွင် ခမည်းတော် စဝ်ခွန်ထို နတ်ရွာစံရာ ခမည်းတော်၏ ရိပ်ရာကို ဆက်ခံရန် ခေတ္တအုပ်ချုပ်စီမံသည်။ ၁၂၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်နေ့တွင် ခေတ္တအုပ်ချုပ်ရာမှ မြန်မာနိုင်ငံတော် ဘုရင်ခံဆာဟာကုတ်ဘတ်တလာဘုရင်ခံက အမြဲတန်း အုပ်ချုပ်စေရန် စကွယ်မြို့စားရာထူးကို ချီးမြှင့်ခြင်းခံရလေသည်။

၁၃၀၃ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၄၂ ခုနှစ်၊ စက်တဘ်ာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံတော် စစ်သေနာပတိချုပ် ဂျင်နရယ် အီးဒါးက စကွယ်မြို့စားအဖြစ် အသိအမှတ်ပြုလျက် ခန့်စာနှင့်တကွ ခန့်အပ်ခြင်းခံရလေသည်။

၁၃၀၇ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၄၅ ခုနှစ်၊ အင်္ဂလိပ်စစ်အုပ်ချုပ်ရေး ပြန်လည်ရောက်ရှိလာသည့်အခါတွင် စကွယ်မြို့စားအဖြစ် အသိအမှတ်ပြုခံရသည်။ ၁၃၀၉ ခု၊ ခရစ်သက္ကရာဇ် ၁၉၄၇ ခု၊ လွတ်လပ်ရေးရသောအခါ စော်ဘွားများ အစဉ်အလိုက် စဝ်ဖလုံဟု အသိအမှတ်ပြုလေသည်။

E-book is created by shanyoma

ဘန်းယဉ်စော်ဘွားကြီး စဝ်စိန်ညွန့်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ဘန်းယဉ်စော်ဘွားကြီး စဝ်စိန်ညွန့်မှာ ခမည်းတော် စဝ်ခွန်ယိုနှင့်မယ်တော် စဝ်နန်းထွန်းတို့မှ မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်၊ ကဆုန်လတွင် ဘန်းယဉ်မြို့၌ ဖွါးမြင်သည်။ ဖွါးမြင်ပြီးနောက် ဘန်းယဉ်စော်ဘွားကြီးစဝ်ခွန်ဝိုက်နှင့် စဝ်နန်းဟော်တို့က ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ မွေးစားခဲ့သည်။

၅ နှစ်သားအရွယ်သို့ ရောက်သော် ဘန်းယဉ်မြို့ မူလတန်းကျောင်း၌ ပညာ သင်ကြားပြီးနောက် ၁၉၃၄ ခုနှစ်တွင် တောင်ကြီးမြို့ ရှမ်းစော်ဘွားသားမြေးများကျောင်း၌ ဆက်လက်၍ ပညာများကို သင်ကြားခဲ့သည်။ ထိုကဲ့သို့ ပညာသင်ကြားနေစဉ်ပင် ကျမိုင်းရာထူးကို ခန့်အပ်ခြင်း ခံရသည်။ ၁၉၄၂ ခုနှစ်တွင် ကျောင်းမှထွက်သည်။

၁၉၄၅ ခုနှစ်တွင် ခမည်းတော်နတ်ရွာစံ ကံတော်ကုန်ပြီးသည့်နောက်၊ ခမည်းတော်၏ ရိုက်ရာကို ဆက်လက်ခံယူပြီး နယ်ကို ဦးစီး အုပ်ချုပ်လျက်နေစဉ်၊ မဟာမိတ်များနှင့်အတူ ဖက်ဆစ်ဂျပန်များကို နောင်မွန်၊ နန်းခုတ်၊ ဟိုပုံးနယ် အစရှိသည့်နယ်များတဝိုက်တွင် တော်လှန်တိုက်ခိုက်ခဲ့သည်။

၁၉၄၈ ခုနှစ်တွင် တောင်ကြီးမြို့ အရေးပိုင်ရုံးတွင် နယ်အုပ်ချုပ်ရေးဘက်ဆိုင်ရာ ပညာရပ်များကို သင်ကြားဆည်းပူးခဲ့ပြီးလျှင် နယ်သို့ ပြန်လည်အုပ်ချုပ်သည်။

၁၉၅၀ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် နိုင်ငံတော်သမတ ဘန်းယဉ်စော်ဘွားရာထူး ခန့်အပ်ခြင်း ခံရသည်။

၁၉၅၂ ခုနှစ်၊ ပဋမရွေးကောက်ပွဲပြုလုပ်ပြီးနောက် လူမျိုးစုလွှတ်တော်တွင် အမတ်တဦး အဖြစ်ပါဝင်အရွေးခံရပြီး၊ ရှမ်းပြည်နယ်အစိုးရတွင် ပြည်သူ့ငွေစာရင်းကော်မတီ၌ ကော်မတီဝင် အဖြစ်ပါဝင်၍ တိုင်းပြည်အကျိုးကို ဆောင်ရွက်လျက် ရှိသည်။

E-book is created by *shanyoma*

ကျိုးစော်ဘွားကြီး စဝ်ခွန်ဆောင်း၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်



ကျိုးနယ်စော်ဘွားကြီး စဝ်ခွန်ဆောင်းသည် ကျိုးနယ်၏ ၂၆ ဆက်မြောက်သော နယ်ရှင်(ဦးဘိုးတင်)နှင့်ပင်မှီစော်ဘွားကြီး၏ သမီးတော် စောခင်နှင်းတို့မှ ဖွါးမြင်ပြီး ရှမ်းပြည်နယ်မြေလပ်ပိုင်းရှိ စော်ဘွားများနှင့်ဆွေမျိုးတော်စပ်မှုတွင် အဆက်အသွယ် အများဆုံးသော ဓနုအမျိုးသား စော်ဘွား ဖြစ်သည်။ စော်ဘွားကြီး၏ ညီတော် နှမတော်များမှာ (၁) ညီမတော် ဒေါ်ခင်ကြည်၊ (၂) ဒေါ်ခင်ရီ၊ (၃) ညီတော်ခွန်သန်း(ခေါ်)ပွဲစားသန့်၊ (၄) စဝ်ခင်မောင် ခေါ် မောင်ခင်မောင်တို့ဖြစ်ပြီး မဟာဒေဝီမှာ ဒေါ်ဖြေစ်၍ သားတော်များမှာ (၁) စဝ်ခွန်သန်း၊(ကျမိုင်းနှင့်နယ်ချုပ်အဖြစ် ဆောင်ရွက်နေသည်)၊ (၂) စဝ်ခွန်စိန်၊ (၃) စဝ်ခွန်သိန်းနှင့် (၄) စဝ်နေဝင်းတို့ ဖြစ်ကြသည်။

စော်ဘွားကြီး စဝ်ခွန်ဆောင်းသည် ယခင်အင်္ဂလိပ်ခေတ်နှင့်ဂျပန်ခေတ် ခမည်းတော်လက်ထက်တွင် အမတ်ချုပ်ကြီးအဖြစ် ဆောင်ရွက်၍ နယ်လူထုများအား လက်ပွန်းတတီးနေထိုင်ပြီး အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ဆောင်ရွက်ခဲ့ရာ နယ်လူထု၏ ချစ်ကြည်မှုကို အထူးပင်ရရှိခဲ့သည်။ ၁၉၄၆ ခုနှစ်၊ ခမည်းတော် နတ်ရွာစံလွန်သောအခါ ခမည်းတော်၏ ရိပ်ရာ ကျိုးနယ်တော်ကို ဆက်ခံသိမ်းပိုက်ပြီး နယ်လူထု၏ ထောက်ခံမှုဖြင့် နယ်ရှင်စော်ဘွားအဖြစ် ဆက်ခံခဲ့သည်။

စော်ဘွားကြီး စဝ်ခွန်ဆောင်းသည် ၁၉၅၂ ခုနှစ်မှစ၍ ယခုအချိန်အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော်ပါလီမန်အမတ်အဖြစ် ပြည်ထောင်စုနှင့်ပြည်နယ်၏ အကျိုးကို သည်ပိုးထမ်းဆောင်လျက် ရှိသည်။ စော်ဘွားကြီးသည် ၁၉၅၃ ခုနှစ်မှစ၍ နယ်အုပ်ချုပ်မှုကိစ္စအဝဝတို့ကို ကိုယ်တိုင်ကိုယ်ကျ မအုပ်ချုပ်တော့ဘဲ သားတော်ကြီးဖြစ်သည့် စဝ်ခွန်သန်းအား နယ်ချုပ်ကြီးအဖြစ် ခန့်အပ်ပြီး အုပ်ချုပ်မှုကိစ္စရပ်များကို လွှဲအပ်ခါ ထားရှိလေသည်။

ကျိုးနယ်သည် ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်များတွင် အငယ်ဆုံးသော နယ်ဖြစ်သည်။ အကျယ်အဝန်းမှာ စတုရန်း ၂၄ မိုင်မျှသာရှိပြီး လူဦးရေမှာ ၃,၀၀၀ ကျော်မျှရှိသည်။ နယ်အတွင်းနေထိုင်ကြသော လူမျိုးမှာ (၁) သူရဲလူမျိုး(ခေါ်)ရှမ်းလူမျိုး၊ (၂) ပအိုဝ်း၊ (၃) ဓနု၊ (၄) တောင်ရိုး စသော လူမျိုးများ နေထိုင်ကြသည်။ စော်ဘွားကြီးစဝ်ခွန်ဆောင်းမှာ ဓနုလူမျိုးဖြစ်ပြီး အသက် ၅၅ နှစ်ရှိ၍ ကျန်းမာသန်စွမ်းလျက် ရှိသည်။

E-book is created by *shanyoma*

ရှင်စော်ဘွားကြီး စဝ်ခွန်ရီ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ရှင်စော်ဘွားကြီး စဝ်ခွန်ရီသည် ရှင်စော်ဘွားကြီး စဝ်လဖေါ်၏ သားတော်ဖြစ်ပြီး ၁၉၁၂ ခုနှစ်၊ စက်တဘ်ာလတွင် ဖွါးမြင်သည်။ စဝ်ခွန်ရီသည် ၁၉၂၀ ခုနှစ်တွင် တောင်ကြီးမြို့ စော်ဘွားသားမြေးများကျောင်း၌ ၁၀ တန်း အထိ ပညာများ ဆည်းပူးပြီး၊ ၁၉၃၂ ခုနှစ်တွင် ကျောင်းမှထွက်၍ ခမည်းတော်စော်ဘွားကြီး၏ ရုံးတွင်ပင် ဝင်ရောက်၍ လုပ်ငန်း ကိစ္စ အဝဝများကို ကူညီ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းနောက် ရှင်မြို့၊ ကုန်သည်ဦးပေါ်အောင် – ဒေါ်ခင်သာတို့၏ သမီး မညိန်းမြနှင့်လက်ထပ်ပြီး ယခုအခါ သားတော်နှင့်သမီးတော် ၆ ယောက်မျှ ထွန်းကားခဲ့ပါသည်။

စဝ်ခွန်ရီသည် ၁၉၃၄ ခုနှစ် ၌ ရှင်နယ်စော်ဘွားကြီးရုံး၌ တရားသူကြီးအဖြစ် ခန့်အပ်ခြင်းခံရပြီး ဆက်လက်၍ အမှုတော်ကို ထမ်းရွက်လာရာ လွတ်လပ်ရေးရပြီးသည်အထိ ဖြစ်သည်။ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလတွင် တဖန်ရှမ်းပြည်နယ်အစိုးရ၏ ပြည်သူ့ဝန်ထမ်းအဖွဲ့သို့ပြောင်း၍ ဝင်ရောက်အမှုထမ်းပြန်ရာ ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာလတွင် မြို့ပိုင်အဖြစ် ခန့်အပ်ခြင်းခံရပြီး ကျိုင်းတုံမြို့သို့ ပြောင်းရွှေ့၍ နိုင်ငံတော်အစိုးရ၏ အမှုတော်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၅၆ ခုနှစ်၊ မတ်လတွင် ခမည်းတော်စော်ဘွားကြီးစဝ်လဖေါ် နတ်ရွာစံသောအခါ ရှင်နယ်သို့ပြန်လာပြီး ခမည်းတော်၏ ရိုပ်ရာတွင် ရှင်နယ် စော်ဘွားအဖြစ် ခန့်အပ်ခြင်းကိုခံရသည်။ ၁၉၅၆ ခုနှစ်၊ ဇွန်လမှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော်တွင် ပါလီမန်အမတ်အဖြစ် ဝင်ရောက်ဆောင်ရွက်ရန် ရှမ်းပြည်နယ်စော်ဘွားများအဖွဲ့မှ ရွေးချယ်ခြင်းကို ခံရသည်။ ၎င်း၏ ရိုးသားဖြောင့်မတ်တည်ကြည်မှု၏ ဂုဏ်သိက္ခာကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ ပြည်ထောင်စုပါလီမန်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ဖြင့် တရုပ်ပြည်သူ့သမတနိုင်ငံတော်နှင့်ဆိုဗီယက်ပြည်ထောင်စုနိုင်ငံတော်၊ ချက်ကိုစလိုဗေးကီးယား၊ ရူးမေးနီးယား၊ မြောက်ဗီယက်နမ်စသော နိုင်ငံများသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အဓွန့်ရှည်စွာ ချစ်ကြည်မှုရရှိနိုင်ရန် ချစ်ကြည်ရေးကိစ္စရပ်များကို ဆောင်ရွက်ရန် သွားရောက်ခဲ့သည်။

ရှင်စော်ဘွားကြီး စဝ်ခွန်ရီသည် လူမျိုးစုလွှတ်တော်ပါလီမန်တွင် ပါလီမန်အမတ်အဖြစ် ပြည်ထောင်စုကြီးနှင့် ပြည်နယ်၏ အကျိုးကို သည်ပိုးဆောင်ရွက်လျက်ရှိသည်။

E-book is created by *shanyoma*

ပင်းတယစော်ဘွားကြီး စဝ်ဝင်းကြည်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ပင်းတယစော်ဘွားကြီး စဝ်ဝင်းကြည်သည် စော်ဘွားကြီး စဝ်ခွန်ညိုနှင့်စဝ်ခင်နုတို့၏ သားတော်ကြီးဖြစ်ပြီး ၁၉၂၄ ခုနှစ်တွင် ဖွါးမြင်လေသည်။ ၁၉၃၈ ခုနှစ်တွင် တောင်ကြီးမြို့ ရှမ်းစော်ဘွားသားမြေးများကျောင်း၌ ပညာဆည်းပူးနေစဉ် ခမည်းတော် နတ်ရွာစံသဖြင့် ၁၉၄၁ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသောအခါ ကျောင်းမှ နုတ်ထွက်ခဲ့ရလေသည်။ ၁၉၄၅ ခုနှစ်တွင် စစ်ကြီးပြီးသည့်အချိန်မှစ၍ ကလောမြို့ဝန်ထောက်ရုံးတွင် အုပ်ချုပ်ရေးပညာရပ်များကို လေ့လာ ဆည်းပူးလျက် ရှိနေရာ ၁၉၄၇ ခု၊ ပင်လုံမြို့တွင် ကျင်းပသော ရှမ်းပြည်နယ်ခေါင်းဆောင်ကြီးများနှင့် ပြည်မမှ ခေါင်းဆောင်ကြီးဗိုလ်ချုပ်ကြီးဦးအောင်ဆန်း ဦးဆောင်သော ခေါင်းဆောင်ကြီးများတို့၏ လွတ်လပ်ရေးရရှိမှုအတွက် ပူးပေါင်းဆောင်ရွက်သော ပင်လုံအစည်းအဝေးကြီးသို့ ပင်းတယနယ်၏ နယ်ရှင်အဖြစ် အားကြိုးမာန်တက် တက်ရောက်ဆောင်ရွက်ခဲ့လေသည်။

စော်ဘွားကြီးသည် ၁၉၄၈ ခုနှစ်တွင် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သော တောင်ကြီးမြို့အား ကေ၊အင်၊ဒီ၊အိုနှင့်သောင်းကျန်းသူများ ဝင်ရောက်သိမ်းပိုက်ထားစဉ် နိုင်ငံတော်အစိုးရ၏ သောင်းကျန်းမှုနှိမ်နင်းရေးအဖွဲ့၏ အရာရှိအဖြစ် ဆောင်ရွက်ပြီး ဗမာ့တပ်မတော်နှင့်ပူးပေါင်းခါ ရှမ်းပြည်၏ မြို့တော်ဖြစ်သော တောင်ကြီးမြို့အား ပြန်လည်သိမ်းပိုက်နိုင်သည်အထိ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့လေသည်။

၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် လူမျိုးစုပါလီမန်လွှတ်တော်သို့ လူမျိုးစုအမတ်အဖြစ် စော်ဘွားကြီးများအဖွဲ့မှ ရွေးချယ်တင်မြှောက်ခြင်းကို ခံရလေသည်။ စော်ဘွားကြီးသည် ၁၉၅၂ ခုနှစ်တွင် လူမျိုးစုပါလီမန်သို့ ပါလီမန်အမတ်အဖြစ် ခန့်အပ်ခြင်းခံရလင့်ကစား ၁၉၅၆ ခုနှစ်တွင်မှ ခမည်းတော်၏ ရိပ်ရာဖြစ်သော ပင်းတယနယ်တော်ကြီးကို အုပ်ချုပ်ရန် စော်ဘွားအဖြစ် တင်မြှောက်ခြင်းကို ခံခဲ့ရလေသည်။ ၁၉၅၆ ခုနှစ်မှစ၍ စော်ဘွားကြီးများအစည်းအရုံးတွင် အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်းခံရပြန်လေသည်။

စော်ဘွားကြီးသည် ငယ်ရွယ်သူဖြစ်သည့်အလျောက် တိုင်းပြည်၏ လုပ်ငန်းကိစ္စရပ်များ

E-book is created by *shanyoma*

ကို စိတ်အားထက်သန်လျက် ရှိသည်နှင့်အမျှ လက်ရှိဆောင်ရွက်လျက်ရှိသော ဌာနများမှာ (၁) ပြည်သူ့ငွေစာရင်းကော်မတီ၊ (၂) ပြည်သူ့ပညာတော်သင်ထောက်ပံ့ရေးဘုတ်အဖွဲ့၊ (၃) ယာမြေပြု စုရေးကော်မတီ၊ (၄) စော်ဘွားကြီးများအစည်းအရုံး အမှုဆောင်အဖွဲ့ဝင်စသော တိုင်းပြည်ကိစ္စ ရပ်များကို ဆောင်ရွက်လျက် ရှိသည့်ပြင် အထက်လူမျိုးစုလွှတ်တော်၏ ပါလီမန်အမတ်အဖြစ်လည်း ယခုထက်တိုင်အောင် ဆောင်ရွက်လျက် ရှိလေသည်။

စော်ဘွားကြီးသည် အသက်အားဖြင့် ၃၅ နှစ်ခန့်ရှိပြီး မဟာဒေဝီနန်းမြသီနှင့်အတူ ကျန်းမာပျော်ရွှင်လျက် ရှိလေသည်။

E-book is created by ***shanyoma***

ပွေးလှစော်ဘွားကြီး စဝ်ထွန်းစိန်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ပွေးလှစော်ဘွားကြီးစဝ်ထွန်းစိန်သည် ခမည်းတော်ပွေးလှမြို့စားကြီးစဝ်စံမြ [ကေ၊အက်(စ်)၊အမ်၊] နှင့် မယ်တော်ဒေါ် နန်းတင်တို့၏ သားတော် သမီးတော် ၇ ယောက် အနက် သားတော်ကြီးဖြစ်ပြီး၊ ၁၉၂၁ ခုနှစ် ဒီဇင်ဘာလ ၂ရက်နေ့တွင် ဖွါးမြင်သည်။ ၁၉၃၃ ခုနှစ်တွင် တောင်ကြီးမြို့ရှိ စော်ဘွားများ၏ သားမြေးများ ကျောင်းတွင် ပညာသင်ကြားပြီး ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသောအခါ ရှမ်းတပ်ရင်း(၁)တွင် စစ်ထဲသို့ စစ်မှုထမ်းအဖြစ် ဝင်ရောက် အမှုထမ်းရာ ဂျမဒါရာထူးထိ ရာထူးတိုးမြှင့်ခြင်းခံရပါသည်။ စစ်ထဲမှထွက်လာပြီးနောက် ကလောမြို့ဝန်ထောက်ရုံးတွင် အုပ်ချုပ်ရေးပညာများ သင်ကြားခဲ့လေသည်။ ၎င်းနောက် ၁၉၄၆ ခုနှစ်တွင် ခမည်းတော်၏ ရိပ်ရာကို ဆက်ခံပြီးနောက် ရန်ကုန်မြို့နေ ကုန်သည်ဦးဘလှိုင်–ဒေါ် မမလေး၏ သမီး ဒေါ် မိမိလေးနှင့်လက်ထပ်ပြီး မဟာဒေဝီအဖြစ်တင်မြှောက်ခဲ့လေသည်။ ဒေါ် မိမိလေးနှင့် သမီးတော်တယောက် ထွန်းကားလေသည်။

၁၉၄၉ ခုနှစ်တွင် ရှမ်းပြည်နယ်အုပ်ချုပ်ရေးနှင့်ပတ်သက်သည့် တောင်ကြီးမြို့တွင် ကျင်းပသည့် ပြည်နယ်စော်ဘွားများအစည်းအဝေးသို့ တက်ရောက်ရာ အပြန်တွင် ဟဲဟိုးဘက်မှ လမ်းများ ပိတ်ဆို့နေသဖြင့် နောင်မွန်မှတဆင့် ညောင်ရွှေသို့ ပြန်ရာလမ်း နောင်ပါလန်မြို့သို့ရောက်သောအခါ သောင်းကျန်းသူ ကေ၊အင်၊ဒီ၊အိုများနှင့်တွေ့ဆုံပြီး နောင်ပါလန်မြို့စားနှင့်အတူ ကေ၊အင်၊ဒီ၊အိုများ၏ ပစ်ခတ်ခြင်းကို ခံရရာ နောင်ပါလန်မြို့စားမှာ ကျဆုံးသွားပြီး ပွေးလှစော်ဘွားကြီးစဝ်ထွန်းစိန်မှာ ပေါင်သို့ကျည်ဆံထိမှန်ပြီး ဆရာဝန်များနှင့်ကုသရာ သက်မှုမရရှိဘဲ ပေါင်ဖြတ်ပစ်ရသည်အထိ ခံရပါသည်။

ပွေးလှစော်ဘွားကြီး စဝ်ထွန်းစိန်သည် ရိုးသားတည်ကြည်ဖြောင့်မတ်သည့်ပုဂ္ဂိုလ်ကြီးဖြစ်သည့်အလျောက် အများ၏ချစ်ကြည်လေးစားခြင်းကို ခံရသဖြင့် ၁၉၅၂ ခုနှစ်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် လူမျိုးစုလွှတ်တော် ပါလီမန်အမတ်အဖြစ် စော်ဘွားများအစည်းအရုံးမှ ရွေးကောက်တင်မြှောက်ခြင်းခံရပြီး တိုင်းပြည်အကျိုးအတွက် ပါလီမန်အမတ်အဖြစ် ဆောင်ရွက်လာရာမှ ၁၉၅၈ ခု၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှစ၍ ရှမ်းပြည်နယ်ကောင်စီ၏ ဒုတိယသဘာပတိအဖြစ် ရှမ်းပြည်နယ်ကောင်စီ လွှတ်တော်မှ ရွေးချယ်ခန့်အပ်ခြင်းခံရသည်။ စော်ဘွားကြီးသည် ယခုအခါ အသက် ၃၈ နှစ်ရှိပြီး ကောင်းမွန်စွာ ကျန်းမာလျက်ရှိသည်။

E-book is created by *shanyoma*

ပင်မှိုကျမိုင်းဗိုလ်ကြီးစဝ်ခွန်ဦး၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

၁၉၁၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ပင်မှိုစော်ဘွားကြီးဦးခွန်မင်းနှင့်ဒေါ် အေးညိုတို့မှ မွေးဖွါးသောသားကြီးဖြစ်ပါသည်။ မွေးချင်းပေါက်ဖော် ညီအစ်ကို မောင်နှစ်မ ၁၁ ယောက်ရှိပါသည်။
အသက် ၁၀ နှစ်မပြည့်မှီ အောင်ဘန်းနှင့်တောင်ငူမြို့များတွင် မြန်မာစာကို သင်ကြားခဲ့ပြီး ၁၉၂၃ ခုနှစ်၊ ဇွန်လတွင် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့ရှိ ရှမ်းစော်ဘွားသားမြေးများ အထက်တန်းကျောင်း၌ အင်္ဂလိပ်–မြန်မာ ၁၀ တန်းအထိ သင်ကြားခဲ့ပါသည်။ Foot-ball, Hockey, Cricket, Boxing, Rugby, Tennis and Gymnastic နှင့်ပြေးခုန်ကစားပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ရာ Foot-ball, Hockey and Cricket ကစားရာ၌ ပဌမအသင်းတွင် ပါဝင်ပါသည်။ ကျောင်းတွင် အထက်တန်းများ၌ ပညာသင်ကြားစဉ်က အဆောင်မှူး (Perfect, Head Perfect) အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရပါသည်။

၁၉၃၄ ခုနှစ်တွင် ကျောင်းမှ ထွက်ပြီးနောက် တောင်ကြီးမြို့ ရှမ်းပြည်ဝန်ရှင်တော်မင်းကြီးနှင့်မြို့မဝန်ထောက်ရုံးများတွင် ၁၉၃၆ ခုနှစ်ကုန်အထိ အထွေထွေအစိုးရအလုပ်များကို သင်ကြားခဲ့ပါသည်။

၁၉၃၇ ခုနှစ်တွင် မန္တလေးမြို့ ဆပ်ကျောင်းသို့တက်ရောက် ပညာသင်ကြားပြီး ရဲဘက်၌ အမှုထမ်းခဲ့ပါသည်။ ထိုစဉ် ၁၉၃၈–၃၉ ခုနှစ်လောက်တွင် မိမိရိပ်ရာဆက်ခံနိုင်ရန် အစိုးရအသိအမှတ်ပြု ကျမိုင်းရာထူးခန့်အပ်ခြင်း ခံရပါသည်။

၁၉၄၀ ခုနှစ်မှစပြီး ၁၉၄၂ ခုနှစ်အထိ၊ အမှတ်(၁) ဗမာ့သေနတ်ကိုင်တပ်ရင်းနှင့်အမှတ်(၁၃)ဗမာ့သေနတ်ကိုင်တပ်ရင်း(ပြည်စောင့်)တို့တွင် သိန္နီ၊ ညောင်ရွှေ၊ မိုးမိတ်၊ မိုးနဲစော်ဘွားများနှင့်အတူ စစ်မှုထမ်းခဲ့ပါသည်။ စစ်အခြေခံပညာများကို မေမြို့၌ သင်ကြားခဲ့ပါသည်။ ထိုအချိန်တွင် ရှမ်းပြည်တောင်ပိုင်း၊ မြောက်ပိုင်းနယ်မြေများတွင် လှည့်လည်၍ စစ်တာဝန်ဖြင့် ကာကွယ်ရေးအတွက် ထမ်းဆောင်ခဲ့ပါသည်။ ၎င်းစစ်မှုထမ်းစဉ် ဂျာမဒါ၊ ဆူဗေဒါ၊ ဆူဗေဒါဂျာမဒါနှင့်ဘုရင့်ပြန်တမ်းဝင်အရာရှိအထိ တိုးတက်ခန့်ထားခြင်းခံရပါသည်။ ထိုစဉ် လက်နက်ငယ် စိန်ပြောင်းနှင့် စစ်မြေပြင်ပညာ (Field Works Course) သင်တန်းတိုမျာကို သင်ကြားခဲ့ဘူးပါသည်။

E-book is created by ***shanyoma***

တိုင်းပြည်ပျက်ပြီး ဂျပန်ခေတ်တွင် သခင်စော်ဘွား၏ ကိုယ်စား နယ်ချုပ်မှုတာဝန်များကို လုပ်ကိုင်ထမ်းဆောင်ခဲ့ပါသည်။

၁၉၄၆–၄၇ ခုနှစ်များတွင် တောင်တန်းဒေသနှင့်ပြည်မတို့ ညီညွတ်မှုရယူကြသည့်အခါက မိမိတတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီခဲ့သည့်အပြင် ပင်လုံညီလာခံကြီးတွင် ငြိမ်ဝပ်ပိပြားမှုနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပြည်မခေါင်းဆောင်ကြီးများတို့၏ လုံခြုံမှုကို တာဝန်ယူခဲ့ပါသည်။ ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်း ရှမ်းပြည်ညီညွတ်သွေးစည်းရေးအတွက် စည်းဝေးပွဲလုပ်တိုင်းလိုလိုပင် ထိုအချိန်က သခင်စော်ဘွားကြီးနှင့်အတူ တက်ရောက်ပါဝင်ခဲ့ပါသည်။

၁၉၄၇ ခုနှစ်၊ မေလတွင် ပင်းတယစော်ဘွား၏ အစ်မ စောမြခင်နှင့်အိမ်ထောင်ပြုလက်ထပ်ခဲ့ရာ ၁၉၄၈ ခုတွင် သား(စဝ်ကြည်သန်း)နှင့်၁၉၄၉ ခုတွင် သမီး (စဝ်ဝင်းမြင့်)မွေးဖွါးပါသည်။ သားမှာ ကလောမြို့ ဘရင်ဂျီသီလရင်ကျောင်း၌ ကျောင်းအိပ်ကျောင်းစားအဖြစ်နှင့်ပညာသင်ကြားလျက်ရှိပါသည်။ သမီးမှာလည်း ၎င်းကျောင်း၌ ပညာသင်ဆဲ ၁၉၅၇ ခု၊ အောက်တိုဘာလတွင် သေဆုံးသွားပါသည်။

၁၉၄၇ ခုနှစ်၊ အောက်တိုဘာလတွင် ဗမာ့တပ်မတော်ထဲသို့ပြန်လည်ဝင်ရောက်အမှုထမ်းရာ ဗိုလ်ရာထူးရရှိ၍ ၁၉၄၉ ခုနှစ်တွင် ဗိုလ်ကြီးရာထူးသို့ တိုးတက်ခန့်ထားခြင်းခံရပါသည်။ ၁၉၄၈ ခု၊ မေမြို့ဗိုလ်သင်တန်းကျောင်းမှဆင်းပြီး ပျဉ်းမနားအမှတ်(၄) ဗမာ့သေနတ်ကိုင်တပ်ရင်း၊ စစ်သားစုဆောင်းရေးတပ်သို့ ရောက်ရှိအမှုထမ်းခဲ့ပါသည်။ ၁၉၄၉ ခု၊ မန္တလေးမြို့နှင့်မေမြို့တို့တွင် ဗိုလ်မှူးကျော်(ကွယ်လွန်သူ)၏ လက်အောက်တွင် အမှုထမ်းခဲ့ပါသည်။ ၎င်း ၁၉၄၉ ခုနှစ်ကုန်လောက်မှာ ရှမ်းသေနတ်ကိုင်တပ်ရင်းသို့ ရောက်ရှိလာပြီး စစ်စည်းကမ်းဥပဒေများကို ရိုသေစွာ လိုက်နာ၍ စစ်မှုထမ်းဆောင်လျက်ရှိပါသည်။

စဝ်ခွန်ဦးသည် ယခုအခါ ဗမာ့တပ်မတော်ရှမ်းတပ်ရင်း၌ ဦးစီးတပ်ခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

E-book is created by shanyoma

နောင်မွန်စော်ဘွားကြီး၏ သားတော် ကျမိုင်းစဝ်သောင်းရွှေ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ခရစ်သက္ကရာဇ် ၁၉၄၂ ခု၊ မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ်တွင် ခမည်းတော်နော်မွန်စော်ဘွားကြီးစဝ်ဖနှင့်မယ်တော်မဟာဒေဝီစဝ်နန်းနွံတို့မှ သားတော်စဝ်သောင်းရွှေအား နောင်မွန်မြို့၌ ဖွါးမြင်သည်။
ဖွါးမြင်ပြီးနောက်၊ ၄ နှစ်သားအရွယ်သို့ရောက်လတ်သော် တောင်ကြီးမြို့၊ စိန်အင်းကျောင်း၌ပညာများကိုသင်ကြားသည်။

၁၉၅၉ ခုနှစ်တွင် တောင်ကြီးမြို့ ကမ္ဘောဇ ကောလိပ်ကျောင်းသို့ပြောင်းရွှေ့၍ ပညာများ ဆက်လက်လေ့လာ ဆည်းပူးလျက်ရှိရာ ၁၉၅၉ ခုနှစ်တွင် ၆ တန်းပညာရပ်များကို သင်ကြားလျက်ရှိသည်။

စဝ်သောင်းရွှေ၏ ခမည်းတော်နောင်မွန်စော်ဘွားကြီးမှာ ဂုင်းငယ်ရွယ်စဉ်အခါကပင် နတ်ရွာစံသွားပါသည်။

E-book is created by shanyoma

သထုံစော်ဘွားကြီး စဝ်အောင်မြင့်၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

သထုံနယ်စော်ဘွားကြီး စဝ်အောင်မြင့်သည် နတ်ရွာစံ ခမည်းတော်သထုံစော်ဘွားကြီးစဝ်ခွန်ကြည်နှင့်မယ်တော် မဟာဒေဝီဒေါ် အေးသန့်တို့ သားတော်သမီးတော်များ ၅ ယောက်အနက် ဒုတိယမြောက်သားတော်ဖြစ်ပြီး ၁၉၃၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် တောင်ကြီးမြို့၌ ဖွားမြင်လေသည်။

စဝ်အောင်မြင့်သည် အသက် ၄ နှစ်အရွယ်မှစ၍ တောင်ကြီးမြို့ရှိ စိန်အင်းအင်္ဂလိပ်ကျောင်း၌ စတင်၍ ပညာများသင်ကြားပြီး၊ ၁၉၃၉ ခုနှစ်တွင် ရန်ကုန်မြို့စိန်ပေါ်ကျောင်းသို့ပြောင်းရွှေ့၍ ပညာဆက်လက် သင်ကြားလျက်ရှိစဉ် မြန်မာဘုရင်ခံက ၁၉၄၀ ခုနှစ်တွင် သထုံနယ်စော်ဘွားကြီး၏ အရိပ်အရာခံနိုင်ရန်အတွက် (အိမ်ရှေ့စံ)ကျမိုင်းအဖြစ် ခန့်အပ်ခြင်းခံရလေသည်။

၁၉၅၄ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ချောမောစွာ အောင်မြင်သည့်ပြင်၊ ဘာသာရပ် ၂ ကိုပင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့လေသည်။ ၎င်းနောက် တက္ကသိုလ်သို့ဆက်လက်တက်ရောက်၍ စက်မှုလက်မှုအင်ဂျင်နီယာပညာရပ်ကို ရှမ်းပြည်နယ်အစိုးရ၏ အထောက်အပံ့ဖြင့် သင်ကြားရာ တတိယနှစ်စာမေးပွဲကြီးအောင်မြင်ခဲ့ပြီး၊ ၁၉၅၇ ခုနှစ်တွင် အမေရိကန်ပြည်၊ အိုဟိုင်ယိုတက္ကသိုလ် မြို့ပြအဆောက်အအုံ အင်ဂျင်နီယာပညာရပ်များကို ကယားပြည်နယ်အစိုးရ၏ ထောက်ပံ့ကြေးဖြင့် သွားရောက်သင်ကြားလျက်ရှိနေစဉ် ခမည်းတော်၏ ရိပ်ရာတော်ကို ဆက်ခံရန်အတွက် ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ သထုံနယ်စော်ဘွားကြီးအဖြစ် နိုင်ငံတော်သမတကြီးက ခန့်အပ်ခြင်းခံရလေသည်။

သထုံစော်ဘွားကြီး စဝ်အောင်မြင့်သည် ယခုအခါ အမေရိကန်ပြည်၊ အိုဟိုင်ယိုတက္ကသိုလ်တွင် မြို့ပြအင်ဂျင်နီယာအတတ်ပညာရပ်များကို ကိုယ်စိတ်ချမ်းသာစွာဖြင့် ဆည်းပူးလျက်ရှိနေရာမှ ၁၉၆၁ ခုနှစ်ခန့်တွင် မိမိနေရင်း ရှမ်းပြည်နယ်သို့ ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်လေသည်။

E-book is created by *shanyoma*

မောက်မယ်ကျမိုင်းစဝ်ထွန်းဖ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

မောက်မယ်နယ် ကျမိုင်းစဝ်ထွန်းဖသည် နတ်ရွာစံမောက်မယ်စော်ဘွားကြီး စဝ်စံထွန်းနှင့်မယ်တော်မဟာဒေဝီစဝ်ပိုခမ်းတို့၏ သားတော်ဖြစ်ပြီး၊ ၁၉၅၁ ခုနှစ်၊အောက်တိုဘာလ ၂၇ ရက်နေ့တွင် တောင်ကြီးမြို့၌ ဖွါးမြင်လေသည်။ ကျမိုင်းစဝ်ထွန်းဖသည် အသက် ၄ နှစ်အရွယ်တွင် တောင်ကြီးမြို့၊ စိန်အင်း အင်္ဂလိပ်ကျောင်း၌ မောက်မယ် နယ်တော်၏ ထောက်ပံ့ကြေးဖြင့် ယခုအခါ ပညာရင်နို့သောက်စို့လျက်ရှိလေသည်။ ကျမိုင်းစဝ်ထွန်းဖအား နယ်ပယ်တွင်ခမည်းတော်၏ ရိပ်ရာခံရန်အတွက် သင့်တော်သောအကြီးအကဲ နောင်တော်များ မရှိသောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သမတကြီးက ၁၉၅၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှစ၍ မောက်မယ်နယ်တော်၏ ကျမိုင်းအဖြစ် ခမည်းတော်စော်ဘွားကြီး၏ ရိပ်ရာတော် ခံနိုင်ရန် ခန့်အပ်ခြင်းကို ခံရလေသည်။

ကျမိုင်း စဝ်ထွန်းဖကလေးသည် ယခုအခါ တောင်ကြီးမြို့ စိန်အင်းအင်္ဂလိပ်ကျောင်း၌ ကိုယ်စိတ် ကျန်းမာ ချမ်းသာ ပျော်ရွှင်စွာဖြင့် ပညာများ ဆည်းပူးလေ့လာသင်ကြားလျက် ရှိနေလေသည်။

E-book is created by *shanyoma*

ဟိုပုံး ကျမိုင်းစဝ်ခွန် အို့၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

ဟိုပုံးနယ်တော် ကျမိုင်းစဝ်ခွန် အို့သည် ခမည်းတော်ဟိုပုံး ကျမိုင်းစဝ်ကွေနှင့်ဇနီးနန်းရွှေဥတို့၏ သားတော်ဖြစ်ပြီး ၁၉၅၁ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် တောင်ကြီးမြို့တွင် ဖွါးမြင်လေသည်။ အသက် ၅ နှစ်အရွယ်တွင် ကျမိုင်းစဝ်ခွန်အို့သည် တောင်ကြီးမြို့ရှိ စိန့်အင်းအဂ်လိပ်ကကျောင်းတွင် ပညာသင်ကြားရန် စတင်အပ်နှံထားရှိလေသည်။ ဟိုပုံးကျမိုင်းစဝ်ခွန် အို့သည် နတ်ရွာစံဘိုးတော်ဟိုပုံးစော်ဘွားကြီး စဝ်ခွန်လော၏ သားတော် ကျမိုင်းစဝ်ကွေ၏ သားတော်ဖြစ်သည့်အတွက် နိုင်ငံတော်သမတကြီးက ဟိုပုံးနယ်တော်၏ အရိပ်အရာစော်ဘွားအဖြစ် ဆက်ခံနိုင်ရန် အတွက် ၁၉၅၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ အိမ်ရှေ့စံကျမိုင်းအဖြစ် ဘိုးတော်စော်ဘွားကြီး၏ ရိပ်ရာတော်ကို ခံနိုင်ရန် ခန့်အပ်ခြင်းကို ခံရလေသည်။

ကျမိုင်းကလေးစဝ်ခွန် အို့သည် ယခုအခါ တောင်ကြီးမြို့ရှိ စိန့်အင်းအဂ်လိပ်ကျောင်း၌ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပညာဆည်းပူး လေ့လာသင်ကြားလျက် ရှိနေလေသည်။

E-book is created by *shanyoma*

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပုံနှိပ်ရေးနှင့်စာရေးကိရိယာဌာန

ပ၊မ၊ဗ၊စ–အမှတ် ၆၉၊ ပြန်၊ ညွှန်၊ ရုံး၊ ဂ–၆–၅၉–၁၀,၀၀၀+၂–မိုနို။